# The Legion Of Mary

# မယ်တော့် တမန်တော် လက်စွဲ စာအုပ်

စစ်တပ်ခင်းကျင်းထားဘိသကဲ့သို့ ကြောက်မက်ဖွယ်ကောင်းလျှက် နေကဲ့သို့ တောက်ပပြီးလျှင် လကဲ့သို့ ကြည်လင်လှပ၍ မိုးသောက်ချိန်ကဲ့သို့ပေါ်ထွန်းလာသူကားအဘယ်သူနည်း။ (Song 6:10)

"ကညာစင်၏အမည်ကား မာရီးယားတည်း။" (LK-1:27)

"မာရီးယားတမန်တော်အဖွဲ့" တဲ့လား အင်မတန်မှ အဓိပ္ပါယ်ပြည့်ဝတဲ့ အမည်လေးတစ်ခုကို ရွေးချယ်ထားတာကိုး။"( Pope Pius XI )

## အခန်းကြီး ( ၁ )

### အမည်နာမနှင့် စတင်ဖွဲ့စည်းပုံ

"မယ်တော့်တမန်တော်အသင်း" ဆိုသည်မှာ အမိကက်သလစ်အသင်းတော်က အသိအမှတ်ပြုထားသည့် ကက်သလစ်ဘာသာဝင်များ၏ အဖွဲ့အစည်းတစ်ရပ်ဖြစ်သည်။ စစ်မြေပြင်၌ ရန်သူကို တိုက်ခိုက်ရန် စစ်အခင်းအကျင်းများဖြင့် အဆင်သင့်ဖြစ်နေသော တပ်စိတ်တစ်ခုပမာ ကျေးဇူးအပေါင်းစီးဆင်းရာ အမိမယ်တော်၏ နေမင်းကဲ့သို့ အလင်းရောင်အစွမ်း၊ လမင်းကဲ့သို့ ကြည်လင်းအေးမြမှု၊ တရား တို့၏ဦးဆောင်လမ်းညွှန်မှုဖြင့် နတ်ဆိုးနှင့် သူ၏အပေါင်းအပါများကို တိုက်ခိုက်ချေမှုန်းမည့် အဖွဲ့ပင်ဖြစ်သည်။ ယင်းအပြင် လောက၏ မကောင်းမှု အကုသိုလ်စရိုက်ဆိုးများကို တိုက်ခိုက်တွန်းလှန်ရာ၌ အမိအသင်းတော်ကြီးနှင့်အတူ လက်တွဲကာ တိုက်ပွဲဝင်ရန်အတွက် မိမိတို့၏ဆန္ဒအလျှောက် ဘဝကို ဆက်ကပ်ထားကြသော သူများ၏ အဖွဲ့အစည်းတစ်ခု လည်းဖြစ်သည်။

လူ့ဘဝဟူမှုကား တစ်ကိုယ်တည်းပဲဖြစ်စေ၊ အဖွဲ့အစည်းအလိုက်ပဲဖြစ်စေ လောက၏ဓါတ်ခုံပေါ်ဝယ် အင်္ဂါနှင့် အပြုး၊ အလင်းနှင့် အမှောင် တို့အကြား ရုန်းကန်လှုပ်ရှားနေကြရသည်။(GS 13)

မယ်တော်တမန်တော် အဖွဲ့ဝင်များသည် မိမိတို့၏သစ္စာ၊ မိမိတို့၏ပါရမီ၊ မိမိတို့၏ရဲစွမ်းသတ္တိတို့ဖြင့် ကောင်းကင်ဘုံဘုရင်မကို ထိုက်ထိုက်တန်တန် အစေခံနိုင်ကြလိမ့်မည်ဟု မျှော်လင့်ကြသည်။ ထို့ကြောင့် မယ်တော့် တမန်တော်အဖွဲ့သည် ရှေးရောမတို့၏ စစ်တပ်နှင့် ပုံသဏ္ဌာန်တူဖွဲ့စည်းထားသည့်အပြင် ယင်း၏အမည်နာမ အခေါ်အဝေါ်များကိုလည်း ငှားယူအသုံးပြု ထားပါသည်။ သို့သော် မယ်တော်တမန်တော် အသင်းဝင်များ၏ အဖွဲ့အစည်းစစ်တပ်နှင့် ကိုင်ဆောင်သော လက်နက်များကား ဤလောကအမှုနှင့် လုံးဝမသက်ဆိုင်ပါ။

စစ်တပ်တစ်ခုပမာ နားလည်သဘောပေါက်ထားသော ဤအသင်းလေး၏ သမိုင်းကနဦးအစကား အင်မတန်မှ ရိုးစင်းလှပါသည်။ ဤအသင်းသည် ကြိုတင်စီမံကိန်းတို့ဖြင့် ဖြစ်ပေါ်လာသော အသင်းတစ်ခုမဟုတ်ပါ။ လိုအပ်ချက်တစ်ခု၏ တောင်းဆိုမှု့ဖြင့် အခြေအနေအရ ဖြစ်ပေါ်လာသော အဖွဲ့အစည်းတစ်ရပ်ဖြစ်သည်။ လိုက်နာရမည့် ဥပဒေ ကျင့်ကြံဆောင်ရွက်ချက်ဟူ၍ လည်း ကြိုတင်ပြင်ဆင်ထားမှု့မရှိ၊ အကြံပြုချက်တစ်ခုကို အကောင်အထည် ဖော်လိုက်ခြင်းဖြစ်သည်။

ကရုဏာရှင်ဘုရားသခင်၏ စီမံကိန်းတော်၌ အသုံးတော်ခံကြရမည်ကို မသိရှာကြသော လူတစ်စုသည် ချိန်းထားသော တစ်ညနေမှာ ဆုံတွေ့ခဲ့ကြပါသည်။ ယင်းကနဦး တွေ့ဆုံပွဲ၏ အစီအစဉ် အပြင်အဆင် အခင်းအကျင်းများသည်ကား ယနေ့ ကမ္ဘာတစ်ဝှမ်းတွင် ကျင်းပလျှက်ရှိသော မယ်တော့်တမန်တော်အသင်း၏ အစည်းအဝေး အပြင်အဆင်များနှင့် ဘာမျှမခြား ထပ်တူထပ်မျှပင်ဖြစ်သည်။ ဝိုင်း၍ထားသော စားပွဲကို ရိုးရိုးဘုရားစင်ကဲ့သို့ပြင်ဆင်ကာ အလယ်တွင် အပြစ်မဲ့သန္ဓေယူသော မယ်တော်ဆင်းတုကို ထားလိုက်ကြသည်။ ယင်းဆင်းတုကို အဝတ်ဖြူပေါ်တွင် တင်ထားပြီး ဘေးတစ်ဘက်တစ်ချက်၌ ပန်းထည့်ထားသော ပန်းအိုးတစ်လုံးစီနှင့် ဖယောင်းတိုင်တစ်တိုင်စီ ထွန်းညှိပူဇော်ထားသည်။ ပတ်ဝန်းကျင်နှင့် အင်မတန်မှ လိုက်ဘက်ညီလှသော ဤအခင်းအကျင်းသည်ကား အစကနဦး အစည်းအဝေးတက်ရောက်လာကြသော သူများထဲမှ ပုဂ္ဂိုလ်တစ်ဦး၏ စိတ်ကူးစိတ်သန်း တစ်ခုပင်ဖြစ်သည်။ ယင်းအခင်းအကျင်းသည် မယ်တော့်တမန်တော်အသင်းအတွက် ကိုယ်ပိုင်မူ တစ်ရပ်အဖြစ် ယနေ့တိုင်ရပ်တည်လျှက်ရှိသည်။ မယ်တော့်တမန်တော်အသင်းသည် စစ်တပ်တစ်တပ်ဖြစ်သည်။ ထို့ကြောင့် မယ်တော်သည် စစ်တပ်၏တပ်ဦးတွင် အမြဲရှိသည်။ တပ်ဦးတွင်ရှိသောမယ်တော်သည် မိမိထံလာကြမည်ဟု ကြိုတင်သိထားသော သူတို့၏ စာရင်းသွင်းအမည်ပေးမှု့ကို လက်ခံရန်စောင့်မျှော်လျှက်ရှိသည်။ သူတို့သည် သခင်မကို ရွေးချယ်ကြသည်မဟုတ်။ သခင်မကသာလျှင် သူတို့ကို ရွေးချယ်ခြင်းဖြစ်သည်။ တပ်ဦးမှသခင်မနှင့် ပေါင်းကာ ဓွဲသတ္တိရှိရှိဖြင့် ချီတက်တိုက်ပွဲဝင်ပါက အောင်မြင်ကြရမည်ကိုလည်း သူတို့သိကြသည်။

ထိုတမန်တော်သားများသည် ပထမဦးဆုံး ပူးပေါင်းဆောင်ရွက်သည့်အနေဖြင့် ဘုရားစင်လေးရှေ့တွင် ဒူးထောက်ကာ ခေါင်းများကိုငုံ့လျှက် သန့်ရှင်းသောဝိညာဉ်တော်ဘုရားကို ပင့်ဖိတ်ခေါ်သည့် မေတ္တာကို ဆိုလိုက်ကြသည်။ လုပ်ငန်းခွင်၌ တစ်နေကုန်ပင်ပင်ပန်းပန်းလှုပ်ရှားကြရသော လက်ချောင်းများကို ရိုးစင်းလှသော ပုတီးစေ့များပေါ်တွင် ရွေ့လျားစေပြီး မယ်တော်ကို ကြည်ညိုသဒ္ဓါ ပွားလိုက်ကြသည်။ နောက်ဆုံးရွတ်ဆိုမှုလေး၏ အဆုံးတွင် ဆင်းတုအားဖြင့် ကိုယ်စားပြုလျှက်ရှိသော မယ်တော်၏အားပေးမှု့ကို ခံယူရန်ထိုင်လိုက်ကြသည်။ ထို့နောက် သူတို့ဆွေးနွေးတိုင်ပင်ကြသည်ကတော့ ဘုရားကိုပိုမိုချစ်လာအောင် ငါတို့ဘာလုပ်ကြမည်နည်း။ ကမ္ဘာတဝှမ်းရှိသော လူများ ဘုရားကိုပိုပြီးချစ်မြတ်နိုးလာအောင် ငါတို့ဘာလုပ်ကြမည်နည်း စသဖြင့် တွေးတောကြံဆ နည်းလမ်း ရှာဖွေကြသည်။ ယနေ့ကမ္ဘာတဝှမ်းတွင် အခိုင်အမာရပ်တည်လျှက်ရှိသော မယ်တော့်တမန်တော်အသင်းသည်ကား ဤနှိမ့်နှောဖလှယ်ပွဲလေးမှ အစပြုသန္ဓေတည်လာခြင်းဖြစ်သည်။

အဘယ်မျှလောက် အံ့သြစဖွယ်ကောင်းလှပါသနည်း?။ မထင်ရှားသော လူတစ်စု၏ သာမာန်လုပ်ရပ်လေး တစ်ခုက နောင်တစ်ချိန်တွင် ကမ္ဘာတစ်ဝှမ်းပျံ့နှံ့သွားလိမ့်မည်ဆိုသည့်အချက်ကို ထိုအချိန်က အဘယ်သူ ကြိုတင်ခန့်မှန်းနိုင်ပါမည်နည်း?။

လူမျိုးတကာတို့အား သိမ်းမွေ့ခြင်း၊ အသက်ရှင်ခြင်း ကျေးဇူးများကို ပေးနိုင်သော မယ်တော်၏ ဘုန်းအာနုဘော်နှင့် လမ်းညွှန်မှု့အားဖြင့် ကမ္ဘာကြီးအတွက် အင်အားသစ်တစ်ခုကို ဖြစ်စေမည့် နည်းစနစ်တစ်ခုကို

စတင်အကောင်အထည်ဖော်နေကြကြောင်း သူတို့အထဲက အဘယ်သူသည် ကြိုတင်ခန့်မှန်းနိုင်ခဲ့ပါသနည်း။ ပြောခဲ့သည့်အတိုင်းလည်း အဖွဲ့အစည်းသည် အမှန်တကယ်ဖြစ်ပေါ်လာခဲ့ပါသည်။

မယ်တော်တမန်တော်အဖွဲ့ဝင်များ၏ အမည်စာရင်းကောက်ယူခြင်းကို ပထမဦးဆုံးအကြိမ်အဖြစ် ၁၉၂၁ခုနှစ် စက်တင်ဘာလ ၇ ရက်နေ့ ည (၈း၀၀)နာရီအချိန်တွင် ကျင်းပနိုင်ခဲ့သည်။ ထိုနေ့သည်ကား မယ်တော်၏ မွေးနေ့ပွဲမတိုင်မီ အကြိုအဖိတ်နေ့ည ဖြစ်သည်။ ကျင်းပသည့်နေရာသည်ကား အိုင်ယာလန်ပြည်ဒါဗလင်မြို့တော် ဖရန်စစ်လမ်းမတွင်ရှိသော မီရားရိပ်သာတွင် ဖြစ်သည်။ ပထမဦးဆုံးပင်မအဖွဲ့အစည်း၏ အမည်နာမသည်ကား 'သနားခြင်း၏မယ်တော်' ဖြစ်သည်။ ထိုအချိန်က ဤအသင်းကို 'သနားခြင်း၏မယ်တော်အစည်းအရုံး' အဖြစ်လည်း လူသိများခဲ့သေးသည်။

ထိုသမိုင်းတွင်မည့် နေ့ရက်ကြီးသည် နောက်တနေ့တွင် ဖြစ်သင့်သော်လည်း အခြေအနေ အမျိုးမျိုးရဲ့ တောင်းဆိုမှုက ထိုရက်မှထိုရက်အဖြစ် ရွေးချယ်ပေးလိုက်ခြင်းသည် အကြောင်းမဲ့သက်သက်တော့ မဟုတ်လောက်ပေ။ နှစ်ပေါင်းများစွာကြာသောအခါ မယ်တော်၏စစ်မှန်သော ချစ်ခြင်းမေတ္တာဖြင့် ကူညီဆောင်မမှုများသည် မရေတွက်နိုင်လောက်အောင် များပြားလှကြောင်း သိလာရမှ ထိုသမိုင်းဝင်မည့်နေ့၌ မယ်တော်ပါရှိကြောင်း သိရပါတော့သည်။ "ညနှင့်နေ့ကိုပထမဦးဆုံးဖန်ဆင်းတော်မူ၏" (Gen 1:5) ဟုတ်ပါ၏ မဆုံးနိုင်သော မွေးရနံ့တို့ဖြင့် သင်းပျံ့လျက်ရှိသော မယ်တော်၏မွေးနေ့ပွဲကို အသင်း၏ဦးဦးဖျားဖျား ကျင်းပသောပွဲဖြစ်စေခဲ့သည်မှာလည်း တိုက်ဆိုင်မှုတစ်ခုတော့ မဟုတ်လောက်ပေ။

ဤအသင်း၏ပထမနှင့် အစဉ်တစိုက် ကျင့်ကြံအားထုတ်ရမည့် ရည်ရွယ်ချက်ကား မယ်တော်၏စိတ်ဓာတ်များကို မိမိတို့၌ ပုံတူပွားကာ လူသားအားလုံးကို ဘုရားထံအရောက်ပို့ဆောင်ရန်ပင်ဖြစ်သည်။ ဤသည်ကား အကောင်းဆုံးနှင့် ဘုရားရှင် အနှစ်သက်ဆုံးအမှုပေတည်း။

အမိမယ်တော်သည် ကယ်တင်ခံလူသားအားလုံး၏ မိခင်ဖြစ်သည်။ အကြောင်းမှာ အသင်းတော်ထဲ၌ ယုံကြည်သူ အယောက်တိုင်း၏မွေးဖွားခြင်းတွင် မယ်တော်၏ ဂရုဏာမေတ္တာများပါရှိနေသောကြောင့်တည်း။ အမိမယ်တော်သည် ဘုရားရှင်၏ သက်ရှိပုံသွင်းရုပ်ထုလေးတစ်ဆူလည်းဖြစ်သည် ဟုဆိုနိုင်ပါသည်။ မယ်တော်တစ်ဦးတည်း၌သာလျှင် ဘုရားနှင့်လူပေါင်းစပ်ခြင်းကို မူလအနှစ်သာရများ အထူးသဖြင့် ဘုရား၏ ရွှေဉာဏ်တော်များ မလျော့နည်းစေပဲ ပဋိသန္ဓေတည်စေခဲ့သောကြောင့်တည်း။ ထို့ပြင် မယ်တော်တစ်ဦးတည်းအားဖြင့်သာလျှင် လူသည်ဘုရားနှင့် အသွင်သဏ္ဍာန်တူခွင့်ကိုပေးခဲ့သဖြင့် ခရစ်တော်၏ကျေးဇူးတော်များနှင့်ထိုက်တန် သူများဖြစ်စေခဲ့သည်။ (St. Augustine)

" ကက်သလစ်အသင်းတော်ကြီး၏ စစ်မှန်သော မျက်နှာအလှကို မယ်တော့်တမန်တော်အသင်းက ပုံဖော်ပေးသည်။" (Pope John XXIII)

# အခန်းကြီး (၂)

## " ရည်ရွယ်ချက် "

မယ်တော့်တမန်တော်အသင်း၏ ရည်ရွယ်ချက်များကား –

အဖွဲ့ဝင်များသည် မိမိတို့၏ဘဝအသက်တာနှင့် ရင့်ကျက်သောပါရမီများဖြင့် ဘုရားရှင်၏ ဘုန်းဂုဏ်တော် တိုးပွားရေး၊ ခရစ်တော်၏ နိုင်ငံတော် စိုးမိုးရေးတို့ကို ဆောင်ရွက်ကြရမယ်။ ထို့အပြင် မယ်တော်နှင့် အသင်းတော်က အမိက ပစ်မှတ်ထားသော နတ်ဆိုး၏ ခေါင်းကို နင်းချေခြင်းလုပ်ငန်းစဉ်၌ အသင်းတော်ကြီး၏ လမ်းညွှန်မှုအောက် တွင် အတူ လက်တွဲပါဝင်ဆောင်ရွက်ကြရမည်။

သက်ဆိုင်ရာ ဆရာတော်နှင့် ကျောင်းထိုင်ရဟန်းတို့၏ ခွင့်ပြုချက်ဖြင့် အသင်းတော်၏ ကောင်းကျိုးအတွက် ဆိုလျှင် မယ်တော့်တမန်တော်အသင်းသည် မည်သည့်ဘာသာရေးလူမှုရေးလုပ်ငန်းမျိုးကို မဆိုဆောင်ရွက်နိုင်သည်။ သို့သော် ကွန်စီလီအုမ်း၏ ခွင့်ပြုချက်ရယူရမည့်အပြင် မယ်တော့်တမန်တော်လက်စွဲစာအုပ်ပါ လမ်းညွှန်ချက်များနှင့် လည်း မဆန့်ကျင်စေရ။ သက်ဆိုင်ရာ သာသနာပိုင်ဆရာတော်နှင့် ကျောင်းထိုင်ဘုန်းတော်ကြီးတို့၏ခွင့်ပြုချက်မပါဘဲ မည်သည့်လုပ်ငန်းမျိုးကိုမှ မယ်တော့်တမန်တော်များလုပ်ပိုင်ခွင့်မရှိ။ သက်ဆိုင်ရာ သာသနာပိုင်ဟုဆိုရာ၌ ထိုသာသနာအတွက် ခန့်အပ်ထားသောဆရာတော် သို့မဟုတ် လုပ်ပိုင်ခွင့်ရှိသော သာသနာပိုင်အဖွဲ့အစည်း ကိုဆိုလိုခြင်းဖြစ်သည်။

(က) အဖွဲ့အစည်းတစ်ခု၏ သာသနာပြုလုပ်ငန်းများ ရပ်ဆိုင်းသွားခြင်းသည် ထိုအဖွဲ့အစည်းအတွက် ပျက်စီးခြင်းလမ်းစပင်ဖြစ်သည်။ တနည်းအားဖြင့်ဆိုသော် သာသနာပြုစိတ်များ၊ လူ့ပါရမီတို့ကို ရင့်သန်စေခြင်းများနှင့် လူတို့၏သြတ္တပစိတ်ကို ခရစ်ယာန်တရားတော်နှင့် အညီပုံသွင်းပေးခြင်း (ပြုပြင်ပေးခြင်း)များ ရပ်ဆိုင်းသွားခြင်းကို ဆိုလိုသည်။ ထို့ကြောင့် လူမှုအဖွဲ့အစည်းအမျိုးမျိုးနှင့် ပါတ်ဝန်းကျင်အရပ်ရပ်တို့က ထိုဧဝံဂေလိစိတ်ဓါတ်များဖြင့် လူတို့ကို နှိုးဆွပေးနိုင်စွမ်းရှိရမည်။

(ခ) သာမာန်လူဝတ်ကြောင်များသည် အသင်းတော်ကြီ ရေတို၊ ရေရှည်စီမံကိန်းများ၌သော်လည်းကောင်း အသင်းတော်ကြီးက မိမိတို့သို့ထိန်းတာဝန်ကို ဆက်လက်သယ်ပိုးထမ်းဆောင်ရာ၌သော်လည်းကောင်း မိမိအဖွဲ့အစည်း၏ လမ်းညွှန်တာဝန်ပေးချက်များဖြင့် မိမိတို့၏အတွေ့အကြုံများကို ဝေမျှရင်း အသင်းတော်ကြီး၏ သာသနာပြုလုပ်ငန်းအရပ်ရပ်တို့၌ ကိုယ့်နည်းကိုယ့်ဟန်ဖြင့် အသင်းတော်ကြီးနှင့် တစ်စည်းတစ်ရုံးတည်းရှိကြောင်း ပြသရန်နှင့် အသင်းတော်ကြီး၏ သာသနာပြုလုပ်ငန်းများ ပိုမိုတွင်ကျယ်လာစေရေးအတွက် လူဝတ်ကြောင် ဘာသာဝင်များသည် မိမိတို့အဖွဲ့အစည်း၏ဓလေ့ထုံးစံများနှင့် မိမိတို့၏ဆောင်ရွက်ချက်များသည် ထပ်တူထပ်မျှ ဖြစ်နေစေရမည်။

(ဂ) လူဝတ်ကြောင်ဘာသာဝင်များသည် မိမိ၏ဆန္ဒအလျှောက်ဖြစ်စေ လိုအပ်မှုကြောင့်ဖြစ်စေ လမ်းညွှန်မှုကြောင့်ဖြစ်စေ သာသနာပြုလုပ်ငန်းများဆောင်ရွက်သည့်အခါတိုင်း သက်ဆိုင်ရာအကြီးအကဲ၏ လမ်းညွှန်ကွပ်ကဲမှုအောက်၌ အမြဲရှိနေရမည်။ သို့သော် အထူးတာဝန်ပေးချက်ကိုမူ ချွင်းချက်အဖြစ်သတ်မှတ်သည်။

# အခန်းကြီး (၃)

## “ မယ်တော်တမာန်တော်အသင်း၏ စိတ်နေသဘောထား ”

မယ်တော်တမာန်တော်အသင်း၏ စိတ်နေသဘောထားမျိုးကား မယ်တော်၏ စိတ်နေသဘောထားမျိုးပင်ဖြစ်သည်။ အထူးသဖြင့် မည်သူနှင့်မျှ နှိုင်းယှဉ်၍မရ။ မယ်တော်တစ်ဦးတည်း၌ သာလျှင်ရှိသည့် ပါရမီများဖြစ်သော ထူးကဲသောနှိမ့်ချခြင်း၊ စုံလင်သောနာခံခြင်း၊ နူးညံ့သောသိမ့်မွေ့ခြင်း၊ အစဉ်မပြတ် ဆုတောင်းပတ္တာနာပြုခြင်း၊ အစွန်းအကွက်မရှိဖြူစင်ခြင်း၊ ထူးခြားသောသည်းခံခြင်း၊ ကြီးမားသော ပညာအမျှော်အမြင်ရှိခြင်း၊ အနစ်နာခံ စွန့်စားခြင်း၊ ဘုရားသခင်ကို မယိမ်းမယိုင်တည်တံ့သော ချစ်ခြင်းနှင့် ယုံကြည်ကိုးစားခြင်းစသည့် ပါရမီများကို အားကျအတုယူလိုက်ကျင့်ကြရမည်။ ထိုထိုသော ပါရမီများအားဖြင့် တမန်တော်သားများသည် မြတ်စွာဘုရား၏ ဘုန်းတော်ဂုဏ်တော်အတွက်ဆိုလျှင် မည်သည့်လုပ်ငန်းမျိုးကိုမျှ မရှောင်ကြိုးစားအားထုတ်ကြရမည်။ “ဘယ်အခက်အခဲမျိုးကိုမဆို ဆောင်ရွက်နိုင်ကြောင်း ခံယူထားသောကြောင့် မည်သည့်အရာမျှ မဖြစ်နိုင်ဆိုတာမရှိ” ( Imitation of Christ-Book 3;5)

သာသနာပြုစိတ်ဓါတ်ကောင်းရှိရေးအတွက် အကောင်းဆုံးစံနမူနာထားရမည့်ပုဂ္ဂိုလ်မှာ တမန်တော်တို့၏ ဘုရင်မ မာရီယားသခင်မပင်ဖြစ်သည်။ မယ်တော်လောကမှာ အသက်ရှင်စဉ်သူမ၏ဘဝအသက်တာမှာ အိမ်မှုကိစ္စများနှင့် အခြားလုပ်ငန်းဆောင်တာများကို ဆောင်ရွက်ခြင်းတို့၌ သာမာန်လူတစ်ဦးနှင့်မခြား အသက်ရှင်နေထိုင်ခဲ့ပါသည်။ သို့သော် ကယ်တင်ရှင်၏ ကယ်တင်ခြင်းလုပ်ငန်းများ၌ မယ်တော်သည် မိမိသားတော်နှင့်အတူ တစ်စိတ်တစ်ဝမ်းထဲထားကာ ပူးပေါင်းဆောင်ရွက်ခဲ့သည်ကိုတော့ မမေ့အပ်ချေ။ ထို့ကြောင့် လူတိုင်းမယ်တော်ကို အထူးသဒ္ဒါကြည်ညိုကြပြီး မိမိတို့၏ ဘဝအသက်တာကို မယ်တော်၏မိခင်ပမာစောင့်ရှောက်မှုအောက်၌ အပ်နှံထားကြရမည်။

# အခန်းကြီး (၄)

## “တမန်တော်များနှင့် သက်ဆိုင်သော လုပ်ငန်းများ”

### ၁။ မြတ်စွာဘုရား၏ သံချပ်အင်္ကျီကိုဝတ်ဆင်ကြရမည်။ (ဖေက် ၆း၁)

တမန်တော်အဖွဲ့က မိမိ၏ အခေါ်အဝေါ်အမည်နာမများကို ငှါးယူအသုံးပြုထားသည့် ရောမစစ်တပ်ကြီးကား သစ္စာရှိခြင်း၊ ရဲစွမ်းသတ္တိရှိခြင်း၊ စည်းကမ်းသေဝပ်ခြင်း၊ ဇွဲထက်သန်ခြင်းနှင့် စစ်အောင်နိုင်ခြင်းတို့ကြောင့် ရာစုနှစ်တစ်လျှောက်လုံးထင်ရှားကျော်ကြားခဲ့သည်။ ထိုနည်းတူစွာ မယ်တော့်တမန်တော်သားများသည် မိမိတို့၏ ဝိညာဉ်ရေးစစ်ပွဲတိုင်းတွင် ဖေါ်ပြပါစိတ်ဓါတ်များကို အခြေခံကာ တိုက်ပွဲဝင်ကြရမည်။ (See Appendix 4, The Roman Legion)

သို့သော် ဤအရည်အချင်း ဂုဏ်သတ္တိများအားဖြင့် မယ်တော်၏ဂုဏ်ပုဒ်ကို သိမ်ငယ်သွားအောင် ဆောင်ရွက်လိုက်သည်မဟုတ်။ (ဆင်မြန်းထားသော လည်ဆွဲရတနာကို ဆွဲချွတ်လိုက်သကဲ့သို့) ဤဂုဏ်ပုဒ်များအားဖြင့်လည်း မယ်တော့်တမန်တော်များ ဂုဏ်ယူဝင့်ကြွားရန် မဟုတ်၊ နှိမ့်ချရန်ပင်ဖြစ်သည်။ သံပေတရုအားဖြင့် ဘာသာထဲရောက်လာပြီး သံပေါလူး၏ လုပ်ဖော်ကိုင်ဖက်ဖြစ်သည့် စိန်ကလေးမင်းက အသင်းတော်ကြီးကို စံနမူနာထားကာ အတုယူသင့်သည်ဟု အကြံပြုတင်ပြခဲ့ဖူးပါသည်။

" ရန်သူဆိုတာဘယ်သူနည်း " ရန်သူဆိုသည်ကား ဘုရားသခင်၏အလိုဆန္ဒကို ငြင်းပယ်သော ကောက်ကျစ်စဉ်းလဲသည့်သူများကို ခေါ်သည်။ ထို့ကြောင့် ဘုရားရှင်၏ အမိန့်အာဏာအောက်မှာ အမှုတော် ထမ်းဆောင်ရန်အတွက် သံန္နိဋ္ဌာန်ချကြပါစို့။ ထို့ကြောင့် ရောမစစ်တပ်အောက်၌ စစ်မှုထမ်းကြသော ရောမစစ်သားများ အကြောင်းကို အသေးစိတ်လေ့လာကြရင်း သူတို့၏ စည်းကမ်းသေဝပ်မှု၊ အမြဲအစဉ်သင့်ရှိနေမှု၊ တိကျပြတ်သားသော အမိန့်အပေါ်နာခံတတ်မှု တို့ကို လေ့လာမှတ်သားကြပါစို့။ အားလုံးကတော့ ဗိုလ်ချုပ်တွေ ၊ ဗိုလ်မှူးတွေ၊ တပ်မှူးတွေနှင့် ငါးဆယ်နှင့် ငါးဆယ်အောက်ကို အုပ်ချုပ်ရသည့် တပ်ကြပ်ကြီးများ မဟုတ်ကြပါ။ သို့သော် စစ်သည်တော်တိုင်းက မိမိတို့၏အထက်အရာရှိ သို့မဟုတ် အင်ပါယာဘုရင်မင်းမြတ်တို့၏ အမိန့်အာဏာကို တသွေတိမ်းရိုသေလေးစားလိုက်နာကြသည်။ အကြီးအကဲသည် လက်အောက်ငယ်သားမရှိပဲ မရပ်တည်နိုင်သလို လက်အောက်ငယ်သားသည်လည်း အကြီးအကဲမရှိဘဲ မဖြစ်နိုင်ချေ။ အားလုံးသည် တစ်စိတ်တစ်ဝမ်းတည်း ရှိနေကြသဖြင့် ကိုင်းကျွန်းမှီ၊ ကျွန်းကိုင်းမှီ ဆိုသကဲ့သို့ တစ်ဦးကိုတစ်ဦးမှီခိုနေကြရသည်။ ကျွန်ုပ်တို့၏ ကိုယ်တည်ဆောက်ပုံကို ကြည့်လိုက်ပါ။ ခြေထောက်မရှိသော ဦးခေါင်းသည် အလကားအချည်းနှီးသက်သက်ဖြစ်သည်။ ထိုနည်းတူ ဦးခေါင်းမပါသော ခြေထောက်သည်လည်း ဗလာနတ္ထိဖြစ်သည်။ ခန္ဓာကိုယ်၏အသေးငယ်ဆုံး အစိတ်အပိုင်းကလေးပင်ဖြစ်လင့်ကစား ခန္ဓာကိုယ်ကြီးအတွက် အင်မတန်မှ တန်ဖိုးရှိ၍ အသုံးဝင်လှပါသည်။ တကယ်တန်းဆိုရပါမူ ခန္ဓကိုယ်ကြီး၏ကိုယ်အင်္ဂါအစိတ်အပိုင်းများသည် သီးခြားရပ်တည်နေကြသော်လည်း ခန္ဓကိုယ်ကြီးတစ်ခုလုံး အသက်ရှင်လှုပ်ရှားသွားလာနိုင်ရေးအတွက် မိမိတို့တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်နေကြရပေသည်။

**၂။ အသက်ရှင်ခြင်းလက္ခဏာ၊ သန့်ရှင်းခြင်းလက္ခဏာ၊ ဘုရားသခင်နှစ်သက်တော်မူဘွယ်သော လက္ခဏာတို့နှင့် ပြည့်စုံပါစေ၊ လောကီပုံသဏ္ဍာန်တို့ကို မဆောင်ရ။** (ရောမား ၂း၁–၂)

မိမိသည် မည်သည့်အဆင့်တွင် ရှိနေပါစေ မယ်တော့်တမန်တော်သား တစ်ဦးကျင့်စဉ်များသည် ခေါင်းစဉ်၌ဖေါ်ပြထားသော အကြောင်းအရာတို့ကို အခြေခံထားကျင့်ကြရမည်။ အထူးသဖြင့် အာဗီလာမြို့မှ စိန်ထရေးဇား၏ မြင့်မြတ်လှသော ခံယူချက်တရားများသည် တမန်တော်သားတိုင်း၏ ဘဝတွင် ပဲ့တင်ထပ်နေစေရမည်။ သူမ၏ခံယူချက်တရားမှာ " များများခံယူပြီး နည်းနည်းပြန်ပေးနေမိခြင်း " သည် အိုရှင်တော်ဘုရားတပည့်တော်မသည် အသေခံဘို့ပင်ကောင်းလှတော့သည်။ နောက်ဆုံးသွေးတစ်စက်နှင့် အသက်ပေးခဲ့သော လက်ဝါးကားတိုင်ပေါ်က သခင်ဘုရားအကြောင်းကို တရားထောက်ရှုကာ တမန်တော်သားတိုင်းသည် မိမိတို့၏ လုပ်ဆောင်ရမည့်ဝတ္တရားတိုင်းကို သွေးတစ်စက်မှမကျန်သည်ထိ ပေးဆပ်ရက်ရောသော ဆက်ကပ်ပူဇော်ခြင်းမျိုးဖြစ်နေစေရမည်။ " ငါ့စပျစ်ဥယျာဉ်၌ ငါကျေးဇူးပြုနိုင်လျှက် မပြုသေးသောအရာ တစ်စုံတစ်ခုရှိသလော" (ဟေရှာယ ၅း၄)

## ၃။ “ ပင်ပန်းခြင်းနှင့် ဒုက္ခခံရခြင်း ” တို့ကို ကျော်နိုင်းမသွားရ။

ညှင်းပန်းနှိပ်စက်ခြင်းနှင့်သက်သေခံခြင်း၏လက်နက်ကို ရင်ဆိုင်ရန်အတွက် အစဉ်သင့်ဖြစ်နေသည့် ကက်သလစ်ဘာသာဝင်တို့၏ ဖွဲ့သတ္တိအတွက် နေရာလေးတစ်ခုသည် အမြဲအစဉ်သင့်ရှိစမြဲပင်။ ဤနည်းအားဖြင့် မယ်တော့်တမန်တော်များသည် အောင်မြင်ခြင်းတံခါးဝကို ထိုက်တန်စွာဖြင့် အနိုင်ယူဖြတ်သန်းနိုင်ခဲ့ကြသည်။ သို့သော်ခြုံ၍ဆိုရပါမူ တမန်တော်သားတို့၏ ဆက်ကပ်မှုများသည် နိမ့်ချခြင်း၏အောက်ဆုံးအဆင့်မှာ ရှိနေသော်လည်း ငြိမ်းချမ်းခြင်းတရားကျင့်ဘို့အတွက်တော့အခြေအနေမြောက်များစွာကို ဖန်တီးပေးနိုင်ပါသည်။ ငြိမ်းချမ်းခြင်းက စစ်မှန်သော အာဇာနည်စိတ်ဓါတ်ကို မွေးဖွားပေးပါလိမ့်မည်။ တမန်တော်လုပ်ငန်းလုပ်ဆောင်သည့်အခါ ဘယ်ထဲမှ မပါဝင်လို ဘယ်သူနဲ့မှလည်း အဆက်ဆံလို ဘယ်လိုဩဇာအာဏာမျိုးမှလည်းမမက်မောတတ်ကြဘဲ သီးခြားကမ္ဘာထဲမှာ နေလိုသူများကို တွေ့ရမှာ ဖြစ်သလို မိမိတို့၏ လုပ်ရပ်များသည် မကောင်း၍မဟုတ် ကောင်းသော်ငြားလည်း အိမ်ကိုလာရောက်လည်ပတ်မှာ မကြိုက်နှစ်သက်သောသူများကိုလည်း တွေ့ကြုံကြရပေလိမ့်မည်။ ဒီလိုအခက်အခဲတွေကို ကျော်လွှားနိုင်မှာ သေချာပါသည်။ သို့သော် မိမိသည် ရဲရင့်ခြင်း၊ သည်းခံခြင်းတို့ဖြင့် သက်လုံကောင်းထားဘို့တော့လိုသည်။

လူတွေရဲ့ခပ်စိမ်းစိမ်းအကြည့်တွေ ခနဲ့တဲ့တဲ့မထီလေးစား အမူအယာတွေ ပြစ်တင်ဝေဖန်မှုတွေ ကိုယ်ရောစိတ်ပါပင်ပန်းနွမ်းနယ်မှုတွေ ကျေးဇူးတရားမသိတတ်မှုတွေ မအောင်မြင်သည့်အတွက် စိတ်ထိခိုက်မှုတွေ အအေးလွန်ကဲမှုတွေ မိုးသည်းထန်စွာရွာသွန်းမှုတွေ ပိုးမွှားတရိစ္ဆာန်တို့၏ အန္တရာယ်နှင့် ဆိုးရွားသောအနံ့အသက်တွေ လမ်းကမှောင် ပတ်ဝန်းကျင်ကမသန့် အမှိုက်ပုံရဲ့ မသတီစရာမြင်ကွင်းတွေ အလုပ်အတွက် စိတ်သောကရောက်ရမှုတွေ မခံချင်စိတ်ကိုဆွပေးသော အကျင့်ပျက်ပြားမှုတွေ ယုံကြည်ချက်အပေါ်အစော်ကားခံရမှုတွေ စသဖြင့် တစ်ပူပေါ်နှစ်ပူဆင့် အပူမီးများဝိုင်းဝိုင်းလည် နေတာကို မညည်းမညူပဲအပြုံးနှင့် ဝေမျှခံယူကြရပါသည်။ အထက်ပါဝေဒနာများ၏ ဆွဲဆောင်မှုနောက်ကို မိမိသည် ပါကောင်းပါသွားနိုင်ပါသည်။ သို့သော်အပြုံးနှင့်ရင်ဆိုင်လိုက်ပါ။ ခရီးဆုံး၌ ပျော်ရွှင်ခြင်းသုခကို ခံစားရပါလိမ့်မည်။

ဖေါ်ပြပါ နှောက်ယှက်ခြင်းများကို နှိုင်းနှိုင်းချိန်ချိန်သုခမိန် စိတ်မျိုးမွေးမြူ၍ ရင်ဆိုင်ပါက မိမိမိတ်ဆွေအတွက် မိမိရဲ့ အသက်ကို ပေးဆက်သည့်ချစ်ခြင်းမေတ္တာမျိုးဘယ်မှရှာလို့မရပါ ဆိုသည့် အချစ်သုခမျိုးနှင့် ထပ်တူထပ်မျှ ခံစားရပါလိမ့်မည်။ “ ငါ၌ထာဝရဘုရားပြုတော်မူသော ကျေးဇူးအလုံးစုံတို့ကို အဘယ်သို့ ဆပ်ရပါမည်နည်း။ ” (ဆာလံ ၁၁၆ း ၁၂ )

## ၄။ ခရစ်တော်သည် ငါတို့အတွက် မိမိအသက်ကို စွန့်တော်မူသည့်နည်းတူ ငါတို့သည်လည်း အချင်းချင်း အသက်ပေး၍ချစ်ကြရမည်။ ( ဖေက် ၅ း ၂ )

အခြားသူများနှင့်ဆက်ဆံရေးအောင်မြင်ဘို့အတွက် အဓိကလျှို့ဝှက်ချက်ကား ထိုသူနှင့် ပုဂ္ဂိုလ်ရေးအရ ရင်းနှီးမှုရယူပြီး မေတ္တာ၊ ဂရုဏာ၊ မုဒိတာများပွားများဘို့ပင်ဖြစ်သည်။ ဤသို့မေတ္တာပွားရာ၌ ဟန်ဆောင်ခြင်း ကင်းရန်လိုအပ်ပါသည်။ မိတ်ဆွေကောင်းပီသမှုရှိမရှိစစ်ဆေးသည့် ဒါဏ်ကိုလည်းခံနိုင်ရည်စွမ်းရှိရပါမည်။ ဤသို့စစ်ဆေးတိုင်လည်း အနစ်နာခံရတတ်မှုလေးများ အနည်းနှင့်အများပါဝင်နေရပါမည်။ ထောင်ထဲကို အကြည့်အရှုသွားခြင်း ခြေတစ်ဖက်ဒရွတ်တိုက်ဆွဲသူနှင့်အတူယှဉ်တွဲလမ်းလျှောက်ခြင်း မသန့်ရှင်းသောအိမ်

ဆင်းရဲသောအိမ်များက တည်ခင်းဧည့်ခံကျွေးမွေးသည့်အစားအစာကို မသန့်ရှင်းသောလက်များနှင့်အတူဝိုင်းဝန်းကာ တပျော်တပါးစားသောက်ရခြင်း စသည်တို့မှ ခေတ်ဆန်သော အထက်တန်းကျသည့် အသိုင်းအဝိုင်းနှင့်လုံးဝအံဝင်ခွင်ကျ လိမ့်မည်မဟုတ် သို့သော်လည်းပစ္စုပန်အခြေအနေကို မျက်နှာလွှဲခဲပစ်လုပ်လိုက်ပါကလည်း မိမိရဲ့ ဖေါ်ရွှေခင်မင်မှု သည် အပေါ်ယံဟန်ဆောင်မှုဖြစ်သွားပေလိမ့်မည်။ ထိုအခါ အထင်နှင့်အမြင်လွဲကာခင်မင်မှုသံယောဇဉ်လေးရေတိမ်နစ် သွားပေလိမ့်မည်။ထိရောက်သော အလုပ်တစ်ခု၏ အခြေခံသဘောတရားမှာ လုပ်ငန်းခွင်၌ မိမိကိုယ်ကိုပီပီလုံးလုံး နှစ်မြှုပ်ထားဖို့နှင့် အရာရာအတွက် အမြဲအဆင်သင့် ရှိနေဘို့ပင်ဖြစ်သည်။ အရံသင့်အနေအထားမရှိခြင်းက ထိုသူ၏အလုပ်သည် ပေါ့ပေါ့တန်တန်ဖြစ်ပြီး အနှစ်သာရမဲ့သည့်သဘောကိုဆောင်သွားပေလိမ့်မည်။ တမန်တော်သားတို့သည် သာသနာပြုခရီးစဉ်၌ မည်မျှပင်ကိုယ်ကျိုးစွန့် အနစ်နာခံဆောင်ရွက်ပါစေဦး အမှားအယွင်းလေး အနည်းငယ်လုပ်မိပါက အောင်မြင်မှုအပိုင်းတွင် တုန့်နှေးသွားပေလိမ့်မည်။ တနည်းအားဖြင့်ဆိုရသော် လုပ်ငန်းဆောင်ရွက်ရန်အတွက် အဆင်သင့်ဖြစ်မှုအနေအထား အောက်ဆုံးအမှတ်ထိရှိနေပါစေ အောင်မြင်မှုပန်းကိုတော့ လှမ်းနိုင်ပါလိမ့်မည်။ ယေရှုက " ငါ့အဘို့သင့်အသက်ကို စွန့်မည်နည်း။ " (ယောဟန် ၁၃း၃၈)

## ၅။ " ပန်းဝင်တဲ့အထိ ပြိုင်ပွဲဝင်ပါ " (၂ တိမောသေ ၄း၇)

တမန်တော်သားတို့၏ ခေါ်တော်မူခြင်းသည် သီးခြားကန့်သတ်မှုဘောင်ကင်းမဲ့သော အစေခံမှု တစ်ခုအတွက်ဖြစ်သည်။ ဤအချက်သည် အင်မတန်မှ ပြီးပြည့်စုံသော တင်ပြချက် (အကြံဉာဏ်ကောင်း) တစ်ခုဖြစ်သလို အင်မတန်မှ လိုအပ်လျှက်ရှိသော အချက်လည်းဖြစ်သည်။ ဤကဲ့သို့သော မက်လုံးမျိုးလေး မရှိပါကလည်း ဖွဲထက်သန်သော အဖွဲ့ဝင်တစ်ဦးကိုလက်လွတ်ဆုံးရှုံးရပေလိမ့်မည်။ သာသနာပြုလုပ်ငန်းကို ဘဝတစ်လျှောက် ဖွဲကြီးကြီးဖြင့် အမှုတော်ထမ်းဆောင်ခြင်းသည်ပင် သူ၏သူရဲကောင်းစိတ်ဓါတ်ပင်ဖြစ်သည်။ ဤသို့အလုပ်တစ်ခုကို ဖွဲသတ္တိဖြင့်ဆုံးခန်းတိုင်ဆောင်ရွက်ခြင်းသည်ပင် သူ့အတွက်ကျေးဇူးတော်တစ်မျိုးဖြစ်ပေသည်။

သို့သော်တမန်တော်သားတစ်ဦးက အလုပ်တစ်ခုကို စွဲစွဲမြဲမြဲဆောင်ရွက်ရမည် ဖြစ်ကြောင်းလမ်းညွှန်ထား သောကြောင့်ဖြစ်သည်။ တကယ်တော့ အပြောင်းအလဲလေးဆိုတာ လိုအပ်လှပါသည်။ ထို့ကြောင့်လည်း နေရာပြောင်းအလဲများ လူအပြောင်းလေးများလုပ်ပြီး အိမ်တိုင်းကိုအကြည့်အရှု့သွားခြင်း လုပ်ငန်းတစ်ခုကို ဆက်လက်တာဝန်ယူခြင်း တို့ဖြင့်အပြောင်းအလဲလေူများ လုပ်ပေးကြရပါသည်။ အပြောင်းအလဲများလုပ်တိုင်း စဉ်းစားချင့်ချိန်ကာ ပြောင်းလဲဖို့တော့လိုအပ်ပါသည်။ ခေတ်အလိုက် လူ့အကြိုက်ပြောင်းလဲလိုက်ပါက အကောင်းဆုံးဥပဒေများကို ရိုက်ချိုးကာ အမှိုက်ပုံသို့ပစ်လိုက်၍ဓါတ်သိမ်းပေးလိုက်သလိုဖြစ်တတ်ပါသည်။ တမန်တော်သားတိုင်းသည် ပြောင်းလဲခြင်းစိတဓါတ်ကို ကောင်းစွာသဘောပေါက်နားလည်ကြရမည်။ တမန်တော် အစည်းဝေးလုပ်သည့်အခါတိုင်း အဖွဲ့သားတိုင်းကို လုပ်ငန်းခွဲဝေပေးသည့်အခါ စိတ်အားထက်သန်စွာဖြင့် ဆောင်ရွက်နိုင်ဖို့ " တောင့်ထားကွ " ဆိုသည့် စကားဝှက်ကို သူတို့၏နားကြားနေရအောင်လှုံဆော်ပေးနေရမည်။

စစ်မှန်သော အောင်မြင်မှု့တစ်ရပ် ပိုင်ဆိုင်ဘို့ဆိုသည်မှာ အရှုံးမပေးလိုသော စိတ်ဓါတ်မှပေါ်ပေါက်လာသည့် အဆုတ်မနစ်သော ကြိုးပမ်းမှု့တစ်ရပ်အပေါ်တွင် မူတည်ပါသည်။ ထိုစိတ်ဓါတ်ကိုလျော့နည်း တိမ်းညွတ်မသွားရအောင် ထိန်းသိမ်းဖို့တော့လိုအပ်ပါသည်။ ထို့ကြောင့်တမန်တော်အဖွဲ့သည် မိမိ၏ အဖွဲ့ဝင်များကိုသော်လည်းကောင်း ဖြာထွက်လျှက်ရှိသော အဖွဲ့ငယ်များကိုသော်လည်းကောင်း အရှုံးကိုလက်မခံသော ငြင်းပယ်သည့် သဘောတရားများဖြင့်

တွန်းအားပေးနေရမည်။ ထို့ပြင် အလားအလာကောင်းသည် အလားအလာမကောင်း မျှော်လင့်ချက်မရှိတော့ပါ။ စသောစကားများဖြင့် ရှုပ်ထွေးကာ နဝေတိမ်တောင်မဖြစ်ရအောင် လှုံ့ဆော်တိုက်တွန်းနေရမည်။ တမန်တော်အဖွဲ့နှင့် သက်ဆိုင်သလောက်ဆိုရပါမူ ဝိညာဉ်တစ်ခုကို မျှော်လင့်ချက်မရှိတော့ပါဟု သတ်မှတ်ကာ လစ်လျူရှုနေလိုက်ပါလျှင် တန်ဖိုးမဖြတ်နိုင်သော ထိုဝိညာဉ်သည် ငရဲအိုးသို့ကျွတ်ကျွတ်လွတ်လွတ် အထိန်းအကွပ်မရှိပဲသွားရန် အသင့်ရှိနေသလိုမျိုးဖြစ်နေပါလိမ့်မည်။

ထပ်လောင်း၍ပြောရပါလျှင် ဤသို့သောလုပ်ဆောင်ချက်များက အသင်း၏တိုးတက်ရေးနှင့် ပြောင်းလဲရေးအတွက် စဉ်းစား၍မရနိုင်လောက်သော အကြောင်းတရားများဖြစ်သည့်အပြင် အသင်း၏ရည်မှန်းချက်များအတွက် အကောင်းဆုံးအတွေးအခေါ်များအဖြစ်လည်း ဘယ်နည်းနဲ့မှ အစားထိုးနိုင်လိမ့်မည်အဟုတ်ပါ။ ထိုအခါရိပ်သိမ်းသူ၏ခြေရင်း၌ရိတ်သိမ်းစရာများမရှိသည့်အခါ လယ်ခင်းရှင်သည် စိတ်ဓါတ်ကျလာ၍ အနေးနှင့်အမြန်ဆိုသလို မိမိလုပ်ငန်းခွင်ကို စွန့်ပစ်သွားပေလိမ့်မည်။ တဖန်အထူးအလေးအနက် အသိပေးလိုသည်မှာ လုပ်ငန်းချမှတ်ချက်တစ်ခုကို မျှော်လင့်ချက်ကင်းမဲ့သည့်အလုပ်အဖြစ် သတ်မှတ်လိုက်ပါက အခြားအခြားသောလုပ်ငန်းဆောင်တာများ၌လည်း မိမိ၏ လုပ်ဆောင်ချက်တိုင်းသည် အလိုအလျောက် အင်အားချိနဲ့နေပါလိမ့်မည်။

မှန်ကန်သော အသိတရားပါသည်ဖြစ်စေ မပါသည်ဖြစ်စေ ဖြစ်နိုင်ပါ့မလားဟု သံသယစိတ်ဖြင့် လုပ်ငန်းတိုင်းကို ထမ်းဆောင်ခြင်းသည့်ပင် ယင်းလုပ်ငန်းများအား အင်အားကို ချည့်နဲ့စေပါသည်။ မိမိဆင်ခြင်တုံတရား၏ တောင်းဆိုမှု့ကြောင့်ဂုဏ်သိက္ခာရှိရှိဝင်လာပြီးကာမှ မယ်တော့်တမန်တော် အသင်း၏ လုပ်ငန်းဆောင်တာများ အပေါ်ထားရှိသော ယုံကြည်ခြင်းတရားများ တုံ့ဆိုင်းသွားခြင်းသည် အဆိုးတကာ့ အဆိုးဆုံးလုပ်ရပ်တစ်ခုဖြစ်သည်။ ထိုသို့သော ထိပ်တုန်းခပ်ထားသည့် ယုံကြည်ချက်နှင့် မခိုင်မာသော ဆုံးဖြတ်ချက်တို့ကြောင့်လောကကြီးကို ယုံကြည်အားကိုးလိုစိတ်များသည်လည်း သဘာဝအလျှောက် ကြောက်ရွံ့စိတ် သိမ်ငယ်စိတ်များ အသွင်ပြောင်းကာမိမိဘဝကြီးကို ချောင်ထိုးခံလိုက်ရပါတော့သည်။ ထိုအခါမယ်တော့်တမန်တော် အသင်း၏ ဘုရားရှေ့ဆက်ကပ်ပူဇော်မှုများသည်လည်း ရုက်စဖွယ်အဖြစ် မြင်ယောင်လာကာ ယင်းလုပ်ငန်းပေါ် စိတ်ပျက်ပြီး ငြီးငွေ့မှု့များ ဝင်လာပါတော့သည်။

ထို့ကြောင့် မယ်တော်တမန်တော်အသင်းသည် မူလရည်ရွယ်ချက်များကို ဦးစားပေးကာ လုပ်ဆောင်ချက်များကို ဒုတိယအနေဖြင့် သတ်မှတ်ရမည်။ ထိုနည်းကို ဆောင်ရွက်ရာ၌ မယ်တော့်တမန်တော်အဖွဲ့ဝင်များသည် ချမ်းသာကြွယ်ဝဖို့နှင့် ဂုဏ်အရှိန်အဝါကြီးမားဖို့မလို အယိမ်းအယိုင်တည်ကြည်ခိုင်မြဲသော ယုံကြည်ခြင်းသာလိုသည်။ ထင်ရှားကျော်ဇောမှုကို မလို မဆုတ်မနစ်သော ကြိုးစားမှု့ကိုသာလိုသည်။ ထူးချွန်သော ပါရမီရှင်ဖြစ်ရန်မလို အချစ်ကိုဆာလောင်မွတ်သိပ်တတ်ရန်သာလိုသည်။ သန်စွမ်းသော အင်အားမျိုးကိုမလို စည်းမျဉ်းဥပဒေကို လိုက်နာတတ်ဖို့သာလိုသည်။ တမန်တော်သားတို့၏ အမှုတော်ထမ်းဆောင်ခြင်းများတည်ကြည်ခိုင်မြဲစေရန်အတွက် တွေ့ကြုံရသည့် စိတ်ဓါတ်မကျဆင်းမှုမှန်သမျှကို အကြွင်းမဲ့ထက်သန်သော စိတ်ဖြင့် ကျော်ခိုင်းနိုင်စွမ်းရှိရမည်။ (လစ်လျူရှုနိုင်စွမ်းရှိရမည်) အခက်မခဲတွေ့ချိန်၌ မယိမ်းမယိုင်ကျောက်တိုင်ပမာ စိတ်ဓါတ်မျိုးထားရှိပါ။ သို့သော် အချိန်တိုင်း အသင့်အနေထားမှာရှိပါစေ။ အောင်မြင်မှုကို မျှော်လင့်ထားရမည်ဖြစ်သော်လည်း ယင်းအောင်မြင်မှုအတွက် မဝါကြွားရ အောင်မြင်မှုကို လွတ်လပ်ရေးပေးထားလိုက်ပါ။ တိုက်ပွဲဆိုတာ ရှောင်ပုန်းရန်အတွက်မဟုတ် ရင်ဆိုင်ရန်ဖြစ်သည်။ ငြီးငွေ့စရာလုပ်ရပ်များနှင့် အခက်အခဲအတားအဆီးမှန်သမျှကို အမြဲတိုက်ခိုက်ကာ အနိုင်ယူနေရမည်။

ဤသို့သောစိတ်ဓါတ်များက မိမိ၏လုပ်ငန်းအပေါ်ခွဲရှိရမည်ဟု ယုံကြည်ချက်ချင့် ကျိုးပမ်းအားထုတ် လျှက်ရှိသည်ကို ပုံဖော်ပေးသည်။ လိုအပ်သည့်အချိန်တိုင်း၌ အဆင်သင့်ရှိနေပါစေ။ အခြားအချိန်များတွင်လည်း အမြဲတမ်းနိုးနိုးကြားကြား ရှိနေစေရမည်။ မိမိရဲ့မြင်ကွင်းမှာ အတိုက်အခိုက်တွေရန်သူတွေ မတွေ့ရ၍ခပ်ပေါ့ပေါ့မနေရ။ အမြဲသတိနှင့် ကင်းလှည့်နေသလို ဘုရားရှင်အတွက် အမြဲအစဉ်သင့်ရှိနေပါစေ။ မဖြစ်နိုင်ဘူးဆိုတာ် မရှိစေရဆိုတဲ့ စိတ်ဓါတ်မျိုးမွေးမြူထားပါ။ ယာယီအစားထိုးအလုပ်လေးများနှင့်လည်း မတင်းတိမ်စေရ။ မည်သည့်ဝတ္တရားမျှ ကြီးမားသည်ဟူ၍မရှိသလို မည်သည့်ဝတ္တရားမျှ သိမ်ငယ်သည် ဟူ၍လည်းမယူဆရပါ။ ဝတ္တရားတိုင်းကို

တစ်ပြေးညီအာရုံထားပေးပါ။ တည်ကြည်၍ ပြောင်းလဲမှုအလျှင်မရှိသော စိတ်ဓါတ်မျိုးကို မွေးမြူပါ။ တာဝန်ဝတ္တရားအတွက်အဖိုးမဖြတ်နိုင်သော ဇွဲထက်သန်စိတ်ရှိပါစေ။ ဝိညာဉ်ကယ်တင်ရေးအတွက် အမြဲအဆင်သင့်ရှိနေပါ။ အပြစ်အမှောင်ထဲကျနေသည့် တိုင်အောင်သူတို့၏ ပျော့ကွက်ဟာကွက်လေးများကို နားလည်မှုပေးပြီး လက်တွဲခေါ်ယူလိုက်ပါ နူးညံ့သိမ်မွေ့တဲ့အချိန်ရယ်လို့ မရှိသလောက်ရှားပါးတဲ့ခေါင်းမာခက်ထန်သူတွေ အံ့သြသွားရလောက်အောင် နှိုးကြားဆွဖြင့် အစဉ်သင့်ရှိပါစေ။ လမ်းပျောက်နေသူတွေကိုရှာဖွေပြီး လမ်းကြောင်းပြန်လည်တက်မတ်ပေးလိုက်ပါ။ ကိုယ်ကျိုးမရှာပါနှင့်။ အခြားသူများ၏ ကားတိုင်ခရီးတွင် မိမိပါ ပါဝင်ကူညီပြီး သူနှင့်အတူခရီးဆုံးအထိ လျှောက်လှမ်းလိုက်စမ်းပါ။

ထိုအခါ ရရှိလာမည့် " အောင်မြင်ခြင်းသုခ " သည် " သစ္စာရှိသော ကညာမာရီးယား " အား အပ်နှံပူဇော်ထားသည့် အဖွဲ့၏ သစ္စာရှိသောအမှုတော်ထမ်းဆောင်ခြင်း ဂုဏ်ပုဒ်ပင်ဖြစ်သည်။

# အခန်းကြီး (၅)

## *'' မယ်တော်အား သဒ္ဒါကြည်ညိုခြင်းနှင့် ပတ်သတ်သော တမာန်တော်တို့၏ သဘောထား အမြင် ''*

"သဒ္ဒါကြည်ညိုမှု" နှင့် ပက်သတ်သော တမန်တော်တို့၏ သဘောထားအမြင်ကို သူတို့၏ ဆုတောင်းမေတ္တာများတွင် တွေ့နိုင်သည်။ တမန်တော်အဖွဲ့သည် ဘုရားသခင်အပေါ်၌ရှိသည့် မိမိတို့၏လေးနက်သော ယုံကြည်ခြင်းနှင့် လူသားတွေကိုချစ်သော ဘုရားသခင်၏ချစ်ခြင်းတို့ဖြင့် တည်ဆောက်ထားပါသည်။ ကိုယ်တော်ရှင်သည် တမန်တော်တို့၏ကြိုးစားအားထုတ်မှုများမှ မိမိ၏ဂုဏ်တော်ပေါ်လွင် ထင်ရှားစေလိုသဖြင့်တမန်တော်များကို သန့်ရှင်းမြင့်မြတ်စေလိုသည်။ ဇွဲထက်သန်စေလိုသည်။တမန်တော်တို့သည် ပူလွန်းခြင်းနှင့်အေးလွန်းခြင်းဆိုသော အစွန်းနှစ်ခုကြားတွင်ရပ်တည်နေကြရသည်။ အကြောင်းမှာ မိမိတို့သည် မိမိတို့၏အလုပ်အပေါ်ဂုဏ်ယူစေလိုသည့်အတွက် ဖြစ်သည်။

မည်သို့ပင်ဖြစ်လင့်ကစား ဘုရားရှင်သည် တမန်တော်အဖွဲ့ဝင်များအား မြင့်မြတ်သောစိတ်ထားများ သွတ်သွင်းပေးထားသည်ကို အသိအမှတ်ပြုလျှက် ဘုရားရှင်၏ကူညီဆောင်မမှုကို အစဉ်တစိုက်ခံယူမည်ဆိုပါက အောင်မြင်ခြင်းအသီးအပွင့်များစွာကို သယ်ဆောင်ပေးနိုင်ပေလိမ့်မည်။ ထူးခြားသသော စွမ်းဆောင်မှုတစ်ခုကြောင့် ရရှိသော အောင်မြင်မှုလက်ငင်းအကျိုးရလဒ်သည်ကား မိမိအတွက်ထက်ဘုရားရှင်အတွက်ဖြစ်စေရမည်။ တမန်တော်တို့ကျိုးစားအားထုတ်လျှက်ရှိသောလူများအမြင်မှန်ရပြီး အကျင့်ပြောင်းလဲလာရေးကို ကျနုပ်တို့သည် သန့်ရှင်းသောသူတော်စဉ်များဖြစ်ရန် ဆန္ဒကိုယ်စီရှိကြပါသည်။ ထိုထားရှိသောကျွန်ုပ်တို့ဆန္ဒထက် ဘုရားရှင်၏ဆန္ဒက သန်းပေါင်းများစွာပြင်းထန်လှပါသည်။ တမန်တော်တို့သည် မိမိကိုကိုယ်ပါရမီရင့်ကျက်စေခြင်းနှင့်နီးစပ်သူတို့အား အစေခံဝတ်ကိုပြုခြင်းတည်းဟူသော ဝတ်နှစ်ရပ်ကို အခြေခံလျှက် ဘုရားရှင်နှင့် အစဉ်မိတ်သဟာရ အဖြစ်တည်ရှိနေစေရမည်။ ယုံကြည်ကိုးစားမှုကင်းမဲ့ပါက အောင်မြင်ခြင်း၏လမ်းမကြီးပေါ်၌ မည်သည့်အရာမျှ အစဉ်ရပ်တည်နိုင်လိမ့်မည်မဟုတ်ပေ။ ယုံကြည်ခြင်းအလုံအလောက်ရှိပါက လောက၏အပူမီးများကို ငြိမ်းသတ်ရန်အတွက် ဘုရားရှင်သည် ကျွန်ုပ်တို့ကို အသုံးပြုတော်မူပေလိမ့်မည်။

ဘုရားသခင်၏သားဖြစ်သောသူမည်သည်ကား လောကကိုအောင်မြင်ခြင်း၏ဓေိကအကြောင်းအရင်းကား ငါတို့၏ယုံကြည်ခြင်းကြောင့်ဖြစ်သည်။ ယုံကြည်ခြင်းဟူသည်ကား အသက်ရှင်သော ဘုရားရှင်၏နှုတ်ကပတ်တော်၌ ရှိသည့်အမှန်တရားအတွက် မိမိကိုကိုယ်စွန့်လွှတ်အနစ်နာခံခြင်းဖြစ်သည်။ ထိုအမှန်တရားကားကိုယ်တော်၏ စီရင်တော်မူချက်တို့ကို အဘယ်သူမျှစစ်၍မကုန်နိုင်သော ကိုယ်တော်၏စီရင်တော်မုချက်နှင့် ရှာသော်လည်း မတွေ့နိုင်သော လမ်းတော်၏ဗဟိုချက်မတွင် မြင့်မြတ်သော ဘုရားရှင်၏ထာဝရဆန္ဒမွန်ဖြင့် မယ်တော်သည် ရပ်လျှက်ရှိတော်မူသည်ဟု ဆိုနိုင်ပါသည်။ ဘုရားရှင်၏ စီမံကိန်းရှိတော်မူသည့်အတိုင်း ထိုလမ်းမကြီးပေါ်မှနေ၍ မယ်တော်သည် နားလည်လက်ခံတတ်သော နှလုံးသားမှဖြာထွက်လာသည့် ယုံကြည်ခြင်းအလန်းဖျော့လေးများဖြင့် လမ်းညွှန်ပေးလျှက်ရှိပါသည်။ (R Mat 14)

## ၁။ ထာဝရဘုရားသခင်နှင့်အမိမယ်တော်မာရီယား

အမြင့်ဆုံးသော ဘုရားရှင်၏ဖွဲ့၍မကုန်နိုင်သော အာနုဘော်တော်များအောက်ဝယ် မယ်တော့်အား သဒ္ဒါကြည်ညိုခြင်းအမှုကို အခြေခံကာ မယ်တော့်တမန်တော်အသင်းကို ဖွဲ့စည်းထားသည်။(နဝမမြောက် ရဟန်းမင်းကြီးပီအုစ်)။ သို့သော် ဘုရားရှင်နှင့် နှိုင်းယှဉ်လျှင် မယ်တော်သည် မည်သို့သောနေရာတွင် ရှိပါသနည်း? ဘုရားရှင်သည် ဘာမျှမရှိသောအရာမှ ကမ္ဘာ့လူသားမျိုးနွယ်ကို ဖန်ဆင်းသကဲ့သို့ အမိမယ်တော်ကိုလည်း ဖန်ဆင်းတော်မူ၏။ ဘုရားရှင်သည် အမိမယ်တော်အား နှိုင်းယှဉ်၍ဖော်ပြနိုင်စွမ်း မရှိသော ဂုဏ်ပုဒ်များဖြင့် ချီးမြှင့်ထားသည်မှန်သောလည်းဖန်ဆင်းရှင်နှင့် နှိုင်းယှဉ်လျှင်ဘာမျှမဟုတ်ပါ။ မယ်တော်သည် အခြားသော သတ္တဝါများထက် များစွာသာလွန်ပါသည်မှန်ပါ၏။ အကြောင်းမူကားအခြားသတ္တဝါများထက် ဘုရားသခင်သည် သခင်မကို မျက်နှာသာပေးတော်မူ၏။ ဘုရားရှင်သည်မယ်တော်အား ကြီးမြတ်သောအမှုကို ပိုမိုပြုတော်မူ၏။ ကယ်တင်ရှင်ကြွလာမည့် စီမံကိန်းတော်သည်လည်းအစကနဦးကတည်းက ဘုရားရှင်၏ရွေးဉာဏ်တော်ဝယ် တည်ရှိတော်မူ၏။

ဘုရားရှင်သည်မယ်တော်အား ဂုဏ်ကျေးဇူးအပေါင်းတို့နှင့်ပြည့်စုံစေလိုသဖြင့်မိမိသားတော်နှင့်ယင်း သားတော်ဘုရား၌ တလုံးတဝတည်းရှိကြသောသူတို့၏မိခင်အားထားရာမိခင်ရင်းဖြစ်စေတော်မူ၏။ဤသည်မှာဘုရား ရှင်၏စီမံကိန်းတော်များဖြစ်သည်။ အကြောင်းမူကား အခြားသောသတ္တဝါအပေါင်းတို့ထံမှ ကျေးဇူးဆပ်တင်ခြင်းများကို ခံယူရရှိခြင်းထက် သခင်မထံမှ ကျေးဇူးဆပ်တင်ခြင်းမြောက်များစွာကို ဦးစွာပထမရရှိလိုသည့်အတွက် ဖြစ်သည်။ ဒုတိယအနေဖြင့် ကျွန်ုပ်တို့၏စိတ်နှင့် နားလည်နိုင်စွမ်းမရှိသော နည်းတို့ဖြင့် ကျွန်ုပ်တို့ထံမှ ရရှိမည့် ချီးမွမ်းထောပနာပြုခြင်း ဂုဏ်ကျက်သရေများကို ပိုမိုတိုးမြင့်စေလိုသောကြောင့်လည်းဖြစ်သည်။ ဤနည်းအားဖြင့် ကျွန်ုပ်တို့၏မိခင်လည်းဖြစ် ကယ်တင်ခြင်းသမိုင်းကြောင်းလည်းဖြစ်တော်မူသော မယ်တော်အား သဒ္ဒါကြည်ညိုမှု များသည် ကျွန်ုပ်တို့အတွက် ကျေးဇူးတော်လျော့နည်းမသွားသည့်အပြင် ပိုမို၍ပင် တိုးပွားများပြားစေတော်မူ၏။ ထို့ကြောင့် မယ်တော်သည်သစ္စာရှိသော စေတမန်ထက်ပိုပါသေးသည်။ ဘုရားရှင်၏စီမံကိန်းတော်၌မယ်တော်သည် အဓိကမဏ္ဍိုင်နေရာမှ ပါဝင်အသုံးတော်ခံခဲ့ရပါသည်။

ဤသို့အားဖြင့် မယ်တော်သည် ဘုရားရှင်၏မိခင် ဖြစ်လာသောကြောင့် ဘုရားရှင်၏ဘုန်းဂုဏ်တော် ပိုပိုတိုးပွားလာစေသည့်အပြင် ကျွန်ုပ်တို့အတွက် ကျေးဇူးတော်များလည်းပိုမိုခံစားရရှိလာရပါတော့သည်။ မယ်တော်အားပြုသော သဒ္ဒါကြည်ညိုမှုကြောင့် မိမိရရှိသော်ကိုးကွယ်ဝတ်ပြုခြင်းများကို ထာဝရဘုရားရှင်သည် နှစ်သက်မြတ်နိုးတော်မူ၏။ ဒုတိယပုဂ္ဂိုလ်သားတော်ဘုရားလည်းဖြစ် ကျွန်ုပ်တို့၏ကယ်တင်ရှင်လည်းဖြစ် ကျွန်ုပ်တို့၏ အသက်ရှင်းလည်း ဖြစ်တော်မူသောခရစ်တော်၏ကယ်တင်ခြင်းကျေးဇူးတော်အကျိုးဆက်ကြောင့် ခံစားရရှိမည့် မရေတွက်နိုင်သော ကောင်းမြတ်တော်မူခြင်းနှင့် ကျေးဇူးတော်များကို သယ်ဆောင်ပေးမည့် လမ်းတော်အဖြစ် မယ်တော်ကို ခန့်ထားဖို့ရန် ထာဝရဘုရားရှင်နှစ်သက်တော်မူသည်။

" ကျွန်ုပ်သည်အမိမယ်တော်ကို မှီခိုအားထားပါက သားတော်ဘုရားကို အစေခံရာရောက်၏။ အကယ်၍ကျွန်ုပ်သည် မိမိဘဝကြီးအား အမိမယ်တော်ကို ပီပီလုံးလုံးအပ်နှံပူဇော်လိုက်ပါက ကျွန်ုပ်တို့ထံမှ ခမည်းတော်ဘုရားအလိုလားဆုံးသော ရိုသေကိုးကွယ်ခြင်းတစ်ရပ်လည်းဖြစ်ပါသည်။ " ( စိန်အာလဖုန်းဆို )

## ၂။ ဘုရားနှင့်လူအကြားကျေးဇူးတော်များသယ်ဆောင်ပေးသူမာရီးယား (အကျိုးတော်ဆောင်မာရီးယား)

ဘုရားသခင်၏စီမံကိန်းတော်၌မယ်တော်၏လုပ်ပိုင်အာဏာများသည် ကန့်သတ်မှုကင်းမဲ့ကြောင်း သိထားသည့်အတွက် မယ်တော့်တမန်တော်များက မယ်တော့်အပေါ်ထားရှိသော ယုံကြည်ကိုးစားမှုသည်လည်း အတိုင်းအဆမရှိပါ။ ဘုရားရှင်အနေဖြင့်လည်းမိမိပေးစွမ်းနိုင်သည့်အရာအားလုံးကို မယ်တော့်အား အိတ်သွန်ဖါမှောက် ပေးထားသလို မယ်တော့်အနေဖြင့်လည်း မိမိလက်ခံနိုင်စွမ်းရှိသည့် အရာအားလုံးကို အစွမ်းကုန်လက်ခံ

ထားလျှက်ရှိသည်။ ဘုရားရှင်သည် မယ်တော်အားထူးခြားကျေးဇူးတော်တို့၏ အကြောင်းအရင်းအဖြစ် ကျွန်ုပ်တို့အတွက် စီမံထားတော်မူသည်။ မယ်တော်နှင့်စိတ်တစ်လုံးတစ်ဝတည်းထားလျှက် ပိုမိုထိရောက်သော နည်းလမ်းတို့ဖြင့် ဘုရားရှင်ထံ ချဉ်းကပ်ကြမည်ဆိုပါက ဘုရားရှင်ထံမှ ကျေးဇူးတော်များကို လွယ်ကူစွာဖြင့် လွတ်လွတ်လပ်လပ်ခံယူရရှိနိုင်ပါသည်။

မယ်တော်သည် သန့်ရှင်းသော ဝိညာဉ်တော်ဘုရား၏ အပေါင်းအဖော် ဖြစ်တော်မူသည့်အတွက် မယ်တော့်တမန်တော်တို့သည် မိမိတို့ကိုယ်ကိုမိမိတို့ ကျေးဇူးတော်မျး၏ ဒီရေများပမာ သဘောထားကြရပေမည်။ မယ်တော်သည်လည်း ခရစ်တော်အောင်မြင်စွာ ဆွတ်ခူးထားသည့် ကျေးဇူးအပေါင်း တို့၏စီးဆင်းရာလမ်းကြောင်းဖြစ်တော်မူ၏။ မယ်တော့်ဘက်မှ ကြားဝင်အကျိုးဆောင်ရွက်မှုမရှိလျှင် ကျွန်ုပ်တို့သည် မည်သည့်ကျေးဇူးမှ ခံစားရရှိလိမ့်မည်မဟုတ်ပေ။ မယ်တော်သည်လည်းယင်းကျေးဇူးတော်များကို ကျွန်ုပ်တို့ထံ သယ်ယူပို့ဆောင်ပေးရုံနှင့်အားမရ မယ်တော်ကိုယ်တိုင်ကလည်း ထိုကျေးဇူးတော်များကို ကျွန်ုပ်တို့အတွက် ထိန်းသိမ်းပေးထားတော်မူ၏။ ထိုသို့မယ်တော်၏ ကြားဝင်အကျိုးတော်ဆောင်ပေးမှုကို ယုံကြည်ကိုးစားလျှက် မယ်တော့်တမန်တော် အဖွဲ့ဝင်အားလုံးတို့သည် မယ်တော်အား အထူးသဒ္ဒါကြည်ညိုခြင်းရှိကြရမည်။

ဘုရားရှင်မယ်တော့်အားပြုတော်မူသော ကောင်းမြတ်တော်မူခြင်းများနှင့် ဂုဏ်ကျက်သရေတော်များကို ထောက်လျှင် ဘုရားရှင် ကျွန်ုပ်တို့အပေါ်ထားတော်မူသည့် အတိုင်းအဆမဲ့သော ချစ်ခြင်းမေတ္တာ၏ အတိမ်အနက်ကို နားလည်သဘောပေါက်ကြရမည်။ ဤနည်းအားဖြင့်ကျွန်ုပ်တို့အားလုံး၏ မျှော်လင့်ခြင်းများနှင့် ကျေးဇူးတော်များသည် မယ်တော်မှတဆင့် လက်ခံရရှိကြသည်ကို (အကြွင်းမဲ့) သံသယကင်းစွာဖြင့် ယုံကြည်လက်ခံကြပါစို့။

## ၃။ အပြစ်မဲ့သန္ဓေယူတော်မူသောမယ်တော်မာရီးယား

တမန်တော်အသင်းအနေဖြင့် မယ်တော်အား သဒ္ဒါကြည်ညိုခြင်းအမှု့တွင် မယ်တော်၏ အပြစ်မဲ့သန္ဓေယူတော်မူခြင်းသည် ဒုတိယအဆင့်တွင် ရှိသည်။ မယ်တော့်တမန်တော်အသင်း၏သမိုင်းတွင် ပထမဦးဆုံး ကျင်းပသည့်အစည်းအဝေးတွင် အပြစ်မဲ့သန္ဓေယူတော်မူသော မယ်တော်ဆင်းတုတင်ထားရာဘုရားစင်လေးကို ဝိုင်းကာအဖွဲ့ဝင်တို့သည် ဆုတောင်းခဲ့ကြသည်။ ဆွေးနွေးတိုင်ပင်ခဲ့ကြသည်။ (ယင်းကဲ့သို့စီမံထားသည့်ပုံစံလေးကို) ယနေ့ထက်တိုင် မယ်တော်တမန်တော်အသင်းများအစည်းအဝေးလုပ်သည့်အခါတိုင်းတွင် ယင်းကဲ့သို့ စီမံထားသည့်ပုံစံလေးအတိုင်း အပြစ်မဲ့သန္ဓေယူတော်မူသော မယ်တော်အားတွေ့မြင်နိုင်ပါသည်။
ထို့အပြင်အသင်း၏ပထမဦးဆုံးပင့်သက်ရှုသွင်းမှု့၌ပင် ဤအပြစ်မဲ့သန္ဓေယူခြင်းအား ဂုဏ်ပြုသဒ္ဒါကြည်ညိုမှုက နောင်တွင် မယ်တော်အားဖြင့် ခံစားရရှိမည့်အခွင့်ထူးများနှင့် မယ်တော်၏ဂုဏ်ကျက်သရေတော်တို့အတွက် ကြိုတင်ပြင်ဆင်ပန္နက်ရိုက်ထားသည်နှင့် မခြားရှိလှပါတော့သည်။

ကမ္ဘာဦးဖန်ဆင်းစက ဘုရားရှင်ကျွန်ုပ်တို့ကို ပေးထားတော်မူခဲ့သည့် ဂတိစကားသည် မယ်တော်၌ပြည့်စုံလျှက်ရှိကြောင်း ဤအပြစ်မဲ့သန္ဓေယူခြင်းက ရည်ညွှန်းလျှက်ရှိပေသည်။ ဤကဲ့သို့မယ်တော်သည် အပြစ်ကင်းစွာ ပဋိသန္ဓေယူတော်မူခြင်း အခွင့်ထူးကျေးဇူးတော်ကြောင့် ရှေးပရောဖက်တို့ ကြိုတင်ဟောထားခဲ့သည့်အတိုင်းလူသားအားလုံး၏မိခင်မာရီယားသည် ဘုရား၏မယ်တော်အဖြစ်နှင့်အောင်မြင်ခြင်းသရဖူကိုဆောင်းကာ မြွေ၏ဦးခေါင်းကို နင်းခြေတော်မူသည် ဟူသော အမှုပြီးပြည့်စုံတော်မူ၏။

"သင်နှင့်မိန်းမကိုလည်းကောင်း သင်၏အမျိုးအနွယ်နှင့် မိန်းမ၏အမျိုးအနွယ်ကိုလည်းကောင်း ငါသည် ရန်ငြိုးဖွဲ့စေမည်။ သူသည်သင်၏ခေါင်းကို ကြိတ်လိမ့်မည်။ သင်သည်သူ၏ဖနောင့်ကို ကြိတ်လိမ့်မည်။" (ကမ္ဘာဦးကျမ်း ၃း ၁၅)

မယ်တော့်တမန်တော်အဖွဲ့သည် အပြစ်ဒုစရိုက်ကို တိုက်ခိုက်ရာ၌ အားလုံးစုံးကိုတတ်နိုင်တော်မူသည့် ဘုရားရှင်က စာတန်နတ်ဆိုးအား မိန့်မြွက်တော်မူသည်။ အထက်ပါနှုတ်ကပါတ်တော်ကို မိမိတို့၏ယုံကြည်ချက်နှင့် ခွန်အားအဖြစ်သို့ ပြောင်းလဲမှတ်ယူနိုင်စွမ်းရှိစေရမည်။ ယင်းဦးတည်ချက်ကား အောင်မြင်ခြင်း၏ရလဒ် ဖြစ်သည်။ တမန်တော်သားတိုင်း၏နှလုံးသားများသည် မယ်တော်၏သားသမီးများနှင့် မခြားတူညီသည့် မျိုးစေ့များဖြစ်စေရပါမည်။



[redacted]

ဤသို့အားဖြင့် မယ်တော်သည် ဘုရားမိခင်အဖြစ် ပိုမိုပီပြင်လာသောအခါ မယ်တော့်တမန်တော်အသင်းက နတ်ဆိုး၏ မကောင်းမှုဒုစရိုက်များကို အောင်နိုင်လာခြင်းသည်လည်း ပိုမိုအဓိပ္ပါယ်ပြီးပြည့်စုံလာရပါတော့သည်။

"ဓမ္မဟောင်းနှင့် ဓမ္မသစ်ကျမ်းစာများ၌ လည်းကောင်း ရှေးထုံးသက်သေများ၌လည်းကောင်း ကယ်တင်ရှင်၏မိခင်အဖြစ်အမိမယ်တော်၏အခန်းကဏ္ဍသည် အထင်အရှားတွေ့မြင်နိုင်ပါသည့်အပြင် ကျွန်ုပ်တို့၏စိတ်ဝင်စားမှုများကိုလည်း ညှို့ယူဆွဲခေါ်လျှက်ရှိသည်။ ဓမ္မဟောင်းကျမ်းသည်ကား ကယ်တင်ခြင်း၏ သမိုင်းအဖြစ်မှတ်ယူနိုင်သည်သာမက လောကသို့ ဆင်းကြွလာမည့် ခရစ်တော်အတွက်လမ်းတော်ကို တဖြေးဖြေးနှင့် ပြင်ဆင်ပေးရာလည်းမည်ပါသည်။ အသင်းတော်၏ ကနဦးမှတ်တမ်းများအရ ဘုရားရှင်၏ကတိတော်ပြည့်စုံခြင်းသို့ ရောက်စေမည့် ကယ်တင်ရှင်၏မိခင် အမျိုးသမီးတစ်ဦးအဖြစ်လောက်သာ နားလည်သဘောပေါက်ထားခဲ့ကြသည်။ ဤအချက်ကို ထောက်ရှုစဉ်းစားကြည့်ပါက မယ်တော်သည် ရှေးပရောဖက်တို့ ကြိုတင်ဟောထားတော်မူခဲ့သည့် ဘုရားရှင်၏ကတိတော်၌ပါဝင်သော အမျိုးသမီးတစ်ဦးပင်ဖြစ်သည်။ ယင်းအမျိုးသမီးသည်ကား ကမ္ဘာဦးမိရင်းဖရင်းတို့အား အပြစ်သို့ကျဆင်းရန်နှောင့်ယှက်သော မြွေ၏ဦးခေါင်းကို နင်းချေအနိုင်ယူမည့် အမျိုးသမီးကို ရည်ညွှန်းခြင်းဖြစ်သတည်း။ (ကမ္ဘာဦးကျမ်း ၃း၁၅)

## ၄။ ကျွန်ုပ်တို့၏မိခင်မာရီးယား

ကျွန်ုပ်တို့သည် အမွေခံပိုင်ခွင့်ရှိသော သားသမီးများဟု ကြွေးကြော်ပါက ဤသားသမီးအဖြစ်သို့ ပို့ဆောင်ပေးသော မိခင်ဘဝကိုလည်းအသိအမှတ်ပြုကာ ရိုသေလေးစားကြရပေလိမ့်မည်။ ထို့ကြောင့် တမန်တော်အဖွဲ့၏ မယ်တော်ကို သဒ္ဓါကြည်ညိုခြင်းတတိယအဆင့်မှာ မယ်တော်အားမိမိတို့၏မိခင်ရင်းနှင့်မခြား ရိုသေဂါရဝပြုလေးစားခြင်းပင်ဖြစ်သည်။ ဆိုခဲ့သည့်အတိုင်းလည်း မယ်တော်သည် အမှန်ပင်ထိုက်တန်သူဖြစ်ပါသည်။ ကောင်းကင်တမန်တော်က မယ်တော်အားနှုတ်ဆက်သောအခါ မယ်တော်သည်နူးညံ့သိမ်မွေ့စွာဖြင့် တုန့်ပြန်သည်ကား "ကျွန်ုပ်သည် ထာဝရဘုရား၏ကျွန်မဖြစ်ပါ၏ကိုယ်တော်၏အမိန့်တော်မြွက်အတိုင်း ကျွန်မ၌ဖြစ်ပါစေသော်" ဟူ၍ဖြစ်သည်။ (လုကာ ၁း၃၈)

ထိုသို့တုန့်ပြန်လိုက်သည်နှင့်မယ်တော်သည် ခရစ်တော်ဘုရား၏ မိခင်ဖြစ်လာသည်သာမက ကျွန်ုပ်တို့အားလုံး၏ မိခင်လည်းဖြစ်လာရပါတော့သည်။ ကယ်တင်ရှင်၏ ကယ်တင်ခြင်းအမှုပြီးပြည့်စုံသည်နှင့် တပြိုင်တည်းမယ်တော်၏ မိခင်ဘဝသည်လည်း ပိုမိုစုံလင်ခြင်းအဖြစ်သို့ ရောက်ရှိလာရပါတော့သည်။ ကာလ်ဝါရီတော်ပေါ်တွင် ဝေဒနာများခံစားနေရသည့်ကြားထဲက ခရစ်တော်သည် ကားတိုင်ပေါ်မှာနေ၍ မယ်တော်အား မြွက်ဆိုသည်မှာ "အချင်းမိန်းမ သင်၏သားကိုကြည့်ရှု့ပါ" ဟူ၍လည်းကောင်း သံယောဟန်အားလည်း "သင်၏အမိကိုကြည့်ရှုပါ" ဟူ၍လည်းကောင်း မိန့်ဆိုတော်မူ၏။(ယောဟန် ၁၉း၂၆–၂၇)

ဤမိန့်ဆိုချက်တို့သည် သံယောဟန်ကို အကြောင်းပြု၍မိန့်ဆိုထားသော်ငြားလည်း ရွေးကောက်ခံရသူအားလုံးကို ရည်ညွှန်းလျှက်ရှိပါသည်။ ဤနည်းအားဖြင့် လူသားအားလုံး၏ ဝိညာဉ်ရေးဘဝ အသက်တာအသစ်တဖန် မွေးဖွားလာနိုင်ဘို့အတွက် ပူးပေါင်းဆောင်ရွက်ရန်သဘောတူလိုက်ရောမှုနှင့် ဝေဒနာများကို မျှဝေခံစားမှုတို့က ကျွန်ုပ်တို့အတွက် မယ်တော့်အား ပြည့်ဝစုံလင်သော မိခင်ဘဝသို့ ရောက်ရှိစေပါသည်။အမှန်ပင်ကလေးငယ်များသည် မိမိတို့၏မိခင်ကိုသာ ယုံကြည်အားကိုးသကဲ့သို့ ကျွန်ုပ်တို့သည်လည်း မယ်တော်ကိုပီပီလုံးလုံးကြီး ယုံကြည်ကိုးစားကြရပေမည်။ အထူးသဖြင့် ကျွန်ုပ်တို့သည် မယ်တော်၏ကျွေးမွေးစောင့်ရှောက်မှုကိုငှင်း၊ မယ်တော်၏ကူညီလမ်းပြမှု့ကိုလည်းကောင်း မယ်တော်၏သွန်သင်ဆုံးမမှုကိုငှင်း ဝေဒနာများအတွက် ကုသမှုကိုခံယူရန်အတွက်လည်းကောင်း၊ ကျွန်ုပ်တို့၏ဝမ်းနည်းပူဆွေးမှု့များကို နှစ်သိမ့်ပေးရန်လည်းကောင်း သခင်မကိုသာအားကိုးအားထားကြရပါသည်။ ဤနည်းအားဖြင့် ကျွန်ုပ်တို့သည်နောင်တော်ကြီးယေရှုးနှင့် တစ်နေ့တစ်ခြားတူလာပြီး ကိုယ်တော်၏ ဝိညာဉ်ကယ်တင်ရေးစီမံကိန်းနှင့် အပြစ်ဒုစရိုက်ကို ချေမှုန်းခြင်း စစ်ဆင်ရေးတို့၌ ကိုယ်တော်နှင့်အတူပါဝင် တိုက်ပွဲဝင်နိုင်ကြပေလိမ့်မည်။

"မာရီးယားသည် အသင်းတော်၏ မိခင်ဖြစ်လာသည်။ အကြောင်းမှာ မိမိသားတော်

ခရစ်တော်ယေရှု၏ အထူးချစ်ခင်နှစ်သက်မြတ်နိုးခြင်းခံရသော မိခင်တစ်ဦးဖြစ်သောကြောင့်တည်း။ ယင်းဘုရား၏သားတော်သည်အပြစ်နှင့်ကင်းသော လူသားစစ်စစ်တစ်ဦးဖြစ်သလို တန်ခိုးအာနိသင်များနှင့်ပြည့်စုံသော ဘုရာစစ်စစ်လည်းဖြစ်ပေသည်။ယင်းအပြင် ကယ်တင်ခံလူသားထုထဲမှ ဖြောင့်မတ်သူတို့ အတုယူခံထားရသည် ပုဂ္ဂိုလ်လည်းဖြစ်သောကြောင့်တည်း။ အဘယ်မည်သော မိခင်မှမိမိ၏မျိုးဆက်မှ ရင်သွေးအားလုံး၏ စားဝတ်နေရေးတို့ကို မိမိလက်လှမ်းမှီသရွေ့ အကျိုးဆောင်လုပ်ကိုင် ပေးကြရပေမည်။ထိုနည်းတူစွာပင် အမိမယ်တော်သည်လည်း မိမိသားတော်၏ကယ်တင်ခြင်းကားတိုင်ခရီးကို အဆုံးထိမိမိသားတော်နှင့်အတူ ပါဝင်ဆောင်ရွက်သည်။

ထို့အပြင် တမန်တော်ကြီးယောဟန်၏ မိခင်တစ်ဦးဖြစ်ရုံသာမက ကျွန်ုပ်တို့လူသားအားလုံး၏ မိခင်လည်းဖြစ်တော်မူကြောင်း တရားဝင်ထုတ်ပြန်ကြေငြာခဲ့သည်။ ယနေ့ထက်တိုင်လည်း မယ်တော်သည် ကယ်တင်ခံလူသားအယောက်တိုင်း၏ နှလုံးအိမ်ဝယ် ခရစ်တော်ဘုရားကိုမွေးဖွားပေးလျှက်ရှိသော မိခင်တစ်ဦးအဖြစ် ကောင်းကင်မှနေ၍ ဆက်လက်တာဝန်ထမ်းဆောင်လျှက်ရှိပါသည်။ ဝိညာဉ်ကယ်တင်ခြင်းခရီးစဉ်၌ ဘုရားရှင်သည် မိမိ၏ရွှေဉာဏ်တော်ဖြင့်ကြိုတင်စီမံထားသော ဤမယ်တော်၏မိခင်ဘဝအသက်တာကို ထက်သန်သော ယုံကြည်ခြင်းဖြင့်လက်ခံကြရလိမ့်မည်။ ဤသည်ကားခရစ်ယာန်အားလုံး၏ ယုံကြည်ရာအချက်ပေတည်း။

## ၅။ တမန်တော်တို့၏ဘာသာတရားကိုင်းရှိုင်းမှုသည် တမန်တော်လုပ်ငန်း၏ အဓိကရေသောက်မြစ် ဖြစ်သည်။

ဘုရား၏မယ်တော်အား စိတ်အားရှိသမျှနှင့် ကြည်ညိုသဒ္ဒါပွားမှုသည် မယ်တော်တမန်တော် အသင်းဝင်တို့၏ အနှစ်သက်ဆုံးသော ဝတ္တရားတစ်ခုပင်ဖြစ်သည်။ အဆက်မပြတ် လေ့ကျင့်မှုနှင့် လေးနက်စွာ ကမ္မဋ္ဌာန်းစီးဖြန်းနိုင်မှုတို့ကို ကျင့်ကြံအားထုတ်နိုင်သော တမန်တော်သားတိုင်းအတွက် ဖော်ပြပါ။ မယ်တော်အား အထူးသဒ္ဒါ ကြည်ညိုမှုသည် လွယ်ကူပေလိမ့်မည်။ ဤအမှုသည် တမန်တော်တို့၏ မလုပ်မဖြစ်အလိုအပ်ဆုံးသော သဒ္ဒါ ကြည်ညိုမှုဟု ယူဆပါလျှင် ယင်းကို တမန်တော် အဖွဲ့သားတိုင်းလိုက်ကျင့်ကြရမည်။ အခြေခံဥပဒေတစ်ရပ် အဖြစ်သတ်မှတ်ရပေလိမ့်မည်။ ဆိုလိုသည်မှာ ဤသဒ္ဒါကြည်ညိုမှုကို အပတ်စဉ် အစည်းအဝေးတိုင်းတွင် လုပ်ငန်း ချမှတ်ချက် တစ်ခုအနေဖြင့် အဖွဲ့ဝင် တစ်ဦးဦးအား တာဝန်ချပေးသင့်သည်။ အဖွဲ့ဝင်တိုင်းကလည်း ဤအချက်ကို လေးနက်စွာ နားလည်သဘောပေါက်ကာ တစ်စိတ်တသဘောတည်း ရှိကြရပေလိမ့်မည်။ ဖော်ပြပါ သဒ္ဒါကြည်ညို မှုကို လေးနက်စွာ သဘောမပေါက်သော တမန်တော်တို့အတွက်မူ ဤ အမြင်မျိုးမြင်နိုင်ကြလိမ့်မည် မဟုတ်ချေ။

ဤသဒ္ဒါကြည်ညိုမှုကို လုပ်ငန်းတစ်ခုအဖြစ် ချမှတ်ပါက အထူးသတိပြုဖို့တော့ လိုအပ်ပါသည်။ အကြောင်းမှာ အဖွဲ့ဝင်တစ်ဦးဦးက ဤအမှုကို လုပ်ရမည့် ဝတ္တရားတစ်ခုအဖြစ်မမြင်ပဲ ကြည်ညိုသဒ္ဒါပွားမှု တစ်ခုခု အဖြစ်တိုင်းတာလိုက်ပါက မူလရည်ရွယ်ချက်များ ပျက်စီးသွားနိုင်ပါသည်။ ထို့ကြောင့် ဤသို့ လုပ်ငန်းချမှတ်ရာ၌ တစ်ဦးနှင့်တစ်ဦး ယုံကြည်စိတ်ချဖို့တော့ လိုသည်။ အကယ်၍ တမန်တော်များသည် ဝိညာဉ်ရေးရာ၌ အခိုင်အမာ မတည်ဆောက်ထားပါက အဖွဲ့အစည်းအတွင်း မှားယွင်းချွတ်ချော်မှု တစ်ခုဖြစ်လာလျက် မူလပင်မ တမန်တော် ဥပဒေများကို လာရောက် ထိခိုက်နိုင်ပါသည်။ ဤသို့အားဖြင့် တမန်တော် ဥပဒေ၏ အဓိက ဝိညာဉ်ရေးကျင့်စဉ်များ အားနည်းလာပါက တမန်တော်အဖွဲ့သည် တစ်ဖြည်းဖြည်းနှင့် ဆုတ်ယုတ်ပျက်စီးစ ပြုလာမည့်အပြင် မိမိ၏ အဖွဲ့ဝင်များကိုလည်း ရေရှည်တွင် ထိန်းသိမ်းထားနိုင်တော့မည်မဟုတ်ချေ။ ထိုအခါ မယ်တော့် တမန်တော် အသင်းသည် ဘာသာတရားကိုင်းရှိုင်းသော်လည်း စည်းကမ်းသေဝပ်မှုမရှိသည့် မိသားစု တစ်စုနှင့် အလားသဏ္ဌာန်တူပါလိမ့်မည်။

သို့သော် တမန်တော် သားတိုင်းက တမန်တော် အသင်း၏ လုပ်ငန်းဆောင်တာတိုင်းကို အပြောင်မြောက်ဆုံး ဆောင်ရွက်ကြမည်ဆိုပါက မယ်တော့် တမန်တော် အသင်းသည် မိမိ၏ ရည်ရွယ်ချက်များအတိုင်း စိတ် ရောကိုယ်ပါ အစွမ်းကုန်ကြိုးစားလျက်ရှိသော အသင်းတစ်ခုအဖြစ် တွေ့ရှိလာကြရပါလိမ့်မည်။ နတ်ဆိုးတို့ မဖျက်ဆီးနိုင်သည့် စုစည်းမှု အင်အား ကောင်းကောင်းဖြင့် တည်ဆောက်ထားသည့်အတွက်လည်း ဤ အသင်းသည် ဘုရားရှေ့၌ မျက်နှာရသော အသင်းတစ်သင်းဖြစ်သည်။ မယ်တော့် တမန်တော်သားတိုင်းက မယ်တော်အား ဟုတ်မှန်သော သဒ္ဒါကြည်ညို

ခြင်းသည် ကျေးဇူးအပေါင်းတို့ စီးဆင်းရာ ထူးခြားသော လမ်းသွယ်တစ်ခုအဖြစ် ယုံကြည်ပါက ဘုရားရှင်ထံမှ ကျေးဇူးအားလုံးကို ခံယူရရှိသော မယ်တော်နှင့် တစိတ်တဝမ်းတည်းထားကာ အဆက်မပြက် ဆုတောင်းမေတ္တာပြုလျက် ရှိသော အဖွဲ့အစည်းအတွက်မူ အဘယ်သို့သော ကျေးဇူးထူးများ ခံစားရပါမည်နည်း။ ထိုသူအပေါင်းတို့သည် မယ်တော်မာရီးယားမှစ၍ မိန်းမတို့နှင့်လည်းကောင်း၊ ညီတော်တို့နှင့်လည်းကောင်း၊ တညီတညွတ်တည်း ကြိုးစား၍ ဆုတောင်းပဌနာပြုလျက်နေကြသည်။ (တမန်တော် – ၁း၁၄)

မယ်တော်နှင့် တစိတ်တဝမ်းတည်းထားကာ ကျေးဇူးတော်များကိုဝေငှပေးလျှက် ရှိသည့်ဘုရားသခင်၏ စီမံကိန်း၌ပါဝင်ကြသော အဖွဲ့အစည်းတိုင်းသည် ထူးဆန်းအံ့ဖွယ်ရာ တန်းခိုးလက္ခဏာများကို မပြနိုင်သည့်တိုင် သန့်ရှင်းသောဝိညာဉ်တော်ဘုရား၏ ကျေးဇူးအပေါင်းတို့နှင့်တော့ ပြည့်ဝနေကြပေလိမ့်မည်။

စီနေကယ်အရပ်၌ တပည့်တော်ကြီတို့နှင့်အတူဆုတောင်းပတ္ထာနာပြုလျှက်ရှိသော မယတော်ငသည် မိမိ၏နှလုံးသားမှယိုစီးကြလာသည့် ပြော၍ မပြနိုင်သော ချစ်ခြင်းမေတ္တာတော်ကြောင့် အသင်းတော်ကြီးအတွက် ထာဝစဉ်တန်ဖိုးမဖြတ်နိုင်သော ဆုကျေးဇူးတော်တစ်ရပ်ကို တောင်းခံတော်မူခဲ့သည်။ ထိုကျေးဇူးတော်ကား ခရစ်တော်၏အထူးခြားဆုံးနှင့် အပြောင်မြောက်ဆုံး ဖြစ်သည့်ပါရကလက်တည်းဟူသော သန့်ရှင်းသော ဝိညဉ်တော်ဘုရားပင်ဖြစ်သတည်။

## ၆။ အကယ်၍မယ်တော်ကိုသိခဲ့လျှင်

စိတ်ပျက်စဖွယ်ကောင်းလောက်အောင် ဘာသာရေး၌ပေါ့လျော့နေသော ဘာသာတူများကြား၌ အမှုထမ်းနေသည့် ဘုန်တော်ကြီးအား ဖါသာဖါးဘားမှအားပေးသည်မှာ မယတော့်တမန်တော်အသင်းဖွဲ့စည်းရန်နှင့် ယင်းတမန်တော်အဖွဲ့မှ ခံစားရရှိသည့်တန်ဖိုး အနှစ်သာရများကိုလည်းထောက်ရှု့စဉ်းစားရန်အတွက်ဖြစ်သည်။ ဖါသာဖါဘား၏ အားပေးစကားများကို ရဟန္တာလူဝစ်မာရီဒေမွန်းဖော့၏ မယတော်အားစစ်မှန်သော သဒ္ဓါကြည်ညိုခြင်း စာအုပ်၏အဖွင့်မှာစာတွင် တွေ့နိုင်ပါသည်။ ဘုန်းတော်ကြီးဖါဘား၏ဒဿနများမှာကား ဤသို့တည်း –

"ယနေ့ခေတ်၌ မယ်တော်သည် လူအားလုံး၏အချစ်နှင့် အသိအမှတ်ပြုခြင်းကို အပြည့်အဝမခံယူရရှာပါ။ ဤသည်ကားဝိညာဉ်များအတွက် ရလဒ်မကောင်းလှပါ။ မယ်တော်အားသဒ္ဓါကြည်ညိုမှု့ အပေါင်းသည်လည်း အင်မတန်မှ နိမ့်ကျကာသိမ်ငယ်၍ရိုးစင်လှပါသည်။ သူတို့၏သဒ္ဓါကြည်ညိုမှု့များ၌လည်း ယုံကြည်ခြင်းကိုရှာ၍ မတွေ့ရပါ။ ဤကဲ့သို့ပေါ့ပျက်ပျက်ကြည်ညိုမှု့များကြောင့် လူအများခရစ်တော်ကို မကြည်ညိုကြတော့ပေ။ မိစ္ဆာတို့၏အယူမှလည်း ပြောင်းလဲခြင်းမရှိ။ အသင်းတော်ကြီးသည်လည်း လေးစားခြင်းခံရတော့။ ရဟန္တာဖြစ်နိုင်သည့်ပါရမီရှင်များလည်း လျှော့နည်းလာသည်။ စက္ကရမင်တူးများကိုလည်း ခံယူသင့်သလောက် မခံယူကြ။ ဧဝံဂေလိတရားကိုလည်း စိတ်အားထက်သန်စွာ မဟောပြောကြတော့။ မယ်တော့်ကို ရှေ့တန်းတင်ထားမှု့မရှိသည့်အတွက်လည်း ခရစ်တော်အကြောင်းကို ဝိုးတဝါးလျှောက်သာသိကြသည်။ မယ်တော့်အကြောင်းကို ဖုံးကွယ်ထားကြသဖြင့်လည်းလူသန်းပေါင်းများစါာ ပျက်စီးဆုံးရှုံးကြရသည်။ ဤသည်ကား ကျွန်ုပ်တို့ပြောပြောနေသည့် မယ်တော့်အားသဒ္ဓါကြည်ညိုခြင်းမျေးအတွက် ဝမ်းနည်းစဖွယ်ကောင်းသော အရိပ်မဲကြီးများပင်ဖြစ်သည်။ ဤသို့ဖြစ်ရခြင်း၏အကြောင်းအရင်းမှာ မိမိတို့၏ဆန္ဒများကို ရှေ့တန်းတင်ထားခြင်း မကောင်းမှု့ဒစရိုက်များ၌မွေ့လျှော်ခြင်း၊ တာဝန်ဝတ္တရားပျက်ကွက်ခြင်းများနှင့် စိတ်ဓါတ်ကျဆင်းလာမှု့ များကြောင့်ဖြစ်သည်။ ရဟန္တာတို့၏ ဟောပြောပို့ချချက်များကို ယုံကြည်ပါလျှက် မွန်မြတ်သော မယ်တော်ကိုအထက်က ပြောခဲ့သည့် သဒ္ဓါကြည်ညိုခြင်းက ထူးခြားသောကျေးဇူးများကို ပေးသည့်အပြင် သူ့ဝိညာဉ်ကိုလည်း တစ်မျိုးတစ်ဖုံဖြစ်အောင် ပြောင်းလဲပေးသည်ကို ထူးခြားစွာတွေ့ရပေမည်။ လူများကို ကယ်တင်ရန်နှင့် ခရစ်တော်နိုင်ငံသို့ ပို့ဆောင်ရာ၌ ဤယုံကြည်ခြင်းမျိုးစေ့သည် အင်မတန်မှ အစွမ်းထက်ကြောင်း ကိုလည်း တွေ့ရပေလိမ့်မည်။

နတ်ဆိုး၏ဦးခေါင်းကိုနင်းချေနိုင်သော ကျေးဇူးတော်ကိုအမိမယ်တော်အားဘုရားရှင်က အပ်နှင်းခဲ့သည်။ ထိုနည်းတူစွာပင် အမိမယ်တော်နှင့် တစ်လုံးတစ်စည်းတည်းရှိသော သူတိုင်းသည်လည်း အပြစ်ဒုစရိုက်ကိုအောင်နိုင်သော ကျေးဇူးဖြင့် ချီးမြှင့်ခြင်းခံရပေမည်။ ကျွန်ုပ်တို့သည် ခိုင်မြဲထက်သန်သော မျှော်လင့်ချက်မယိမ်းယိုင်သော

ယုံကြည်ချက်တို့ဖြင့် ဤအချက်ကို ယုံကြည်ကြရမည်ဖြစ်သည်။

ဘုရားရှင်သည် ကျွန်ုပ်တို့အား ကျေးဇူးတော်များကို သွန်းလောင်းရန်အလိုတော်ရှိတော်မူ၏။ ဘုရားရှင်၏မယ်တော်အားဖြင့် သွန်းလောင်းခံရမည့် အဖိုးမဖြတ်နိုင်သော ဤကျေးဇူးများကိုလက်ခံဖို့ရန် ကျွန်ုပ်တို့အပေါ်၌ များစွာမူတည်ပါသည်။

## ၇။ မယ်တော်မာရီးယားကို ဤလောကသို့ပင့်ဆောင်ခြင်း

မယ်တော်အားသဒ္ဓါကြည်ညိုမှုသည် အံ့ဖွယ်သောအမှုများကို ဖြစ်စေသည်ဟုယုံကြည်ပါက ယင်းသဒ္ဓါကြည်ညိုမှုအား မယ်တော်ကိုဤလောကသို့ပင့်ဆောင်ရာ၌လက်နက်တစ်ခုအဖြစ် အသုံးပြုရပေမည်။ မယ်တော့်အားသဒ္ဓါကြည်ညိုနိုင်ရန်အတွက် သာသနာပြုအဖွဲ့အစည်းတိုင်းက အသုံးပြုချဉ်းကပ်သော နည်းမျိုးစုံတို့သည်လည်းကောင်း၊ သာသနာပြုအဖွဲ့တိုင်းက လူများ၏စိတ်နှလုံးကို စုစည်းလျှက် မယ်တော်အပေါ်ထားရှိသော ချစ်ခြင်းမေတ္တာတို့သည်လည်းကောင်း၊ သာသနာပြုအဖွဲ့အစည်းတိုင်းက မယ်တော်အတွက်ဆိုလျှင် နေရာဒေသမရွေး ဝင်ရောက်ထိုးဖေါက်ကျော်ဖြတ်ကာ စွမ်းဆောင်သည့်လုပ်ဆောင်ချက်တို့သည်လည်းကောင်း၊ သာသနာပြုအဖွဲ့အစည်းတိုင်းက မယ်တော်အတွက် အရေအတွက်အကန့်အသတ်မဲ့ ပေးဆပ်သော ဆက်ကပ်မှုတို့သည်လည်းကောင်း၊မယ်တော်အား လောကသို့ပင့်ဆောင်ခြင်းအမှုလောက် မည်သည့်သဒ္ဓါကြည်ညိုမှုမှ ထိထိရောက်ရောက်ရှိလိမ့်မည့်မဟုတ်ချေ။

ဤအသင်းသည်ကားနှုတ်အားဖြင့် ချီးမွမ်းရန်မဖြစ်နိုင်လောက်အောင် ဂုဏ်ကျက်သရေရှိလှသည့် အမိမယ်တော်၏အမည်နာမကို ခံယူထားသော အသင်းတစ်သင်းလည်းဖြစ်သည်။ ထို့အပြင်မယ်တော့်အပေါ်၌ ကလေးသူငယ်တစ်ဦးပမာ အကန့်အသတ်ကင်းမဲ့သော ယုံကြည်ခြင်းဖြင့်တည်ဆောက်ထားသည့် အသင်းအဖွဲ့တစ်ခုလည်းဖြစ်သည်။ ဤအဖွဲ့သည်အဖွဲ့ဝင်ယောက်တိုင်း၏ စိတ်နှလုံးတွင် တည်ကြည်ခိုင်မာသော သစ္စာတရားတစ်ခုကို ကြဲချပေးထားပြန်ပါသေးသည်။ ထို့ကြောင့်လည်း ဤအသင်းသည် စည်းကမ်းရှိ၍ သစ္စာတရားနှင့်ပြည့်ဝသော နိုးကြားသက်ဝင်သည့် အဖွဲ့ဝင်များကိုပိုင်ဆိုင်ထားပါသည်။ ဤသည်ကား မယ်တော့်တမန်တော်အသင်းအတွက် စိတ်ကူးယဉ်ပြခြင်းသက်သက်မဟုတ်။ စည်းမျဉ်းစည်းကမ်းတကျ ဖွဲ့စည်းထားခြင်းအပေါ်၌ ယုံကြည်ကိုးစားခြင်းပင် ဖြစ်သည်။ အကြောင်းမှာ ဤအသင်းသည်သတ္တလောကကြီး အတွက်ဖန်ဆင်းရှင်၏ လက်တော်ဖြင့် ဖန်ဆင်းလိုက်သော စက်ယန္တယားကြီးတစ်ခုနှင့်အခြား တူလှသောကြောင့် ဖြစ်သည်။ ထို့ပြင်မယ်တော်သည် မိမိ၏ထာဝရတာဝန်တစ်ရပ်ဖြစ်သော နတ်ဆိုးခေါင်းကို နင်းချေခြင်းအလုပ်နှင့် မိခင်စိတ်အပြည့်ဖြင့် ဝိညာဉ်များကယ်တင်ခြင်းအလုပ်တို့ကို ဆောင်ရွက်နိုင်ရန်အတွက် မယ်တော်တမန်တော်အသင်းကို ဤလောက၌မိမိ၏ ကိုယ်စားလှယ်အဖွဲ့အဖြစ် သဘောထားကာ အသုံးပြုလျှက် ရှိပါသည်။

"ဘုရားသခင်၏အလိုတော်ကို ရွက်ဆောင်သောသူသည်ငါ့ညီ ငါ့နှမ ငါ့အမိဖြစ်သတည်း" (မာကု –၃း၃၅) ခရစ်တော်ဘုရားသည် ကျွန်ုပ်တို့ကို အင်မတန်မှ မြင့်မြတ်သော ဂုဏ်အဆင့်သို့ ချီးမြှင့်တော်မူသည့် အတွက် ဘယ်လောက်များအံ့သြစဖွယ်နှင့် ဂုဏ်ယူစဖွယ်ကောင်းလှပါသနည်း။ ထိုသူအား ကမ္ဘာလောကကြီးသို့ ခေါ်ဆောင်လာသော အမြင့်မြတ်ဆုံးသော အမျိုးသမီးအဖြစ် ကြွေးကြော်တော်မူသည်။ သို့သော် သူမ၏မိခင်ဘဝ ပေးဆပ်မှုနှင့် အခြားသူတို့၏ မိခင်ဘဝပေးဆပ်မှုတို့သည် အတူတူပင်ဖြစ်သည်။ ထိုပေးဆပ်မှုတို့သည် တူညီမှု မရှိကြောင်း မည်သူမှ ကန့်ကွက်နိုင်လိမ့်မည်မဟုတ်ချေ။ (ရှင်းလင်းချက်– မယ်တော်သည် လောကအတွက် ခရစ်တော်ကို မွေးဖွားပေးသည်။ မယ်တော်တမန်တော်အဖွဲ့သည် လောကအတွက် ခရစ်တော်ကို သယ်ဆောင်ပေးသည်။ ထို့ကြောင့် မယ်တော်၏ဆောင်ရွက်ချက်နှင့် မယ်တော့်တမန်တော် အသင်းတို့၏ဆောင်ရွက်ချက်တို့သည် ထပ်တူထပ်မျှပင်ဖြစ်သည်ဟု ဆိုလိုပါသည်။ အကြောင်းမူကား ဇဝ်ဂေလိကျမ်းစာက မျိုးဆက်သစ်တို့အတွက် အမိအဖအသစ်တို့ကို ဆိုလိုသောကြောင့် ဖြစ်သည်။ (စိန့်ဂျွန်ခရစ္စတွန်)

# အခန်းကြီး (၆)

## " မယ်တော့်အပေါ်ထားရှိသော တမန်တော်အဖွဲ့ဝင်တို့၏ တာဝန်ဝတ္တရားများ "

**၁။ မယ်တော့်အကြောင်းကို နေ့စဉ်နှင့်အမျှ စဉ်းစားထောက်ရှုနေခြင်းအားဖြင့်လည်းကောင်း၊ တမန်တော် အသင်း၏ လုပ်ငန်းချမှတ်ချက်များကို ခွဲထက်သန်စွာ ဆောင်ရွက်ခြင်းအားဖြင့်လည်းကောင်း၊ မယ်တော့်တမန်တော်အဖွဲ့ဝင်အယောက်တိုင်းကို "သစ္စာရှိသော ငယ်သားကောင်း" များအဖြစ်နေရာပေး သတ်မှတ်ထားပါသည်။**

ဤအချက်သည် အသင်း၏ အခြားသော ဝတ္တရားများထက် အဓိကကျသော တာဝန်ဝတ္တရား တစ်ခုဖြစ်ကြောင်းသဘောပေါက်နားလည်ထားရမည်။ (ဤအချက်နှင့်ပက်သတ်၍ အခန်းကြီး(၅)နှင့် နောက်ဆက်တွဲ (၅)တို့တွင် ဆက်လက်ဖော်ပြထားပါသေးသည်။) ခရစ်တော်အတွက်လောကကြီးကို အောင်နိုင် ရန် အကောင်းဆုံးနည်းလမ်းနှင့် အမှားအယွင်းကင်းသော နည်းလမ်းကောင်းများ မယ်တော့်ကို ဤသတ္တလောကကြီးသို့ ပင့်ဆောင်ခြင်းပင်ဖြစ်သည်။ ဤသည်ပင်လျှင် မယ်တော့်တမန်တော်အသင်း၏ အဓိကဦးတည်ချက်ဖြစ်သည်။ သို့သော်တမန်တော်သားတိုင်း၏ နှလုံးသားအိမ်ဝယ် ခရစ်တော်သည် ထင်ထင်ရှားရှားမရှိပါက ဖော်ပြပါ ဦးတည်ချက်ကို အကောင်အထည်ဖေါ်နိုင်လိမ့်မည်မဟုတ်ချေ။ ထိုအခါထိုသူသည် တမန်တော်အဖွဲ့လမ်းစဉ်နှင့် ကင်းကွာလျှက်ရှိနေသူ ဖြစ်လာသည်။ ထို့အပြင်ထိုသူသည် လက်နက်မရှိသော စစ်သား၊ ပြတ်နေသောသံကွင်း ခန္ဓာကိုယ်နှင့် တွဲလျှက်မရှိသည့်လက်မောင်းများပမာ ဘာမျှလုပ်ဆောင်နိုင်တော့မည် မဟုတ်ချေ။

စစ်တပ်တိုင်း (အလားတူသော တမန်တော်အဖွဲ့)ကို လေ့လာကြည့်မည်ဆိုလျှင် စစ်ဗိုလ်ထံသို့ စစ်သားတိုင်းက စုစည်းကြရပါသည်။ သို့မှသာလျှင် ခေါင်းဆောင်သည် စစ်ဆင်ရေးတိုင်းကို ချောမွေ့စွာ ကောင်အထည်ဖေါ်နိုင် မည်ဖြစ်သည်။ ထိုအခါ စစ်တပ်၏ဆောင်ရွက်ချက်တိုင်းသည် တစ်သံတည်းထွက်လာသည်။ အဆုံးတွင်မူ စည်းကမ်းသိမ်မွေ့မှုနှင့် သွေးစည်းညီညွတ်မှုတို့က စစ်ဆင်ရေးယန္တရားကြီးတစ်ခုလုံးကို ကောင်းမွန်စွာ လည်ပတ်စေပါသည်။ ထပ်လောင်း၍ဆိုရပါမူ သမိုင်းစစ်တစ်လျှောက်၌ ထင်ရှားကျော်ကြားသည့် စစ်တပ်များမှ စစ်သည်တော်တို့သည် မိမိတို့၏ခေါင်းဆောင်ကို ချစ်ခင်ကြည်ညိုလေးစားကြသည်။ ခေါင်းဆောင်နှင့် တစ်စိတ်တစ်ဝမ်းတည်းထားကာ သွေးစည်းညီညွတ်ကြသည်။ စစ်ဆင်ရေးကြီးအောင်မြင်ဘို့အတွက် ဆိုလျှင် ကိုယ်ကျိုးမငဲ့ကွက်ပဲ အသက်ပေးအမှုထမ်းရန် အမြဲအစဉ်သင့် ရှိနေတတ်ကြသည်။ ဤနည်းအားဖြင့် ယင်းခေါင်းဆောင်သည် မိမိစစ်သည်တော်တို့နှင့် အမြဲအတူရှိနေသူတစ်ဦးဖြစ်လာသည့်အပြင် သူတို့၏ နှလုံးသားများကို စိုးမိုးနိုင်သူ၊ သူတို့အတွက် ကြည်ညိုလေးစားထိုက်သူ၊ အားကိုးထိုက်သူ၊ ဂုဏ်ယူထိုက်သူတစ်ဦးအဖြစ် မြင်ယောင်လာပါတော့သည်။

ဖော်ပြပါအချက်တို့က ခေါင်းဆောင်သည် မိမိလက်အောက်ရှိသူတို့ အပေါ်အဘယ်မျှလောက် သြဇာအာဏာ သက်ရောက်မှုရှိကြောင်း တိုင်းတာပြသည့် မှန်ကန်ချက်တစ်ခုသာဖြစ်သည်။ သို့သော်ယင်းသွေးစည်းညီညွတ်မှုမှာ စိတ်လှုပ်ရှားလာသည့်အခါ ဖြစ်ပေါ်လာသော သံပတ်ပေးထားသည့် တုန့်ပြန်မှုတစ်ခု၏ကောင်းကွက်လေးတစ်ခုသာ ဖြစ်သည်. မိခင်မာရီယားနှင့် ခရစ္စယာန်ဘာသာဝင်တို့အကြားရှိ ကြည်ညိုလေးစားမှုများမှာမူ ဤသို့မဟုတ်ပါ။ မယ်တော်သည် တမန်တော်သားတို့၏ ဝိညာဉ်၌ကျိမ်းအောင်းလျှက်ရှိသည်ဟူသော အဆိုတစ်ရပ်သည်ကား မယ်တော်ဇကေန်အမှန်ပေါင်းစပ်ကိန်းဝပ်ခြင်းအမှုကို ထိထိရောက်ရောက်နှင့် ပြီးပြည့်စုံအောင်ပုံဖော် ပေးနိုင်သည်အဆိုပါတစ်ရပ်ဟုမဆိုနိုင်ပါ။ ယင်းအမှုကို အသင်းတော်က "ကျေးဇူးအပေါင်းတို့၏မယ်တော်" "ကျေးဇူးတော်များကို သယ်ဆောင်ပေးသူမာရီးယား" စသောဂုဏ်ပုဒ်များနှင့် အတိုချုံး၍ခေါ်ဝေါ်သမုတ်ပါသည်။ ဤဂုဏ်ပုဒ်များသည်ကား မယ်တော်သည် လူသတ္တဝါတို့၏ ဝိညာဉ်ရေးရာအသက်တာပေါ်၌ ချစ်ခင်သည့်စိတ် ဘယ်လောက်တိမ်းညွတ်လျှက်ရှိသည်ကို ညွှန်းဖော်ပြလျှက်ရှိသည်။

ပြောခဲ့သည့်ပေါင်းစပ်မှုကို စုံလင်ပြီး ပြည့်စုံအောင် ဖေါ်ပြဘို့ ဤလောက၌စကားလုံးမရှိချေ။ အနီးစပ်ဆုံး ဥပမာဖြစ်သည့် မိခင်နှင့်သူမ၏ ဝမ်းကြာသိုက်ထဲက ရင်သွေးငယ်တို့၏ ပေါင်းစည်းညီညွတ်မှုသည်ပင် ဤမယ်တော်၏ပေါင်းစည်းမှုကို စုံလင်အောင် ပြီးပြည့်စုံအောင် ရုပ်လုံးဖေါ်ဆောင်ပေးနိုင်စွမ်းရှိလိမ့်မည်မဟုတ်။ အခြားသော သဘာဝပါတ်ဝန်းကျင်ရှိ ဥပမာများသည်ကား ကျေးဇူးများကို ဝေငှပေးလျှက်ရှိသော မယ်တော်၏ လုပ်ဆောင်ချက်တို့ကို လူတို့၏စိတ်အာရုံ၌ ကွက်ကွက်ကွင်းကွင်းမြင်လာအောင် အထောက်အကူပေးသည့် ဥပမာများသာဖြစ်သည်။ ဥပမာ ခန္ဓာကိုယ်တွင် သွေးသည်နှလုံးမှလွဲ၍ မည်သည့်နေရာကမှ မစီးဆင်းပါ။ မျက်စေ့သည် ခန္ဓာကိုယ်နှင့် ကမ္ဘာ့မြင်ကွင်းအားလုံးကို ဆက်စပ်ပေးရာ၌ အလိုအပ်ဆုံးသော အရာတစ်ခုဖြစ်ပါသည်။ ကျေးငှက်သတ္တဝါသည် မိမိအတောင်များကို မည်မျှပင်ခပ်ပါမူ လေမရှိပါကမိမိကိုယ်ကို တက်လာအောင် မစွမ်းဆောင်နိုင်ချေ။ ထိုနည်းတူစွာပင် ဘုရားရှင်စီမံကိန်းတော်အရ လူသည် မယ်တော်၏အကူအညီမပါဘဲ ဘုရားရှင်၏အမှုတော်ကို ထမ်းဆောင်ရန် သို့မဟုတ် ကိုယ်တော်ရှင်ထံသို့ တိုးဝင်ချဉ်းကပ်ရန် မဖြစ်နိုင်ချေ။

ဤအနေအထားမျိုးဖြင့် အသက်ရှင်ရပ်တည်ရန် မယ်တော်သည် မရည်ရွယ်ခဲ့ပါ သို့သော် ဖန်ဆင်းစဉ်ကဤအမှုသည် မတော်တဆဖြစ်လာသည်မဟုတ် အကြောင်းတရားတစ်ခုခုကြောင့်လည်းမဟုတ် ဘုရားရှင်အလိုဆန္ဒရှိတော်မူသောကြောင့် ဖြစ်သည်။

သို့သော် ဤကဲ့သို့ မယ်တော်၏ အကူအညီပါဝင်နိုင်ရန် သို့မဟုတ် ပါဝင်သင့်ရန် တမင်တကာ ရည်ရွယ်ထားသည့် အတွက်လည်း မယ်တော်၏ကူညီပါဝင်မှုတိုင်းသည် အတိုင်းအတာမဲ့ စွမ်းအင်များ ပါဝင်လျှက်ရှိသည်။ ကျွန်ုပ်တို့သခင်၏ အသွေးကို ဝေငှပေးသူ မယ်တော်နှင့် အနီးကပ်စည်းလုံးလျှက်ရှိခြင်း၌ ဝိညာဉ်များအပေါ်၌ မယုံကြည်နိုင်သော စွမ်းအင်များတို့နှင့် သန့်ရှင်းမြင့်မြတ်မှုတို့၏ အံ့ဖွယ်ရာများ တည်ရှိလျှက်ရှိပါသည်။ (စိန်ဘိုနာချားစ်ဘို) သာမာန်ရွှေနှင့်အလားသဏ္ဍာန်တူသည့် သာသနာပြု လုပ်ငန်းသည် ဝိညာဉ်များကို အပြစ်ငရဲမှကယ်တင်ရန်အတွက် မဖြစ်နိုင်ချေ။ သို့သော် ယင်းသာမာန်ရွှေကို မယ်တော်တွင်ရှိသော သန့်ရှင်းမြင့်မြတ်သည့် အသွေးတည်းဟူသော ကျောက်မျက်ရတနာများနှင့် ဆင်ယင်လိုက်လျှင် ယင်းသာသနာပြုလုပ်ငန်းများသည် အပြစ်သည်များကို လွယ်ကူစွာဖြင့် လွတ်လွတ်ကျွတ်ကျွတ်ကြီးကို ကယ်တင်နိုင်မှာဖြစ်ပါသည်။

“ ကျွန်ုပ်၏ ဘုရင်မ ကျွန်ုပ်၏မယ်တော် ကျွန်ုပ်၏ဘဝသည် မယ်တော့်အတွက်ဖြစ်ပါသည်။ ကျွန်ုပ်ပိုင်ဆိုင်သမျှသည်လည်း မယ်တော့်အတွက်ဖြစ်ပါသည်။ ” ဟူသောဆောင်ပုဒ်ဖြင့် ကျွန်ုပ်တို့သည် စိတ်အားထက်သန်စွာအစပြုခဲ့ကြသည်။ ထို့ကြောင့် ဤဆောင်ပုဒ်သည် ကျွန်ုပ်တို့အတွက် နေ့စဉ်နှင့်အမျှ သစ်လွင်နေစေရမည်။

ကျွန်ုပ်တို့၏ ဝိညာဉ်၌ မယ်တော်၏အစဉ်လွှမ်းမိုးမှုအောက်၌ ဤဆောင်ပုဒ်သည် လက်တွေ့ဘဝ၌ နည်းစနစ်မှန်ကန်စွာဖြင့် ပီပီပြင်ပြင်အကောင်အထည်ဖော်ရပေမည်။ ထို့ကြောင့်လည်း စိန်လူဝစ်မာရီဒေမွန်းဖို့ဒ်က ကျွန်ုပ်တို့ ခန္ဓာကိုယ်အသက်ရှင်ဘို့အတွက် လေကိုရှူရှိုက်သလို ကျွန်ုပ်တို့အတွက်လည်း မယ်တော့်ကို ရှူရှိုက်ပါ ဟုဆိုခဲ့ခြင်းဖြစ်သည်။ကယ်တင်ခြင်းသမိုင်း၌ ကယ်တင်ရှင်နှင့်အတူ မလွဲမသွေ လက်တွဲပါဝင်အသက်ရှင်ခဲ့ကြသည့် မြင့်မြတ်လှသော သူတော်စဉ်တို့၏ ထုံးကို နှလုံးမူကာ ကယ်တင်ခြင်းဆိုင်ရာ နက်နဲရာများကို စဉ်းစားဆင်ခြင်ရန်နှင့် မယ်တော်၏စိတ်ဓာတ်များကို မိမိဘဝ၌ပုံတူကူးယူနိုင်ရန်အတွက် မဏ္ဍားတရားနာယူခြင်း ကိုယ်တော်မြတ်ပင့်ယူခြင်း၊ ကိုယ်တော်မြတ်ဖူးမျှော်ခြင်း၊ စိတ်ပုတီးစိတ်ခြင်း၊ ခရစ္စတူးကားလှည့်ခြင်းနှင့် အခြားသောသဒ္ဓါကြည်ညိုခြင်းများကို မယ်တော့်တမန်တော်အသင်းသားတိုင်း စိတ်အားထက်သန်စွာပါဝင်ဆောင်ရွက်ကြရပေမည်။

ထို့ကြောင့် မယ်တော်တမန်တော်သားတို့သည် မိမိတို့၏ နေ့စဉ်ဘဝအသက်တာ၌ –

- ➢ မယ်တော့်ကို ပုံအတုယူနိုင်ရန်
- ➢ မယ်တော့်ကို ရှိသေခြင်းဖြင့် ကျေးဇူးဆပ်တင်နိုင်ရန်
- ➢ မယ်တော်နှင့်အတူ ဝမ်းသာဝမ်းနည်းမှုများကို မျှဝေခံစားရန်
- ➢ “ဒန်စော”ဆိုသည့်ပုဂ္ဂိုလ် မိန့်ဆိုသကဲ့သို့

- မယ်တော့်အကြောင်းကို များများလေ့လာပြီးကြီးမားသော အချစ်များဖြင့် ပေးဆပ်နိုင်ရန်
- ဝိညာဉ်ရေးဆောင်ရွက်မှုတိုင်းနှင့် ဆုတောင်းပတ္ထနာပွားများမှု့တိုင်း၌ မယ်တော့်ကို အစဉ်အောက်မေ့သဒ္ဒါကြည်ညိုကြရန်
- မိမိ၏အစွမ်းအစများကို ချောင်ထိုးထားလျှက် မယ်တော့်ကိုသာအားကိုးအားထားရန်

စသည်တို့ကို အစဉ်ဆောင်ရွက်နေကြရမည်ဖြစ်သည်။

ဤနည်းအားဖြင့် တမာန်တော်သား ဝိညာဉ်သည် မယ်တော်၏ပုံရိပ်များ အတွေးအခေါ်များနှင့်ပြည့်ဝလာပြီး ဝိညာဉ်နှစ်ခုသည် တစ်ခုတည်းအဖြစ်သို့ ရောက်ရှိလာပါလိမ့်မည်။ မယ်တော်၏ စိတ်ဝိညာဉ်၌ ဆူးဝင်နစ်မြုပ်နေသည့် မယ်တော်တမန်တော်အသင်းသည် မယ်တော်၏ယုံကြည်ခြင်း၊ နှိမ့်ချခြင်း၊ သန့်ရှင်းစင်ကြယ်သော နှလုံးနှင့် ဆုတောင်းတိုင်းပြည့်ဝခြင်းများကိုဝေမျှခံစားရသောအခါ လူ့ဘဝ၏ရည်မှန်းချက်ပန်းတိုင်ဖြစ်သည့်ခရစ်တော်၏အသွင်သို့ကူးပြောင်းခြင်းအမှုကိုလွယ်ကူလျှင်ကမြန်စွာဆောင်ရွက်နိုင်ပါလိမ့်မည်။ တနည်းအားဖြင့်ဆိုရသော်မယ်တော့်တမာန်တော်များအားဖြင့်မယ်တော့်တမာန်တော်များနှင့်အတူသူတို့၏လုပ်ဆောင်ချက်တိုင်း၌မယ်တော်သည်မိခင်စိတ်ဓါတ်အပြည့်အဝဖြင့်ပါဝင်လျှက်ရှိသည်။ ထို့ကြောင့်တမာန်တော်အသင်း၏လုပ်ဆောင်ချက်တစ်ခုစီတိုင်း၌ငှင်း လုပ်ဆောင်ချက်တိုင်း၌ ပါဝင်သောပုဂ္ဂိုလ်အသီးသီးတို့၌ငှင်း ကျွန်ုပ်တို့၏သခင်ကိုတွေ့မြင်နိုင်သလို ကျွန်ုပ်တို့သခင်ကိုယ်တိုင်အမှုတော်ဆောင်ရွက်နေသည်ကိုတွေ့မြင်နိုင်သည့်အပြင် မိမိသားတော်အားကိုယ်တိုင်ပြုစုကျွေးမွေးသုတ်သင်လျှက်ရှိသည့် မယ်တော့်ကိုလည်း ရှာဖွေတွေ့ရှိနိုင်ပါသည်။ မယ်တော်တမာန်တော်များသည် မယ်တော့်ကိုခံယူထားကာအသက်ရှင်သန်ကြသည်။ ထို့အပြင်မယ်တော်၏အောင်မြင်မှုများကိုအပြည့်အဝယုံကြည်ပြီးမယ်တော်၏လုပ်ငန်းစဉ်များ၌ပါဝင်ခြင်းအားဖြင့် မိမိတို့သည်မယ်တော်၏စစ်မှန်သောတမာန်တော်များဖြစ်ကြကြောင်း မိမိကိုယ်မိမိတွေ့မြင်လာကြပေလိမ့်မည်။ ဤသည်ကားမယ်တော့်ကိုလောကသို့ပင့်ဆောင်ခြင်းမည်၏။ ထိုအခါမယ်တော်သည်လည်းလောကကြီးတစ်ခုလုံးထိန်ထိန်လင်းစေဖို့ " အလင်း "ကို သယ်ဆောင်လာပါလိမ့်မည်။

သင့်ဘဝကြီးကို

- မယ်တော်နှင့်အတူပျော်ရွှင်စွာအသက်ရှင်နေထိုင်လိုက်စမ်းပါ။
- မယ်တော်နှင့်အတူသင့်ဒုက္ခတွေကိုဝေမျှခံစားလိုက်စမ်းပါ။
- မယ်တော်နှင့်အတူအလုပ်တွေကိုလုပ်လိုက်စမ်းပါ။
- မယ်တော်နှင့်အတူအပန်းဖြေလိုက်စမ်းပါ။
- မယ်တော်နှင့်အတူအနားယူလိုက်ပါအုံး။
- မယ်တော်နှင့်အတူခရစ်တော်ကိုလိုက်ရှာစမ်းပါ။
- မယ်တော်နှင့်အတူ ခရစ်တော်ကို ရင်ဝယ်ပိုက်ကာ နာဇရက်မြို့က မိသားစုလေးတစ်ခု ကဲ့သို့ဖန်တီးနေထိုင်လိုက်စမ်းပါ။
- မယ်တော်နှင့်အတူခရစ်တော်ကိုဂူသွင်းမြှုပ်နှံလိုက်စမ်းပါအုံး။
- ယေရှုနှင့်မယ်တော်ကဲ့သို့သေခြင်းမှရှင်ပြန်ထမြောက်လိုက်စမ်းပါ။
- ယေးရှုနှင့်မယ်တော်ကဲ့သို့ကောင်းကင်ရွှေပြည်တော်သို့တက်လိုက်ပါအုံး။
- ယေရှုမယ်တော်တို့နှင့်အတူအသက်ရှင်နေထိုင်ပြီးသေခြင်းတရားကိုရင်ဆိုင်လိုက်စမ်းပါ။ (သောမတ်စ်အကင်းပစ်၏ရဟန်းလောင်းများအတွက် ဩဝါဒမှကောက်နှုတ်ဖော်ပြပါသည်။)

## (၂) မယ်တော်တမန်တော်အသင်း၏လုပ်ငန်းစဉ်များအတွက် အသုံးပြုသောလက်နက်နှင့်အခြေခံရေသောက်မြစ်မှာ မယ်တော်၏နှိမ့်ချခြင်းကိုပုံတူယူခြင်းပင်ဖြစ်သည်။

တမန်တော်အဖွဲ့သည်မိမိအသင်းဝင်များအား တိုက်ပွဲစဉ်နွှဲနေသောစစ်တပ်ကဲ့သို့ သဘောထားကာဆက်ဆံပါ

သည်။ ဤအတိုင်းလည်းဖြစ်သင့်ပါသည်။ အကြောင်းမူကား ဤအသင်းသည်ဝိညာဉ်ရေးရာစစ်မြေပြင်၌တိုက်ပွဲဆင်နွှဲနေသည့်မယ်တော်၏သိသာမြင်သာသော စစ်တပ်ဖြစ်သောကြောင့်တည်း။ ယင်းမယ်တော့်စစ်တပ်အသုံးပြုသောနည်းဗျူဟာများနှင့် လက်နက်များမှာ မယ်တော်တမန်တော်အသင်း၏လုပ်ငန်းတာဝန်များနှင့်အဖွဲ့ဝင်များပင်ဖြစ်သည်။ ထို့ပြင် စစ်နည်းဗျူဟာဖြင့်လူသာတစ်ရပ်လုံးထံချဉ်းကပ်ခြင်းပင်ဖြစ်သည်။ မိမိကိုယ်ကို စစ်သားများကဲ့သို့ သဘောထားကြရမည့် မယ်တော်တမန်တော်သားတို့သည် မိမိတို့၏ လုပ်ဆောင်ချက်များကို တည်ကြည်ဖြောင့်မတ်စွာဖြင့် လုပ်ဆောင်ကြရန် အမြဲတိုက်တွန်းအားပေးလျှက်ရှိသည်။ သို့သော် တမန်တော်သားတို့၏ စစ်နည်းဗျူဟာများအား ဤလောက၏ စစ်နည်းဗျူဟာများနှင့် လုံးဝမတူ ကွဲပြားခြားနားသည့် အတွက် ဘုရားရှင်၏စီမံကိန်းတော်အတိုင်း တိုက်ပွဲဆင်နွှဲကြရသည်။ စစ်မှန်သော မယ်တော့်တမန်တော်အသင်းသား၏ နှလုံးသားမှ တောက်လောင်လျှက်ရှိသော မီးတောက်မီးလျှံသည်ကား ဟိုးအောက်ဆုံးအလွှာတွင်ရှိသော ပြာပူတို့နှင့် ပါရမီထူးတို့က ထလောင်ကျွမ်းလာခြင်းဖြစ်သည်။

ဤပါရမီတို့တွင် နှိမ့်ချခြင်းပါရမီသည်လည်း တစ်ခု အပါအဝင်ဖြစ်သည်။ ယင်းနှိမ့်ချခြင်းပါရမီကို လောကကြီးက လက်မခံချင်ကြ။ တလွဲနားလည်နေကြသည်။ သို့သော် ယင်းပါရမီသည်ကား မွန်မြတ်သိမ်မွေ့ပြီး စိတ်ဓါတ်အင်အားကို တိုးပွားစေသည်။ ထို့ကြောင့် ဤပါရမီကို လေ့လာလိုက်စားကြသော သူတို့သည် မွန်မြတ်သိမ်မွေ့ပြီး စိတ်ဓါတ်ကြံ့ခိုင်မှု့အကျိုးကို ခံစားရမည်။ မယ်တော်တမန်တော်အသင်း၏ နည်းစနစ်များတွင် နှိမ့်ချခြင်းပါရမီသည် သူမတူနှိမ့်ချခြင်းပါရမီသည် သူမတူအောင် ပြိုင်ဘက်ကင်းသည့် အနေအထား၌ပါဝင်သည်။ ဤပါရမီသည်ကား တမန်တော်အသင်း၏ သာသနာပြုလုပ်ငန်းများတွင် ပထမဦးစားပေးနေရာမှာရှိသည့်အပြင် အဓိကအသုံးပြုသော လက်နက်ကောင်းတစ်ခုလည်းဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် တမန်တော်အသင်းသည် မိမိ၏ လုပ်ငန်းချမှတ်ချက်တိုင်း၌ ကျယ်ပြန့်စွာ နေရာယူလျှက်ရှိသည့် လူသားတစ်ဦးချင်းစီကို ဆက်ဆံရာ၌ တိုးတက်မှု့ရရှိရေးနှင့် ထိရောက်စေဘို့အတွက် နှလုံးသားမှ ထွက်ပေါ်လာသည့် စစ်မှန်သော နှိမ့်ချခြင်းပါရမီသည် အမှန်တကယ်လိုအပ်လှပါသည်။ ထို့ကြောင့် ယင်းနှိမ့်ချခြင်းပါရမီသည် အသင်း၏ ပြင်ပလှုပ်ရှားမှု့များအတွက် အသုံးဝင်သည့် လက်နက်ကောင်းတစ်ခု ဖြစ်သည်ထက် မယ်တော့်တမန်တော်အဖွဲ့အစည်းကြီးအတွက် ပိုမိုဖြစ်စေရမည်။ တမန်တော်၏ လုပ်ဆောင်ချက်တိုင်း၌ ဤပါရမီကို ရင်ဝယ်ပွေ့ပိုက်ထားပါ။ အဘယ်ကြောင့်ဆိုသော် ဤနှိမ့်ချခြင်းပါရမီမရှိပါက အဘယ်တမန်တော်လုပ်ငန်းဆောင်ရွက်ချက်မှ အကျိုးထိရောက်မှု့ရှိလိမ့်မည်မဟုတ်။

စိန်သောမတ်စ်အကွီးနား မိန့်ဆိုသည်မှာ " အရာအားလုံးတို့၌ နှိမ့်ချခြင်းရှိရန် ခရစ်တော်မှာကြားခဲ့ပါသည်။ အဘယ်ကြောင့်ဆိုသော် နှိမ့်ချခြင်းပါရမီကို ပယ်ရှားလိုက်ခြင်းသည် ကြီးစွာသော အဟန့်အတားနှင့် ရင်ဆိုင်ရပေမည်။ အခြားသော ပါရမီများသည် နှိမ့်ချခြင်း၏အကျိုးတရားမှ ဆင်းသက်လာ၏ ယင်းပါရမီညှိုးမှိန်သွားပါက အခြားသောပါရမီများသည်လည်း ရုတ်သိမ်းခြင်းခံရမည်။ ကျေးဇူးအပေါင်းတို့၏ အခြေခံအကြောင်းအရင်းဖြစ်သော ဘုရားရှင် လူ့အဖြစ်ကို ယူတော်မူခြင်းသည်ပင် နှိမ့်ချခြင်းပါရမီကို အမှီသဟဲပြုရပါသေးသည်။ တန်ခိုးကြီးတော်မူသော ဘုရားသခင်သည်ပင် ငါ၌ကြီးမြတ်သော အရာများကို ပြုတော်မူပြီဟု မာညီဖီကက်မေတ္တာ၌မယ်တော်ရွတ်ဆိုခဲ့ပါသည်။ ဆိုလိုသည်မှာ ဘုရားရှင်သည် သခင်မ၌ကြီးမြတ်သော တန်ခိုးတော်ကို ပြတော်မူပြီ မယ်တော်သည် ထိုဖြစ်ရပ်အကြောင်းစုံကို ပြန်၍မွတ်ဆိုတော်မူသည်မှာ မယ်တော်သည်ဓမ္မဟောင်းကာလကို အဆုံးထိတိုင်ရိုက်ချိုးလိုက်ပြီး ဓမ္မသစ်ကာလ၌ သားတော်ကို သယ်ဆောင်လာနိုင်သည်အထိအောင်မြင်မှုရသည်မှာ မယ်တော်၏နှိမ့်ချခြင်းပါရမီကြောင့်ပင်ဖြစ်သည်။

မိမိသည် အမြင့်မြတ်ဆုံးအသိုင်းအဝိုင်း၏ ခြံစည်းရိုးနှင့် ထိစပ်လျှက်ရှိရုံသာမက မိမိ၏ပြည့်ဝစုံလင်မှု ရတနာများသည်လည်း ရေတွက်၍မကုန်နိုင်လောက်အောင် များပြားတော်မူသည် ကို မယ်တော်သိတော်မူသည်။ ထို့ကြောင့်ဤမျှမြင့်မြတ်လှသော မယ်တော်၌ရှိသည့်နှိမ့်ချခြင်းပါရမီသည်စံထားစဖွယ် ဖြစ်သည်ဆိုသည်မှာ ဖြစ်နိုင်ပါ့မလား။ စဉ်းစားစရာပင်ဖြစ်နိုင်ပါ့မလား။ စဉ်းစားစရာပင်။ မယ်တော်သည်နှိမ့်ချစွာနေတတ်သူ တစ်ဦးလည်းဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် မိမိသည်အခြားအခြားဖြစ်သော လောကီသားအားလုံးတို့ထက် တစ်ထူးတစ်ခြားရွေးကောက်ထားသူဖြစ်သည်။ မယ်တော်သည် မိမိသားတော်၏ ကုသိုလ်တော် အကျိုးဆက်ကြောင့် ခံစားရရှိသည့် အတိုင်းမသိမွန်မြတ်လှသော သန့်ရှင်းခြင်းကျေးဇူးမှ ဖြာထွက်လာမည့် လိုင်းဂယက်မှန်သမျှကို ပြန်လည်

တုံ့ပြန်ဖို့တာဝန်ရှိလာသောကြောင့်လည်း နေ့စဉ်နှင့် အမျှ အောက်မေ့သတိရ နေပါသည်။ မယ်တော်သည် မိမိ၏တုန့်ိုင်း၍ မယှဉ်နိုင်သော ဉာဏ်အမြော်အမြင်အားဖြင့် သိနားလည်ထားသည်မှာ မိမိသည် ဘုရားရှင်ထံမှ ကျေးဇူးတော်ကို အများတကာတို့ထက်ပိုမို ခံစားရရှိထားသည်။ အများတကာတို့သည်လည်း သူ့လောက် ဘုရားရှင်ထံမှ အကြွေးများပေးဆပ်ရန် ကြီးမားလိမ့်မည်မဟုတ်ကြောင်းကို သိထားပါသည်။ ထို့ကြောင့် မယ်တော်၏သိမ်မွေ့သော ခံယူ ချက်နှင့် နူးညံ့သော နှိမ့်ချခြင်းပါရမီတို့သည် ထာဝစဉ်တည်တံ့ခိုင်မြဲစေဖို့အတွက် အထူးကျိုးစားအားထုတ်ရန် မလိုလောက်အောင်ပြည့်စုံလျှက်ရှိကြပါသည်။

ထို့ကြောင့် တမန်တော်သားများက မယ်တော်အကြောင်းလေ့လာကြသည့်အခါ သိရှိလာရမည့် အချက်တို့ကား–

– နှိမ့်ချခြင်းပါရမီ၏အနှစ်သာရကား မိမိသည် ဘုရားရှေ့၌ အဘယ်ကဲ့သို့သော ပုဂ္ဂိုလ်ဖြစ်သည်ကို အမှန်အတိုင်း အသိအမှတ်ပြု ဝန်ခံခြင်းပင်ဖြစ်ကြောင်းနှင့်
– တမန်တော်သားတစ်ဦး၏ တန်ဖိုးမဲ့ခြင်း အနေအထားကို က
– ထိုတမန်တော်၏ကိုယ်ပိုင်ရတနာ တစ်ရပ်ပါလားဟု သိလာရခြင်းပင်ဖြစ်သည်။

ထို့အပြင် အရာခပ်သိမ်းသည်ကား ဝိညာဉ်များအတွက် ဘုရားရှင်၏ အချုပ်အနှောင်ကင်းမဲ့သော လက်ဆောင်များပင်ဖြစ်သည်။ဘုရားရှင်က လွတ်လွတ်လပ်လပ်နှင့် လိုလိုလားလားချီးမြှင့်သော လက်ဆောင်များပင်ဖြစ်သည်။ ဤလက်ဆောင်များသည် ကိုယ်တော်ရှင်တစ်ပါးတည်းကသာ ချီးမြှင့်ထားသည့် အတွက် ယင်းတို့ကို တိုးပွားစေရန် ဖျက်ဆီးပစ်ရန်နှင့် ပြန်လည်ရုတ်သိမ်းရန် အမှုတို့မှာ ကိုယ်တော၏အလိုအတိုင်းပင်ဖြစ်သည်။ တမန်တော်သားတစ်ဦး၏ ကျိုးနွံနာခံမှုသည်ကား–

– မိမိသည် နှိမ့်ချနေလိုသောကြောင့်
– သာမညအလုပ်ကလေးများကိုသာ ဦးစားပေးလုပ်ကိုင်လိုကြောင်း
– အထင်အမြင်သေးမှုတွေ မထီမဲ့မြင်ပြုမှုတွေကို ခံယူဖို့အဆင်သင့်ရှိကြောင်း ပြသည့်

အမှတ်လက္ခဏာများပင်ဖြစ်သည်။ အထူးသဖြင့် မယ်တော်၏ကြွေးကြော်သံဖြစ်သော " ကျွန်ုပ်ကား ဘုရားသခင်၏ကျွန်မတည်း၊ ကျွန်မ၌ကိုယ်တော်၏ အမိန့်တော်အတိုင်းဖြစ်ပါစေ" (လုကာ ၁/၃၈)ကိုမိမိတို့၏ ဘဝ၌ ရောင်ပြန်ဟပ်စေလျှက် မိမိတို့၏ဘဝ၌ ဘုရားရှင်၏အလိုတော်များကို ထုတ်ဖော်ဆောင်ရွက်ကြမည်ဟု ခံယူထားသည့်သဘောထားကို ဆိုလိုသည်။

တမန်တော်သားသည် ကောင်းကင်ဘုံ၏ဘုရင်မနှင့် တစ်ပေါင်းတည်းရှိဘို့လိုအပ်သည်။ ထိုသို့ပေါင်းစည်းနိုင်ရန် မိမိတို့၏ဆန္ဒတစ်ခုတည်းရှိထားရုံနှင့် မလုံလောက်။ မိမိတို့ကိုယ်တိုင်ကလည်း ဘုရင်မကြီးနှင့် ပေါင်းစည်းရန် ထိုက်တန်သူများဖြစ်ဘို့လိုအပ်သည်။ တစ်စုံတစ်ယောက်သည် စစ်သည်တော်ကောင်းတစ်ဦးဖြစ်ဘို့ ဆုံးဖြတ်ထားကောင်းဆုံးဖြတ်ထားမည်။ သို့သော် ယင်းဆုံးဖြတ်ချက် ဆန္ဒလေးတစ်ခုတည်းကား သူ့အား စစ်တပ်၏အရည်အသွေးမှီ စစ်သည်တော်ကောင်းတစ်ဦးတွင်ရှိရမည့် အရည်အချင်းများကို ပိုင်ဆိုင်ခွင့် ပြုလိမ့်မည်မဟုတ်ချေ။ ထို့အတွက် ထိုသူသည်မိမိခေါင်းဆောင်နှင့် တစ်စည်းတစ်လုံးတည်း ရှိနေလင့်ကစား အကျိုးမရှိယုံသာမက စစ်နည်းဗျူဟာများကို ဆောင်ရွက်ရာ၌ ထိုသူသည် အနှောက်အယှက်အတားအဆီး တစ်ခုဖြစ်နေပေလိမ့်မည်။ ထိုနည်းတူစွာပင် တမန်တော်သားတစ်ဦးသည် ကောင်းကင်ဘုံဘုရင်မ၏ စီမံကိန်းတော်၌အဓိက ကဏ္ဍ၌ပါဝင်အမှုတော်ထမ်းဆောင်လိုသော ဆန္ဒရှိကောင်းရှိပေမည်။ သို့သော်မယ်တော်က စိတ်အားထက်သန်စွာ ပေးမည့် ကျေးဇူးတော်များကို လက်ခံရန်အတွက်မူ ထိုက်တန်သူဖြစ်ချင်မှ ဖြစ်ပေလိမ့်မည်။

ရိုးရိုးသာမန်လူသားတစ်ဦးအနေဖြင့် ဤသို့အရည်အသွေးမပြည့်မီခြင်းမှာ ရဲစွမ်းသတ္တိနည်းပါးမှု၊ ဉာဏ်အမြော်အမြင်ကင်းမဲ့မှု၊ ခန္ဓာကိုယ်တောင့်တင်းခိုင်မာခြင်းမရှိမှု နှင့် စိတ်ပါဝင်စားမှုမရှိခြင်း တို့ကြောင့်ဖြစ်ကောင်း ဖြစ်ပေလိမ့်မည်။ တမန်တော်သားတစ်ဦးအတွက်မူ ဤသို့အရည်အသွေးမပြည့်မီရခြင်းမှာ နှိမ့်ချခြင်းပါရမီ ပျက်ကွက်နေသောကြောင့်ဖြစ်ပေလိမ့်မည်။ တမန်တော်အဖွဲ့၏ ရည်ရွယ်ချက်ကား အဖွဲ့ဝင်ယောက်တိုင်းသည် သန့်ရှင်းဖြောင့်မတ်ကြပြီး ယင်းသန့်ရှင်းခြင်းပါရမီမှ ဖြာထွက်နေမည့် ရောင်ခြည်များသည် ကမ္ဘာတစ်ဝှမ်းကို လူသားဝိညာဉ်အားလုံးအပေါ်တွင် ကွန့်မြူးဖြာထွက်နေစေဘို့ပင်ဖြစ်သည်။ သို့သော်နှိမ့်ချခြင်းပါရမီမရှိက

သန့်ရှင်းဖြောင့်မတ်ခြင်းပါရမီလည်းရှိနိုင်လိမ့်မည်မဟုတ်။ ထို့အပြင်တမန်တော်အသင်း၏ လုပ်ငန်းဆောင်တာ အဝဝသည် မယ်တော်အားဖြင့် ဆောင်ရွက်ရပါသည်။ သို့သော် မယ်တော်နှင့်တူညီမှု အနည်းငယ်ရှိရုံလေးနှင့် လည်းမယ်တော်နှင့်ပေါင်းစပ်ရန်မဖြစ်နိုင်။ ထိုသို့တူညီမှု အနည်းငယ်ရှိရခြင်းမှာ မယ်တော်၏ အထူးပါရမီတစ်ရပ် ဖြစ်သော နှိမ့်ချခြင်းပါရမီကင်းမဲ့နေသောကြောင့်ဖြစ်သည်။ ဆိုကြပါစို့ မယ်တော်နှင့်တစ်ပေါင်းတစ်စည်းတည်း ရှိခြင်းသည် တမန်တော်လုပ်ငန်း၏ရေသောက်မြစ်ဟုဆိုလျှင် ယင်းရေသောက်မြစ် အမြစ်တွယ်နေရမည့် မြေသားသည် ကားနှိမ့်ချခြင်းပါရမီပင်ဖြစ်ရပေမည်။ အကယ်၍ယင်းမြေသားသည် မြေဆီမြေနှစ်ကင်းမဲ့နေပါက တမန်တော်ဘဝ အသက်တာသည်လည်း ခြောက်သွေ့သွားပေလိမ့်မည်။

နောက်ဆက်တွဲနေနှင့် ဝိညာဉ်များအတွက် တမန်တော်တို့၏ စစ်ပွဲသည် တမန်တော်သားတစ်ဦးစီ၏ နလုံးမှအစပြုရမည်ဖြစ်သည်။ တမန်တော်သားတစ်ဦး ဆင်နွှဲတိုက်ခိုက်ရမည့်ရန်သူမှာ မိမိကိုယ်ကိုမိမိပင်ဖြစ်သည်။ မိမိ၏နလုံးသားတွင်ရှိမာန်မာနနှင့် အတ္တဆန်မှုများကို ပြတ်ပြတ်သားသား အနိုင်ယူဘို့ဖြစ်သည်။ ရည်ရွယ်ချက် သန့်သန့်ဖြင့် အမြဲတစေကြိုးစားကာ မိမိကိုယ်တွင်းက မကောင်းမှုဒုစရိုက်ဉာဉ်ဆိုးကို အမြစ်ပါမကျန်တွန်းလှန်မည့် ကြောက်ခမန်းလိလိ ရန်းကန်အားထုတ်မှုကား မည်မျှ မောဟိုက်ပင်ပန်း လိုက်ပါမည်နည်း။ ဤတိုက်ပွဲသည်ကား ဘဝတစ်လျှောက်ဆင်နွှဲနေရမည့် တိုက်ပွဲလည်းဖြစ်သည်။ မိမိ၏အစွမ်းအစကို ယုံကြည်အားထားမှုသည်လည်း ဘဝအသက်တာ၌ အရှုံးကို ရင်ဆိုင်ရပေလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် အတ္တအစွဲသည် မိမိကိုယ်ကိုပင် လှည်းစားဖြားယောင်းတတ်သော ကြောင့်ဖြစ်သည်။ ကျွဲနိုင်သော ညွှံပြင်ပ၌ တစ်ဦးတစ်ယောက်ရုံးကန်ရာတွင် မိမိ၏ ကြွက်သားများသည် အဘယ်မျှအသုံးဝင်နိုင်ပါမည်နည်း။ ခိုင်မြဲသောအထောက်အကူတစ်ခုရှိဘို့သာ လိုအပ်လှပါသည်။

အသင်းတမန်တော်သား သင့်အတွက်ခိုင်မာသော အထောက်အကူသည်မယ်တော်ပင်ဖြစ်သည်။ မယ်တော့် အပေါ်မှာ ယုံကြည်ချက်အပြည့်ဖြင့် မှီခိုအားထားလိုက်စမ်းပါ။ မယ်တော်သည် သင့်ကိုကူညီဘို့ ပျက်ကွက်လိမ့်မည် မဟုတ်။ အဘယ်ကြောင့်ဆိုသော် သင့်အတွက်အမာခံကျောရိုးဖြစ်သည့် နှိမ့်ချခြင်းပါရမီ ၌မှီခိုအားထားခြင်း စိတ်ဓါတ်သည် မှန်ကန်သော ကျင့်စဉ်တစ်ရပ်ဖြစ်သည်။ ယင်းကျင့်စဉ်၌ နှိမ့်ချခြင်းပါရမီသည် မြင့်မြတ်မှုများ၊ ရိုးသားမှုများနှင့် ပြည့်စုံကြွယ်ဝလျှက်ရှိသည်။ စိန်လူးဝစ်မာရီဒေမွန်းဖိုဒ်၏ အလိုအရ –

"သင်သည်
ပြည့်ဝစုံလင်သူ
ဘုရားရှင်နှင့်ပြည့်ဝနေသူ
မိမိကိုယ်မှ အတ္တကိုချွတ်ခွာနေသူဖြစ်ရန်
အနည်းငယ် ကြိုးစားရုံမျှနှင့် နေ့ခြင်းညခြင်းပိုင်ဆိုင်နိုင်သည့်နည်းမှာ
ကျေးဇူးတော်၏ လျှို့ဝှက်ချက်ကို များများသိဘို့မလို
အနည်းငယ်သိဘို့သာလိုအပ်ပါသည်။"

အထက်က တင်ပြချက်ဖြစ်နိုင်မဖြစ်နိုင် စဉ်းစားချင့်ချိန်ကြည့်ပါ။ မယ်တော်ကို ခေါင်တည်ထားသော မယ်တော့်တမန်တော်တို့သည် မိမိတို့၏ အတ္တအစွဲလေးများကို ကျောခိုင်းထားဘို့တော့ လိုအပ်လှပါသည်။ မယ်တော်သည် ဤလူ့ပ်ရှားဆောင်ရွက်မှုကြီးတစ်ခုလုံးကို ချုပ်ကိုင်ထားသူဖြစ်သည်သာမက အားပေးအားမြှောက် တိုးတက်အောင်မြင့်တင်ပေးသူလည်းဖြစ်သည်။ ထို့အပြင် မယ်တော်တမန်တော်အသင်းသည် တင်းကြပ်သည်မှန်သော်လည်း အကျိုးသက်ရောက်မှုရှိသည့် ခရစ်ယာန်ဥပဒေများအရ အတ္တကိုငြိမ်းသတ်ရာ၌လည်း ပါဝင်ဖြည့်စွက်ရာရောက်သည်။ (ယောဟန် ၁၂:၂၄–၂၅) ဦးခေါင်းပေါင်းမြောက်များစွာဖြင့် ကိုယ်ကျိုးရှာသော မြွေကို နှိမ့်ချခြင်းပါရမီနှင့်ပြည့်ဝသော ကညာမာရီယားသည် မိမိ၏ဖနောင့်ဖြင့် နင်းချေတော်မူသည်။

### ၁။ မိမိကိုယ်ကို မိမိအထင်ကြီးခြင်း

မယ်တော်သည် စုံလင်သော ကျေးဇူးတော်များနှင့် ကြွယ်ဝနေသောကြောင့် အမိအသင်းတော်ကပင် ဖြောင့်မတ်ခြင်း၏ကြေးမုံပြင်ဟု ခေါ်ဝေါ်သမုတ်ခြင်းခံရသူဖြစ်သည်။ ထို့အပြင် မယ်တော်သည်

ကျေးဇူးတော်ဘောင်အတွင်းမှ အကန့်သတ်မဲ့တန်ခိုးအာနိသင်များနှင့် ထူးချွန်ကြွယ်ဝသူလည်းဖြစ်သည်။ ဘုရားရှင်၏ အနှိမ့်ချဆုံးသော ကျွန်မမာရီယားသည် ဆုတောင်းပတ္ထနာရွတ်ဆိုလျှက်ရှိသည်ကို တွေ့ရပါလျှင် မယ်တော့်တမန်တော် အသင်းသားတို့သည်လည်း မည်သည့်အဆင့်တွင်ရှိသင့်သနည်း။ မည်သည့်ဦးတည်ချက်များရှိမှ သင့်လျှော်မည်နည်း။ ထို့ကြောင့် မိမိကိုယ်ကိုမိမိ အထင်ကြီးခြင်းသည် ဟားတိုက်ရယ်မောဘို့ပင်ကောင်းလှပါသည်။

## ၂။ ကိုယ်ကျိုးရှာခြင်း

မိမိကိုယ်ကိုလည်းကောင်း လောကီနှင့် လောကုတ္တရာတို့နှင့် လည်းကောင်း၊ မိမိ၏ပိုင်ဆိုင်မှု အားလုံးကိုလည်းကောင်း၊ မယ်တော်အလိုရှိသလို သင့်လျှော်သည့်အတိုင်း အသုံးပြုနိုင်ရန် လည်းကောင်း၊ မယ်တော်ကိုအပ်နှံထားခြင်းသည် မယ်တော်တမန်တော်တို့က မယ်တော်၏ပြည့်ဝသော သဒ္ဒါရက်ရောမှု့ မယ်တော်အားအစေခံနေခြင်းပင်ဖြစ်သောကြောင့် ကိုယ်ကျိုးရှာစရာအကြောင်းလုံးဝမရှိပါ။

## ၃။ မိမိကိုယ်ကိုရောင့်ရဲတင်းတိမ်ခြင်း

မိမိဝိညာဉ်ကယ်တင်ခြင်းအတွက် မိမိ၏ကိုယ်စွမ်းကိုယ်စတစ်ခုတည်းနှင့် မလုံလောက် ပါသောကြောင့် မယ်တော်ကိုပီပီလုံးလုံး အားကိုးအားထား ပြုရမည်ဖြစ်သည်။ ထို့ကြောင့် မိမိတွင်ရှိသည့် အရည်အချင်းများအတိုင်း ရောင့်ရဲတင်းတိမ်လိုက်စမ်းပါ။

## ၄။ မိမိကိုယ်ကို မိမိအထင်ကြီးခြင်း

မယ်တော်နှင့်အတူ ပူးပေါင်းဆောင်ရွက်ခြင်းက မိမိ၏မပြည့်စုံ မလုံလောက်မှု့ကို အောက်မေ့သတိရစေသည်။ ဤကဲ့သို့မယ်တော်နှင့် ပူးပေါင်းလိုက်ခြင်းက တမန်တော်သားကို မိမိ၏အားစုစည်းမှု ချို့ယွင်းမှုနှင့် တွေ့ကြုံစေသဖြင့် တမန်တော်သားသည် မိမိကိုယ်ကို မိမိအထင်ကြီးစရာကြောင်းမရှိပါ။

## ၅။ မိမိကိုယ်ကို "ချစ်" ခြင်း

ချစ်ခင်ရန်ဘာလိုအပ်ပါသနည်း။ မိမိဘုရင်မကြီးကို အံ့သြခြင်း၊ ချစ်ခင်ခြင်းဖြင့် စိတ်ဝင်တစားရှိသော တမန်တော်အဖွဲ့သားသည် မိမိကိုယ်ကို မိမိစဉ်းစားဆင်ခြင်မိတိုင်း သခင်မထံမှ ကျောခိုင်းသွားဖို့ အနည်းငယ်တွန့်ဆုတ်သွားပေလိမ့်မည်။ ထို့ကြောင့် မိမိကိုယ်ကို မိမိ "ချစ်"ရန် လိုအပ်ပါသေးလား။

## ၆။ မိမိဘဝနှင့် မိမိကျေနပ်ဂုဏ်ယူနေခြင်း

တမန်တော်သားတို့သည် မယ်တော်၏စုလင်ပြည့်ဝသော သန့်ရှင်းခြင်းပါရမီများကို မက်မော တွယ်တာသဖြင့် မယ်တော်နှင့်တစ်လုံးတစ်စည်းတည်း ပေါင်းစပ်ကြရသည်။ ထိုပေါင်းစပ်ခြင်းကား တမန်တော်သားတို့ ပိုမိုရှဲမြင့်သော အဆင့်ဘုံသို့ ပို့ဆောင်ပေးသဖြင့် မိမိဘဝလေးနှင့် မိမိကျေနပ်ဂုဏ်ယူမနေပါနှင့်။ မယ်တော်နှင့် ပေါင်းစပ်နိုင်အောင်ကျိုးစားလိုက်ပါ။

## ၇။ မိမိတစ်ကိုယ်တည်းကောင်းစားရေး

တမန်တော်သားသည် မယ်တော်၏စိတ်နေစိတ်ထားများအတိုင်း နေထိုင်ကျင့်ကြံကြရခြင်း၊

ဘုရားရှင်အကြောင်းကိုသာ ဆင်ခြင်သုံးသပ်နေရခြင်း စသည်တို့ကြောင့် မိမိကိုယ်ကိုမိမိ ဂုဏ်ယူဘို့ရန်ပင်နေရာမပေးနိုင်တော့ပါ။ ထို့ကြောင့် မိမိတစ်ကိုယ်တည်းကောင်းစားဘို့အတွက် လုံးဝမဖြစ်နိုင်တော့ချေ။

### ၈။ မိမိ၏အလိုဆန္ဒ

မယ်တော်ကိုပီပီလုံးလုံး ကျိုးနွံနာခံပါ။ မိမိအလိုဆန္ဒများ၏ တောင်းဆိုချက်များအပေါ် ယုံကြည်အားကိုးမှု မရှိစေရ၊ အရာအားလုံး၌ ကျေးဇူးတော်၏လှုံ့ဆော်မှုကို ဂရုတစိုက်နားထောင်နေရမည်။

မိမိကိုယ်ကိုမိမိအမှန်မေ့နေသော တမန်တော်သားတစ်ဦး၌မယ်တော်၏ မိခင်စိတ်များလွှမ်းမိုးထားနိုင်ရန်အတွက် မည်သည့်အရာကမှ သူ့ကို တားဆီးဟန့်တားနိုင်လိမ့်မည်မဟုတ်။ မယ်တော်သည် ထိုသူ၌သဘာဝထက်လွန်ကဲသော အနစ်နာခံမှုများနှင့် စွမ်းအင်ထူးများကို ချီးမြှင့်တော်မူမည်။ ခရစ်တူးသခင်၏ စစ်သည်တော်ကောင်းတစ်ဦးလည်းဖြစ်စေမည်။ (တိမောသေ ၃ ၂း၃) ထို့အပြင်သူ၏ ခေါ်တော်မူခြင်းအတိုင်း သူ့အားသင့်တင့်လျှောက်ပတ်သောလုပ်သားကောင်းတစ်ဦးဖြစ်စေမည်။

ဘာမျှမရှိသည့် ဗလာနတ္တိအနေအထားမှ တစ်ခုခုကို ဖန်ဆင်းရမည့်အလုပ်ကို ဘုရားရှင်နှစ်သက်တော်မူ၏ ဤအချက်ကို အလေးအနက်အခြေခံလျှက် ဘုရားရှင်သည် မိမိ၏ဖန်ဆင်းခြင်းတန်ခိုးအာနိသင်များကို အရှိန်အဟုန်မြင့်တင်တော်မူ၏ ဘုရားရှင်၏ဘုန်းတော်ဂုဏ်တော်များအတွက် ကျွန်ုပ်တို့သည် ဖွဲ့ထက်သန်စိတ်အပြည့်ရှိကြရမည်။ တစ်ချိန်တည်းမှာပင် ကျွန်ုပ်တို့၏ ဟာကွက်ပျော့ကွက်များကို ဖြည့်ဆည်းကြရမည် ဆိုတာကိုလည်း နားလည်လက်ခံထားကြရမည် ဖြစ်သည်။ ထို့ကြောင့် မပြည့်ဝ မစုံလင် မထိုက်တန် တန်ဖိုးမရှိမှုများ၏ အသူရာချောက်ထဲသို့ ဆင်းကြည့်ကြပါစို့။ ကျွန်ုပ်တို့၏ နိမ့်ညံ့မှု အရိပ်မဲကြီးအောက်မှာ အကာအကွယ်ယူကြည့်ကြပါစို့။ ကိုယ်တော်ရှင်၏ ဘုန်းတော်ဂုဏ်တော်အတွက် အသုံးတော်ခံမည့် လက်နက်ပစ္စည်းများဖြစ်သော ကျွန်ုပ်တို့၏ စွမ်းအားရှိသမျှ ဆောင်ရွက်မှုများအပေါ် ကိုယ်တော်ရှင် မည်၍မည်မျှ တုန့်ပြန်မည်ဆိုသည်ကို တိတ်ဆိတ်သော ရပ်ဝန်းလေးတစ်ခုမှ စောင့်မျှော်ကြည့်ရှုကြပါစို့။

ထို့ကြောင့်လည်း ကိုယ်တော်ရှင်သည် ကျွန်ုပ်တို့တကယ်တန်းမျှော်လင့်ထားသည့် အရာများနှင့်ဆန့်ကျင်သော အမှုတို့ကို အဓိကထားကာ အသုံးပြုတော်မူ၏ လူသားလောက၌ ခရစ်တော်ပြီးလျှင် ဘုရားရှင်၏ဂုဏ်တော်များကို ထပ်တူထပ်မျှ ဂုဏ်ရည်တူချီးမြှင့်ခံရသူမှာ မယ်တော်ပင်ဖြစ်သည်။ ထိုသို့ မယ်တော်တစ်ဦးတည်းသာချီးမြှင့်မြှောက်စားခြင်းခံရသော်လည်း မယ်တော်သည် မိမိကိုယ်ကိုမိမိ ဘာမျှမဟုတ်သော သုညအဖြစ် အမြဲတမ်းခံယူထားသည်။ မယ်တော်၏နှိမ့်ချခြင်းသည် ဘုရားရှင်၏ စီမံကိန်းတော်၌ အနောက်အယှက်အတားအဆီးတစ်ခုဖြစ်ကောင်းဖြစ်နေပါမည်။ သို့သော် အခြားတစ်ဖက်မှ ကြည့်လျှင် နှိမ့်ချခြင်းပါရမီသည်ဘုရားရှင်က မိမိ၏ဂရုဏာမေတ္တာတရားများကို ပြီးပြည့်စုံစေဘို့ရန် အတွက်အထောက်အပံ့ပေးသူလည်းမည်ပါသည်။

### ၃။ မယ်တော်ကို စစ်မှန်သော သဒ္ဓါကြည်ညိုခြင်းသည် တမန်တော်အသက်တာ၏ ဘဝပေးတာဝန်ဝတ္တရားတစ်ခုဖြစ်သည်။

ဤလက်ဆွဲစာအုပ်၏ တစ်နေရာတွင် အထူးအလေးနက်ထားဖော်ပြထားသည့် အချက်တစ်ခုမှာ ကျွန်ုပ်တို့သည်ခရစ်တော်၏အသက်တာ အစိတ်အပိုင်းအချို့ကို စိတ်တိုင်းကျရွေးချယ်နှုတ်ယူပိုင်ခွင့်မလုပ်နိုင်ဆိုသည့်အချက်ပင်ဖြစ်သည်။ ခရစ်တော်၏ ဒုက္ခစရိယာများနှင့် ဝေဒနာခံစားရမှုများကို ကျွန်ုပ်တို့၏ဘဝကြီးထဲသို့ ဆွဲသွင်းလိုစိတ်ဆန္ဒ မရှိပါဘဲလျှက် ခရစ်တော်၏ ဘုန်းဂုဏ်တော်များကို တစ်ချိန်တည်းမှာပင်ခံယူနိုင်စွမ်းရှိလိမ့်မည်မဟုတ်။ အကြောင်းမှာ အထက်အချင်းအရာတို့ကို တစ်ခုနှင့်တစ်ခုပိုင်းခြားနိုင်စွမ်း မရှိသောခရစ်တော်ကား ပုဂ္ဂိုလ်တစ်ပါးတည်းဖြစ်နေသောကြောင့်တည်း။

ကျွန်ုပ်တို့သည် ယေဇူးကိုယ်တော်အား အရှိကို အရှိအတိုင်း လက်ခံကြရပေမည်။ အကယ်၍ကိုယ်တော်ရှင်၌ငြိမ်းချမ်းခြင်းနှင့် ပျော်ရွှင်ခြင်းသုခကို သွားရောက်ရှာဖွေ မည်ဆိုပါက ကျွန်ုပ်တို့တွေ့ရမည့်အရာကား

လက်ဝါးကားတိုင်တွင် သံမှိုများဖြင့် ရိုက်ဆွဲထားသော ကျွန်ုပ်တို့ကိုယ်ကို ကျွန်ုပ်တို့တွေ့ရမည်ဖြစ်သည်။ ဆန့်ကျင်ဘက်အရာများသည် ရောထွေးလျှက်ရှိသောကြောင့် တစ်ခုနှင့် တစ်ခုခွဲခြားနိုင်ဘို့ ခက်ခဲနေပေလိမ့်မည်။ အနာခံမှ အသာစံရမည်။ ဒုက္ခခံထမ်းမှ သုခခံစားရမည်။ အခက်အခဲ မရှိဘဲအောင်ပွဲမရှိနိုင်။ တကယ်အပူလောင်မှ သရဖူဆောင်းရမည်။ တစ်ခုတစ်ခုကို အရဆွတ်ခူးလိုက်ပါ။ ကျန်သော ဆန့်ကျင်ဘက်အရာတစ်ခုကို အလိုလျှောက်လက်ဝယ်ပိုက်ပြီးသားဖြစ်နေပေလိမ့်မည်။ ဟုတ်ပါ၏။ ဤဥပဒေသသည် ကျွန်ုပ်တို့၏ သခင်မ မာရီယားနှင့်လည်း သက်ဆိုင်လျှက်ရှိပါသည်။ ကျွန်ုပ်တို့နှင့် သင့်လျှော်ရာများကိုသာ ရွေးနှုတ်ကောက်ယူဘို့အတွက် မယ်တော်၏ဘဝကြီးကို အပိုင်းပိုင်းပိုင်း၍ ကန့်သတ်ခွဲထား၍ မရပါ။ မယ်တော်၏ ဝမ်းနည်းကြေကွဲမှုများနှင့်အတူ ကျွန်ုပ်တို့၏ နှလုံးသားသည်လည်း ကွဲအက်ကြေကွဲမှုမရှိပါပဲ လျှက် မယ်တော်၏ဝမ်းမြောက်ဝမ်းသာမှုများ၌ ကျွန်ုပ်တို့သည် မျှဝေခံစားနိုင်ခွင့်ရှိလိမ့်မည်မဟုတ်။

ချစ်တပည့်ကြီးသံယောဟန်ကဲ့သို့ မယ်တော့်ကို ကျွန်ုပ်တို့ပိုင်ဆိုင်လိုပါက ထိုပိုင်ဆိုင်လိုစိတ်သည် မယ်တော်၏ဘဝကြီးတစ်ခုလုံးကို ပိုင်ဆိုင်လိုခြင်းဖြစ်စေရမည်။ မယ်တော်၏ဘဝအစိတ်အပိုင်းလေးတစ်ခုကိုသာ ပိုင်လိုခြင်း မဖြစ်စေရ။ အကယ်၍ ကျွန်ုပ်တို့သည် မယ်တော်၏ဘဝအစိတ်အပိုင်းတစ်ခုကိုသာ လက်ခံလိုစိတ်ရှိပါက ကျွန်ုပ်တို့သည် မယ်တော့်ကို ပီပီလုံးလုံးကြီးလက်ခံသည်ဟု မဆိုနိုင်ချေ။ ကျွန်ုပ်တို့သည် မယ်တော်အား အထင်ကရ သဒ္ဒါကြည်ညိုနေခြင်းသည် မယ်တော်၏တာဝန်များနှင့် ပါရမီများကို ဖေါ်ထုတ်နေခြင်းသာ ဖြစ်သည်။ ဤအချက်သည် သိပ်အရေးမပါသော အရာများကို အဓိကမထားသေးချေ။ ဥပမာဆိုရပါမူ မယ်တော်၏ နူးညံ့သိမ့်မွေ့ခြင်းပါရမီကို ကျွန်ုပ်တို့ အတုယူလိုက်ကျင့်ခြင်းသည် မယ်တော့်ကို အလေးပြုတန်ဖိုးထား ရာရောက်သည်။ သို့သော် မယ်တော်၏ထိုပါရမီအပိုင်း အစလေးတစ်ခုကိုသာ လိုက်ကျင့်အားထုတ်ခြင်းသည် မယ်တော့်ကို အနည်းငယ်သာ သဒ္ဒါကြည်ညိုခြင်း ဖြစ်သည်ဟု ဆိုရပေမည်။

မယ်တော်အား အကြိမ်ရေများများ ဆုတောင်းနေရုံနှင့် မလုံလောက်သလို ပုဂ္ဂိုလ်သုံးပါးဘုရားတစ်ဆူသည် မိမိ၏ဘုန်းအာနုဘော်များကို ပြန်လည်အောက်မေ့စေခြင်းငှါ အမိမယ်တော်အားဖြင့် လည်းကောင်း အမိမယ်တော်အပေါ်တွင် တည်ဆောက်ထားခြင်းဖြင့်လည်းကောင်း အမိမယ်တော်ကို ဝိုင်းရံထားခြင်းဖြင့်လည်းကောင်း ဖြန့်ကျက်လျှက်ရှိသည့် မရေတွက်နိုင်သော အံ့ဖွယ်ရာကျေးဇူးများအပေါ်၌ ဝမ်းမြောက်ဂုဏ်ယူနေရုံ သိရှိနားလည်ထားရုံလေးနှင့် လည်းမလုံလောက်ပါ။ ဤထိုက်တန်သော ဂုဏ်ပြုမှုများသည် မယ်တော်နှင့်သာ ထိုက်တန်ပြီး မယ်တော်ကိုသာ ပေးဆပ်ရမှ ဖြစ်ပါသည်။ သို့သော် ယင်းအမှုတို့သည် အစိတ်အပိုင်းတစ်ခုထက် ပိုမိုသော သဒ္ဒါကြည်ညိုမှုများဖြစ်သည်။ မယ်တော့်အားထိုက်တန်သော သဒ္ဒါကြည်ညိုမှုကား မယ်တော်နှင့် တစ်ပေါင်းတစ်စည်းထဲ ရှိခြင်းအားဖြင့်သာ ရရှိနိုင်သည်။ တစ်ပေါင်းတစ်စည်းတည်းရှိခြင်းဆိုသည်မှာ မယ်တော်၏ ဘဝအသက်တာ၌ ဝင်ရောက်နေထိုင်ခြင်းကို ဆိုလိုသည်။ မယ်တော်၏ဘဝအသက်တာဆိုသည်မှာ အံ့ဖွယ်ရာများကို ကြွေးကြော်နေမှုတွင်သာမက ကျေးဇူးတော်များကို ဆက်သွယ်သယ်ယူပေးခြင်း အမှုလည်းအကျုံးဝင်သည်။

မယ်တော့်ဘဝတစ်ခုလုံး၏ ဦးတည်ရည်မှန်းချက်ကား ခရစ်တော်ဘုရား၏မိခင်ဘဝသည် ပထမဖြစ်ပြီး လူသားအားလုံး၏ မိခင်ဘဝသည်ဒုတိယအနေအထားမှာရှိသည်။ "သန့်ရှင်းသောဝိညာဉ်တော်က အချိန်ယူပြင်ဆင်ပေးခဲ့သဖြင့် မာရီယားသည် ဘုရား၏မိခင်အဖြစ် ပေါ်ပေါက်ရပ်တည်လာနိုင်ခြင်းဖြစ်သည်။" ဟု စိန်ဩဂုတ်စတင်းက မှတ်ချက်ချခဲ့သည်။ မယ်တော်သည် သိကြားတမန်တော်က အမိန့်တော်ပြန်သည့်နေ့မှ အစပြုကာ အံ့ဖွယ်သောအမှု၌ ပါဝင်လာခဲ့ရပါသည်။ ထိုအချိန်မှစ၍လည်းမယ်တော်သည် အိမ်ထောင့်တာဝန်များဖြင့် အလုပ်ရှုပ်လျှက်ရှိသော "မိခင်" တစ်ဦးဖြစ်လာရပါတော့သည်။ ထိုအဖြစ်အပျက်သည် နာဇရက်မြို့၌ ခဏတာမျှသာဖြစ်ခဲ့ရသော်လည်း မကြာမီ ဤမိသားစုလေး၏အကြောင်းသည် ကမ္ဘာအရပ်ရပ်သို့ ပျံ့နှံ့သွားရပါတော့သည်။ သူမ၏သားတော်သည်လည်း လူ့လောကအလယ်သို့ တိုးဝင်လာပါတော့သည်။ ဤသို့မယ်တော်၏အိမ်တွင်းအလုပ်များသည် ယနေ့ထိတိုင် အချိန်နှင့်အမျှလှုပ်ရှားလျှက်ရှိသည်။ ဤနာဇရက်မြို့က စိတ်ဓါတ်မျိုး ကမ္ဘာအနှံ့ ပျံ့နှံ့ဘို့သည်ပင်လျှင် မယ်တော်မပါဘဲ မဖြစ်နိုင်ချေ။ ခရစ်တော်၏ခန္ဓာကိုယ်ကို ပြုစုယုယခြင်းသည်ပင် မယ်တော့်ကို ကူညီနေခြင်းမည်၏။ တပည့်တမန်တော်ကြီးတို့သည်ပင်လျှင် မယ်တော်၏ မိခင်ဝတ္တရားများကို ထပ်လောင်းဖြည့်စွက်ပေးနေခြင်းဖြစ်သည်။ ထို့ကြောင့်လည်းမယ်တော်သည် "ငါသည်ကားတမန်တော်တို့၏ ဘဝအသက်တာ" "ငါသည်ကား

အပြစ်မဲ့သန္ဓေယူသော သခင်မ” ဟုကြွေးကြော်ထိုက်သူ ဖြစ်လာရပါတော့သည်။

ဝိညာဉ်များ၏မိခင်ဘဝဟူသည်ကား မယ်တော်၏ဘဝကြီးတစ်ခုလုံးနှင့် ယှဉ်လျှက်ရှိသည့် အခြေခံကျသော ဆောင်ရွက်မှုတစခုဖြစ်သည်။ ထို့ကြောင့်လည်းဖေါ်ပြပါ အမှု၌မပါဝင်ဘဲလျှက် မယ်တော်နှင့် တစ်စည်းတစ်လုံးတည်း ရှိခြင်းဆိုသည်မှာ မဖြစ်နိုင်ချေ။ ထို့ကြောင့်အခြေအနေအရပ်ရပ်ကို ပြန်လည်သုံးသပ် ပြောရမည်ဆိုလျှင် မယ်တော့်ကိုစစ်မှန်သော သဒ္ဓါကြည်ညိုမှု၌ ဝိညာဉ်များအား အစေခံခြင်းလည်းပါဝင်သည်။ မိခင်စိတ်ဓါတ်ကင်းမဲ့သော မယ်တော်နှင့် သာသနာပြုစိတ်ဓါတ်ကင်းမဲ့သော ခရစ္စယာန်တို့သည် သဘောထားအားဖြင့် အတူတူပင်ဖြစ်သည်။ နှစ်မျိုးစလုံးသည် မပြည့်စုံခြင်း မစစ်မှန်ခြင်း လက်တွေ့မဆန်ခြင်းတို့ဖြင့် ဘုရားရှင်၏ စီမံကိန်းတော်၌ လွဲမှားစွာ ပါဝင်နေကြသည်။

ဥပဒေအရဆိုပါမူ အများထင်မြင်သကဲ့သို့ မယ်တော့်တမန်တော်အသင်းသည် မယ်တော့်နှင့် သာသနာပြု လုပ်ငန်းတည်းဟူသော အချက်နှစ်ချက်ပေါ်တွင် အခြေခံတည်ဆောက်ထားခြင်းမဟုတ်ပါ။ သို့သော် နားလည်သိထားသည့်အတိုင်း ခရစ်ယာန်ဘဝအသက်တာတစ်ခုလုံးနှင့် သာသနာပြုလုပ်ငန်းတို့ကို ရင်ဝယ်ပွေ့ပိုက် ထားတော်မူသည့် မယ်တော်အပေါ်တွင် သီးသန့်လေး တည်ဆောက်ထားခြင်းဖြစ်သည်။

မိမိ၏အထင်နှင့် ပြောနေကြခြင်းသည် ချုပ်ရိုးဟောင်းကြီးတစ်ခုဖြစ်ပြီး ခရီးမတွင်သည့် ဆောင်ရွက်ချက် တစ်ရပ်လည်းဖြစ်သည်။ မယ်တော့်ကို နှုတ်အားဖြင့် အစေခံဝတ်ဆက်ကပ်နေခြင်းသည်လည်း အချည်းနှီးသက်သက် ဖြစ်သည်။ တမန်တော်လုပ်ငန်းတာဝန်များသည်ကား ကောင်းကင်က အလိုလျှောက်ကျလာတတ်သည့် မိုးကျရွှေကိုယ်တော်များမဟုတ်ကြပါ။ ထို့ကြောင့် ထိုအမှုများ မိမိထံအလိုလျှောက်ရောက်လာမည်ဟု မျှော်လင့်ချက်ဖြင့် အသေထိုက်စောင့်နေသည့်ဘဝဖြင့်လည်း တင်းတိမ်ရောင့်ရဲမနေပါနှင့်။ ထိုသို့ပျင်းရိသောသူများသည် မိမိတို့၏ ဘဝကြီး၌မလုပ်ချင်မကိုင်ချင်သောစိတ်များ ဆက်လက်လွှမ်းမိုးသွားမှာကို စိုးရိမ်ရပါသည်။ တမန်တော်များကဲ့သို့ မိမိကိုယ်ကို မိမိဆက်ကပ်ပူဇော်နိုင်ရန် တစ်ခုတည်းသော အကောင်းဆုံးနှင့် အထိရောက်ဆုံးနည်းလမ်းကား တမန်တော်လုပ်ငန်းများ၌ ကျွန်ုပ်တို့၏ ပူးပေါင်းပါဝင်မှုများနှင့် လုပ်ကိုင်ဆောင်ရွက်မှုများကို မယ်တော်သည် မိခင်စိတ်ဓါတ်အပြည့်ဖြင့် ရင်ဝယ်ပိုက်ကာ ချက်ချင်းလက်ခံမည်ဖြစ်သည်။

ထို့အပြင် ဤကဲ့သို့သော လက်တွဲကူညီဆောင်ရွက်မှုများမပါလျှင်မယ်တော်သည် မည်သည့်အရာမှ မဆောင်ရွက်နိုင်ပါ။ သို့သော် ဤယူဆချက်သည် လွန်ကဲလွန်းလှပါသည်ဟု ဆိုရမလားပင်ဖြစသည်။ တန်ခိုးကြီးသော်ကညာမာရီယားသည် ထိုမျှချည့်နဲ့အင်အားပျော့သူများ၏ အကူအညီကိုအဘယ်ကဲ့သို့ မှီခိုအားထားနိုင်ပါသနည်း။ သို့သော် ထိုအမှုခပ်သိမ်းသည် ဤအတိုင်းပင်ဖြစ်လျှက်ရှိပါသည်။ ဤသည်ကား ဘုရားရှင်၏စီမံချက် တစ်စိတ်တစ်ဒေသဖြစ်သည်။ ယင်းစီမံကိန်းတော်၌ လူများအာလုံးဝိုင်းဝန်းပါဝင်ဘို့လိုအပ်ပြီး လူသားတို့၏ အကူအညီမပါဘဲ လူသားတို့ကို ကယ်တင်မည်မဟုတ် ဟူသော စီမံချက်ပင်ဖြစ်သည်။ ဤအဆိုသည် မှန်ကန်သင့်လျှော်လှပါ၏ မယ်တော်၏ကျေးဇူးဘဏ္ဍာတော်ကား အလွန်ပင်များပြားလှသော်လည်း အလွန်ပင် များပြားလှသော်လည်း ကျွန်ုပ်တို့၏အကူအညီမပါဘဲ မယ်တော်သည် ယင်းဘဏ္ဍာတော်ကို အသုံးမပြုချေ။ အကယ်၍ မယ်တော်သည် မိမိ၏နှလုံးသား ဆန္ဒရှိသည့်အတိုင်း စွမ်းဆောင်နိုင်စွမ်းရှိမည်ဆိုလျှင် ကမ္ဘာလောကကြီးသည် မျက်စေ့တစ်မှိတ်အတွင်း ပြောင်းလဲသွားမှာမလွဲ ဧကန်ဖြစ်ပါသည်။ သို့သော်လည်း မယ်တော်သည် မိမိအတွက် ကိုယ်စားလှယ်အဖြစ်ဆောင်ရွက်မည့် လူပုဂ္ဂိုလ်များ မိမိထံမှောက်သို့ ရောက်လာသည့်တိုင်အောင် စောင်မတော် မူရှာပါ၏။ ထိုသူတို့၏ အကူအညီမပါဘဲ မယ်တော်သည် မိမိ၏မိခင်မေတ္တာများကို အပြည့်အဝအသုံးမပြုနိုင်။ ထိုအခါ ဝိညာဉ်များသည်လည်း မေတ္တာတရားဆာလောင်မွတ်သိပ်မှုတို့ဖြင့် သေပွဲဝင်ကြရမည်မှာ မလွဲဧကန်ဖြစ်သည်။ သခင်မ၏ စီမံခန့်ခွဲမှုအောက်သို့ အမှန်တကယ်လာရောက် ပါဝင်သူတို့အား မယ်တော်သည် စိတ်အား ထက်သန်စွာဖြင့် ကြိုဆိုလက်ကမ်းလျှက်ရှိပါသည်။

မယ်တော်သည် ထိုသူတို့အားလုံး တစ်ယောက်မကျန် သန့်ရှင်းဖြောင့်မတ်သူနှင့် သင့်တင့်လျှောက်ပတ် သူတို့ကိုသာမက အင်အားချည့်နဲ့သူများနှင့် အပယ်ခံရသူများအားလုံးပါ အသုံးပြုတော်မူပါလိမ့်မည်။ ထို့ကြောင့် အားလုံးကိုအလိုရှိတော်မူသဖြင့် မည့်သူ့ကိုမျှ ငြင်းပယ်လိမ့်မည်မဟုတ်။ အောက်ဆုံးအဆင့်တွင်ရှိသောသူပင် မယ်တော်၏တန်ခိုးတော်များကို သယ်ဆောင်ခွင့်ရကြလျှက် အထက်အဆင့်တွင်ရှိ ပါရမီမရင့်ကျက်သူများအတွက်မူ

ပြောနိုင်ဘွယ်ရာရှိလိမ့်မည်မဟုတ်။ အဘယ်ကဲ့သို့ နေရောင်ခြည်သည် ကြည်လင်သော ပြတင်းပေါက်မှန်ချပ်ကိုပဲ ဖြစ်ဖြစ်၊ ညစ်ပတ်မှေးမှိန်နေသည့်မှန်ချပ်ကိုပဲဖြစ်ဖြစ်၊ ဖြတ်သန်းကာ အခန်းကိုလင်းစေသည်ကို သတိပြုစေချင်ပါသည်။

မိဦးဖဦးကြောင့် ဧဒင်ဥယျာဉ်၌ မှားယွင်းခဲ့သည့် ပြစ်မှုကို ခရစ္စတူးတ်ကျင်က တဆင့်ရရှိသည့်ချစ်ခြင်း၊ ဒုက္ခဝေဒနာခံခြင်းတို့ဖြင့် ပြန်လည်ဆပ်ဖြေကြမည့် လက်သစ်အာဒန်နှင့် ဧဝတို့မှာ ယေရှုးနှင့် မာရီးယားပင် မဟုတ်ပါလား။ လောကကိုကယ်တင်ရန် ယေရှုးသည်အဓိက အကြောင်းတရားဖြစ်၍ မယ်တော်သည် ကျေးဇူးတော်အပေါင်းစီးဆင်းရာ လမ်းကြောင်းတစ်ခုဖြစ်သည်။ ဤလမ်းကြောင်းက ကျွန်ုပ်တို့ကိုအား ဝိညာဉ်ရေးရာ ဘဝသစ်ကို မွေးဖွားပေးသည့်အပြင် ကျွန်ုပ်တို့နှင့်ဆိုင်သော ကောင်းကင်နိုင်ငံတော်၏ စံအိမ်ကိုလည်း ပြန်လည် ပိုင်ဆိုင်ခွင့်ရရှိစေခဲ့သည်။

ကျွန်ုပ်တို့၏သခင်နှင့်အတူ ကျွန်ုပ်တို့၏ဘုရင်မလည်းဖြစ်၊ ကျွန်ုပ်တို့၏ချစ်ကြည်ညိုဖွယ်သော မိခင်လည်း ဖြစ်၊ ကျေးဇူးအပေါင်းတို့ကို သယ်ဆောင်ပေးသူလည်းဖြစ်၊ ဘုရား၏ဘဏ္ဍာတိုက်တော်ကို မျှဝေခံစားပိုင်ခွင့် ရသူလည်းဖြစ်သော သနားခြင်း၏မယ်တော်အဖြစ်သို့ ချီးမြှင့်ခြင်းခံရသော မယ်တော့်ကို ကောင်းချီးထောပနာ ပြုကြပါစို့။ ဘုရား၏သားတော်သည် မိမိ၏ဘုရင်အဖြစ်မှ ခံစားရသော ဂုဏ်ကျက်သရေတော်များ၊ ကြီးမြတ်မှုများနှင့် ဂုဏ်တော်များဖြင့် မိမိမိခင်အား ထွန်းလင်းတောက်ပစေသည်။ အဘယ်ကြောင့်ဆိုသော် မယ်တော်သည် မိမိသားတော်၏မိခင်နှင့် အထောက်အကူပြုသူ အနေဖြင့် တရားတော်အတွက် သေခံသူတို့၏ ဘုရင်နှင့် တလုံးတစ်ဝတည်း ပေါင်းစပ်လျှက်ရှိသည်။ လူသားတို့ကိုကယ်တင်သည့် မဟာလုပ်ငန်းစဉ်ကြီး၌ မယ်တော်သည် မိမိသားတော်နှင့်အတူ လက်တွဲပါဝင်ဆောင်ရွက်ခဲ့သည်။ ထိုကယ်တင်ခြင်းအမှုမှ စီးထွက်လာသည့် ကျေးဇူးတော်များကို ပြန်လည်ဝေငှရာ၌လည်း မယ်တော်သည် အတွေ့အကြုံရင့်ကျက်သူပီပီ သားတော်ထံမှ အကန့်အသတ်မဲ့သော လုပ်ပိုင်ခွင့်အာဏာကို အပ်နှင်းခြင်းခံရသူလည်းဖြစ်သည်။ ထို့ကြောင့်မယ်တော်၏ နိုင်ငံတော်သည်လည်း မိမိသားတော်၏နိုင်ငံတော်ကဲ့သို့ များပြားကျယ်ဝန်းလှပါ၏။ ထို့ကြောင့်မယ်တော့်ထံမှ ကျေးဇူးများခံစားပိုင်ခွင့်သည် မယ်တော်ပိုင် နယ်နမိတ်၏အပြင်၌ ခံစားနိုင်လိမ့်မည်မဟုတ်ပေ။ (၁၉၄၀ခုနှစ် ဧပြီလ ၁၄ရက်နှင့် ၁၉၄၅ခုနှစ် မေလ ၁၃ရက်တို့တွင် မိန့်ခွန်းခဲ့သော ပုပ်ရဟန်းမင်းကြီး ဒွါဒသမမြောက်ပီဦး၏ မိန့်ခွန်းမှ ကောက်နှုတ်ထားပါသည်။)

**“ မယ်တော့်အား ဖွဲ့ထက်သန်စွာဖြင့် အစေခံရန် ”**

**၄။ မယ်တော်၏လုပ်ငန်းများကို ဖွဲ့လုံးလရှိစွာဖြင့် ကြိုးစားအားထုတ်ခြင်း**

နည်းစနစ်၏ ချို့ယွင်းမှုကြောင့် ဟူ၍ပဲပြောပြော ကြိုးစားအားထုတ်ခြင်း လျှော့နည်းမှုကြောင့်ပဲဆိုဆို မည့်သည့်အကြောင်းပြချက်မျိုးကမှ မယ်တော့်အပေါ်မှီခိုအားထားသည့် စိတ်ဓါတ်ကို ပျက်ပျယ်သွားအောင် စွမ်းဆောင်နိုင်လိမ့်မည် မဟုတ်ချေ။ အမှန်တော့ တကယ်အဖြစ်မှန်ကိုသိအောင် ကျိုးစားရမှာဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် မယ်တော်နှင့်အတူ မယ်တော့်အတွက် မယ်တော်၏လုပ်ငန်းများကို ဖြည့်ဆည်းဆောင်ရွက်ပေး ရာ၌ တစ်စုံတစ်ဦးသည် မိမိတတ်စွမ်းနိုင်သည့်အထဲက အကောင်းဆုံးကိုမယ်တော်အား ဆက်ကပ်ထားသည့်အတွက် ဖြစ်သည်။ ထို့ကြောင့်ထိုသူသည် ထိုလုပ်ငန်းကို အကောင်းဆုံးဖြစ်အောင်ကျွမ်းကျင်ပိုင်နိုင်စွာ ကျိုးစားဆောင်ရွက်ရမည် ဖြစ်သည်။ အဖွဲ့ဝင်အသစ်များအားဖြည့်ခြင်း၊ သို့မဟုတ်အသင်းကို တိုးချဲ့ဖွဲ့စည်းခြင်း၊ သို့မဟုတ် တမန်တော်အသင်း၏ သာမာန်လုပ်ငန်းချမှတ်ချက်များကိုပင်ကျေနပ်အားရအောင်မစွမ်းဆောင်ကြသော အဖွဲ့ဝင်များနှင့် အသင်းခွဲများ၌ အမှားအယွင်းအတိမ်းအစောင်းလေးများကို မကြာခဏဆိုသလို တွေ့ရတတ်ပါသည်။ ကျွန်ုပ်သည် ကျွန်ုပ်၏ကိုယ်ပိုင်စွမ်းရည်များပေါ်တွင် ယုံကြည်စိတ်ချရမှုမရှိတော့ပါ။ မယ်တော်သည်မိမိ၏ ကိုယ်ပိုင်နည်းပရိယယ်များဖြင့်အမှန်တရားတစ်ခုကို ဆောင်ကျဉ်းပေးလိမ့်မည်ဟု မယ်တော်အပေါ်၌ ပီပီလုံးလုံးကြီး ယုံကြည်ပါသည်။” ဟူသော အဖြေမျိုး တစ်ခါတစ်ရံ ပေါ်ထွက်လာတတ်ပါတယ်။

ဤစကားမျိုးကို တမန်တော် လုပ်ငန်း၌ တတ်တက်ကြွကြွမရှိသော ပုဂ္ဂိုလ်များထံမှ မကြာခဏ ကြားရပေမည်။ ထိုသူတို့သည် မိမိတို့၏ လုပ်ရှားဆောင်ရွက်မှု ကင်းမဲ့ခြင်းအဖြစ်ကို မျက်ကွယ်ပြုလျက် ဥပဒေစည်းမျဉ်းများအပေါ်၌လည်းကောင်း၊ ယုံကြည်မှု အနည်းငယ်သာရှိကြောင်း ရမယ်ရှာဖို့ စိတ်အားထက်သန်နေကြသူများသာဖြစ်သည်။ မိမိ၏ ပင်ကိုယ်အရည်အချင်းများဖြင့် ကြိုးစားအားထုတ်မှုသည် သိပ်အရေးမပါ အရာမရောက်လှချေ။ မိမိသည် တန်ခိုးအာဏာကြီးမားသူတစ်ဦး၏ လက်သုံးတော်ခံ တစ်ဦးဖြစ်ဖို့သာ လိုသည်ဟူသော အတွေးအမြင်သည် လက်တွေ့ဘဝ၌ အကောင်အထည်ဖော်ရန် အင်မတန်မှ အန္တရာယ်ကြီးလှပါသည်။ အဘယ်ကြောင့်ပါနည်း။ ဆင်ခြေပြု ငြင်းချက်တစ်ခုထုတ်ရမည်ဆိုလျှင် မီလျှံနာ သူဌေးတစ်ဦးနှင့် စီးပွားဖက်စပ်အလုပ်လုပ်သော ဆင်းရဲသားတစ်ဦးသည် များပြားပိုလျှံလျက်ရှိသည့် ရုံပုံငွေထဲသို့ မိမိ၏ အပိုင်ငွေတစ်ချို့ကို ထည့်ဝင်ခြင်းဖြင့် မိမိကိုယ်ကိုယ်မိမိ စီးပွားရေး ချွတ်ချုံကျအောင် လုပ်သည်ဟု မည်သူဆိုနိုင်ပါမည်နည်း။

ထို့ကြောင့် မိမိ၏ လုပ်ဆောင်ချက်တိုင်း၌ တမန်တော် အသင်း၏ သဘောတရားများ၊ လွှမ်းမိုးနေသည့် ဥပဒေစည်းမျဉ်းများကို အထူးအလေးပြု ဖော်ပြဖို့ လိုအပ်လှပါသည်။ မယ်တော့် တမန်တော်များသည် မယ်တော်၏ လုပ်ငန်းစဉ်များအတွက် အသုံးတော်ခံ ကိရိယာ တန်ဆာပလာများသက်သက်မဟုတ်ကြပါ။ လောကီသားတို့၏ ဝိညာဉ်များကိုရွေးနုတ်ကယ်တင်ရန်နှင့်၊ ကျေးဇူးတော်များကို ကြွယ်ဝပြည့်စုံစေရန် ရည်ရွယ်ချက်ဖြင့် မယ်တော်နှင့် အမှန်တကယ်လက်တွဲဆောင်ရွက်ခြင်းပင်ဖြစ်ကြောင်း မေးစရာ ဖြစ်လာပါသည်။ တမန်တော်သားတို့သည် မိမိ၏ လုပ်ဆောင်ချက်များနှင့် စွမ်းရည်များကိုပေးရသည်။ ဆိုလိုသည်မှာ တမန်တော်သားက မိမိဘဝကို ဆက်ကပ်ရသည်။ မယ်တော်က မိမိ၏ လုပ်ပိုင်ခွင့်အာဏာများနှင့် ဖြူစင်ခြင်းကိုပေးသည်။ နှစ်ဦးနှစ်ဖက်၏ပေးဆပ်မှုသည် အိတ်သွန်ဖာမှောက်ဖြစ်ရမည်။ အကယ်၍ တမန်တော်သားသည် မယ်တော်နှင့် ပူးပေါင်းဆောင်ရွက်ရသည်ကို ဂုဏ်ယူ ဝင့်ကြွားမှုဖြစ်ပါက မယ်တော်၌ ဘာမှလိုတော့မည်မဟုတ်ချေ။ ထို့ကြောင့် စွန့်စားခြင်း၏ ကောင်းကျိုး၊ ဆိုးပြစ်များသည် တမန်တော်သားတစ်ဦးစီအပေါ်တွင် လုံးဝမူတည်ပါကြောင်းပြောပါရစေ။ သို့မို့ကြောင့်ပင် တမန်တော်သားသည် ထက်သန်သော ဇွဲသတ္တိဖြင့်လည်းကောင်း၊ ခိုင်မာသော နည်းစနစ်အားဖြင့်လည်းကောင်း ပြည့်ဝလျက် မိမိ၏ ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှနှင့် အကောင်အထည်ဖော် ဆောင်ရွက်ရမည်ဖြစ်သည်။

တမန်တော်သားတို့သည် မိမိတို့ မှီခိုကင်းမဲ့စွာ ကြိုးပမ်းမှု ရလဒ်၏ လိုလားချက်များအတိုင်း မယ်တော်သည် ဖြည့်ဆည်းပေးရမည်ကို သိထားကြပါသည်။ ထိုသို့ သိနားလည်ထားသည့်အတိုင်း အစစအရာရာသည် မိမိအပေါ်မှာ မူတည်နေပါလား ဟူသော စိတ်ဓာတ်မျိုး မွေးမြူကာ ယင်းကြိုးပမ်းမှုအားလုံးကို အားသွန်ခွန်စိုက် ဆောင်ရွက်ရမည်ဖြစ်သည်။ တမန်တော်သားသည် မိမိ၏ယုံကြည်ကိုးစားမှုကို အတိုင်းအတာမဲ့စွာဖြင့် မယ်တော်၏ကူညီစောင်မမှု့အပေါ်တွင် နေရာပေးထားစဉ် မိမိ၏ကျိုးပမ်းမှု့အားလုံးတို့သည် အမြဲထိပ်ဆုံးတွင် ရှိနေစေရမည်။ မယ်တော့်အပေါ်ထားရှိသော တမန်တော်သား၏ ယုံကြည်ကိုးစားမှု့မြင့်မားသလောက် သူ၏ရက်ရက်ရောရောပေးဆပ်မှု့သည်လည်း မြင့်မားနေစေရမည်။ ဇွဲရှိရှိဖြင့် နည်းစနစ်ကျနစွာ ကြိုးပမ်းအားထုတ်မှုကြောင့် ရရှိမည့်အတိုင်းမသိသော ယုံကြည်ခြင်း၏ ကုသိုလ်အကျိုးဆက်သည်ကား မရှိမဖြစ်လိုအပ်သော အခြေခံလိုအပ်ချက်တစ်ခုဖြစ်သည်။

ယင်းအခြေခံလိုအပ်ချက်မျိုးကို ရဟန္တာတို့၏ ဘဝကျင့်စဉ်များ၌လည်း တွေ့နိုင်ပါသည်။ ယင်းရဟန္တာတို့က ဆုတောင်းကြပါဟု ဆိုသောအခါ အရာအားလုံးတို့သည် မိမိ၏ကျိုးပမ်းအားထုတ်မှု ထက် ဆုတောင်းမှု့အပေါ်တွင် မူတည်နေသကဲ့သို့ သဘောထားကာကြိုးစားကြရမည် ဟုဆိုလိုခြင်းဖြစ်သည်။ ထို့ကြောင့်လည်း ဘယ်အရာမဆိုမိမိအပေါ်တွင် မူတည်နေသကဲ့သို့ ကြိုးစားအားထုတ်ရမည်ဖြစ်သည်။တာဝန်ဝတ္တရားတစ်ခုက ကြုံတွေ့ရမည့် အခက်အခဲအချို့၏ တိုးတက်ဆုတ်ယုတ်မှု့ခန့်မှန်းခြေနှိုင်းယှဉ်ချက်ကို ဘယ်တော့မှ တန်ဖိုးမညှိရ။ "အကျိုးအမြတ်ရဘို့အတွက် မိမိဘက်မှ ဘယ်လောက်နည်းနည်း ပေးရမလဲ ဆိုသည့်အမြင်မျိုးကိုဆိုလိုသည်။ လောကီကိစ္စများ၌ ဤကဲ့သို့ဈေးဆစ်မှုသသည် အရှုံးနှင့်အမြဲရင်ဆိုင်ရတတ်ပါသည်။ လောကုတ္တရာရေးရာမှာလည်း အမြဲတစေကျဆုံးတတ်ပါသည်။ အဘယ်ကြောင့်ဆိုသော် အမှန်အကျိုးပြုမည့် ကျေးဇူးများကို အလွဲသုံးစားပြုခြင်းကြောင့်ဖြစ်သည်။

ထို့အပြင် လူ၏ဆုံးဖြတ်ချက်ကို မှီခိုအားထားရန် မဖြစ်နိုင်ပါ။ မဖြစ်နိုင်ဘူးဆိုတာထင်ရှားနေသည့် ကိစ္စကို

ကိုင်တွယ်ဖြေရှင်းလိုက်ပြန်ရင်လည်း မကြာမကြာကျဆုံးတတ်ပါသည်။ အခြားတစ်ဖက်က ကြည့်မည်ဆိုလျှင်လည်း အောင်မြင်မှု့ပန်းတိုင် လက်တစ်ကမ်းရောက်လုနီးကာမျှ ထိုလှမ်းထားသည့် လက်ကို ပြန်ရုတ်သိမ်းလိုက်သဖြင့် ကြားမှအခြားသူတစ်ဦးဦးက ထိုပန်းကိုဆွတ်ခူးသွားတတ်ပြန်သေးသည်။ ဝိညာဉ်ရေးရာနယ်ပယ်၌ အကျိုးအမြတ်ကို တွက်ချက်ချင့်ချိန်နေသော ဝိညာဉ်သည် တဖြည်းဖြည်းနှင့်သေးငယ်သည်ထက် သေးငယ်လာကာ နောက်ဆုံး၌ လုံးလုံးနစ်မြုပ်ရပါတော့သည်။ သေချာသော နည်းလမ်းကား အတောအသတ်သော ကြိုးစားမှု့ပင်ဖြစ်သည်။ တမန်တော်သားသည် အလုပ်ဝတ္တရား၌ မည်မျှပင်ကြီးမားသည်ဖြစ်စေ သိမ်ငယ်သည်ဖြစ်စေ အကောင်းဆုံးဖြစ်အောင် ကျိုးစားကြရမည်မှာဖြစ်သည်။ ဤသို့ ကျိုးစားအားထုတ်မှု့အတွက် ဂုဏ်အဆင့်အင်္ဂါမလိုပါ။ လုပ်ငန်းပြီးဆုံးရန် ရည်ရွယ်ချက်သာရှိပါလျှင် ကျိုးစားမှု့အနည်းငယ်သည် ဖြောင့်မတ်မှန်ကန်ကြောင်း ထင်ရှားစေပါသည်။ တစ်စုံတစ်ယောက်သည် လိပ်ပြာကို ချေမှုန်းရန် သို့ပိုးကောင်ကို သတ်ရန် ဟာကြူလီ၏လက်ကိုင်တုတ်ကို မစွဲကိုင်ပါဟု "ဘိုင်ရန်"ဆိုသူ ပညာရှိက ပြောခဲ့ဘူးသည်။

သို့သော် တမန်တော်သားတို့သည် အကျိုးကိုလို၍ ညောင်ရေသွန်းနေခြင်းမဟုတ်ပါ။ ယင်းအလုပ်သည် ဘယ်လောက်ခက်ခဲသည် ဘယ်လောက်လွယ်ကူသည် စသည်တို့ကို ထည့်သွင်းမစဉ်းစားဘဲ မယ်တော်အတွက်ကိုသာ စဉ်းစား၍လုပ်ကြပါသည်။ တမန်တော်သားသည် မိမိလုပ်ဆောင်သည့်အလုပ်တိုင်းကို ကြီးသည်ငယ်သည်ဟု သဘောမထားဘဲ မိမိတတ်စွမ်းနိုင်သမျှနှင့် အကောင်းဆုံးဖြစ်အောင်ကျိုးစားအားထုတ်ကြရမည်ဖြစ်သည်။ ဤသို့မယ်တော်နှင့်ပူးပေါင်းဆောင်ရွက်ခြင်းကြောင့် အံ့ဖွယ်ကျေးဇူးများ လိုအပ်လာပါကထူးခြားစွာ ခံစားရမည် ဖြစ်သည်။ အကယ်၍ တစ်စုံတစ်ယောက်သည် အနည်းငယ်သော အမှု့ကိုသာဆောင်ရွက်နိုင်သည်ဟု ဆိုကြပါစို့။ ထိုအမှု့ကို စိတ်ရောကိုယ်ပါ ထမ်းဆောင်လိုက်စမ်းပါ။

မယ်တော်သည် တန်ခိုးစွမ်းအင်များသယ်ဆောင်လျှက် ထိုအင်အားနည်းသည့်အမှု့ကို အားဖြည့်ပေးရန်အတွက် ခြသေ့်ကဲ့သို့သော စွမ်းအားဖြင့် ထိုသူအားကူညီပံ့ပိုးမည် ဖြစ်သည်။ အကယ်၍တမန်တော်သားသည် မိမိအစွမ်းရှိသမျှနှင့် ကြိုးစားပါသော်လည်း အောင်မြင်မှုနှင့် မိုင်ပေါင်းကုဋေ ဝေးနေသေးလျှင် မယ်တော်သည် မိမိတို့နှစ်ဦး သဘောတူ ထားသည့် ဖက်စပ်အလုပ်ကြီး စံနမူနာထားလောက်အောင် ဆုံးခန်းတိုင် အောင်မြင်ဘို့အတွက်ထိုအကွာအဝေးကို တံတားခင်းပေးမည်ဖြစ်သည်။ တမန်တော်သားသည် လုပ်ငန်းပြီးစီးအောင်မြင်ဘို့ မိမိ၏လုပ်အားကို အရှိန်အဟုန် ဆယ်ဆမြင့်တင်လုပ်ဆောင်ပါက ယင်းဆောင်ရွက်ချက် အားလုံးတရွေးသားမျှအလဟာသ မဖြစ်စေရပါ။ အဘယ်ကြောင့် ဆိုသော် ယင်းသို့သော ကျိုးစားဆောင်ရွက်ချက်သည် မယ်တော့်အတွက်နှင့် မယ်တော်၏ကြီးမားကျယ်ပြန့်သော စီမံကိန်းနှင့် ရည်ရွယ်ချက်များအတွက် ဖြစ်သောကြောင့် မဟုတ်ပါလော။ မယ်တော်သည် ထိုကျိုးစားမှုကို ဝမ်းသာစွာလက်ခံ၍ မြောက်များစွာ တိုးပွားစေမည်။ ထို့အပြင် ဘုရားရှင်၏အိမ်တော်သားများ အလိုရှိရာမှန် သမျှကိုလည်း ဖြည့်ဆည်းပေးမည်ဖြစ်သည်။ ထိုအခါ စေ့စပ်သေချာသော နာဇရက်အိမ်ထောင်ရှင်မ၏ လက်သို့အပ်နှင်းထားသော အရာမှန်သမျှသည် ဘာမျှအချည်းနှီးမဖြစ်စေရပါ။

သို့သော် အခြားတစ်ဖက်မှလည်း တမန်တော်သားသည် မယ်တော့်အတွက် မိမိစွမ်းဆောင်ရည် ရှိသမျှ အားလုံးကို ထုတ်မသုံးဘဲ ချွေတာသုံးနေပြန်လျှင်လည်း မယ်တော်၏လက်များသည်လည်း ကျေးဇူးတော်များကို ချီးမြှင့်ရန် တွန့်ဆုတ်နေပါလိမ့်မည်။ အများကောင်းကျိုးအတွက် မယ်တော်နှင့် အခိုင်အမာ လက်တွဲပြီးကာမှ တမန်တော်အဖွဲ့၏ ပေါ့လျော့မှုကြောင့် ဤအမှု့သည် လမ်းဘေးသို့လွတ်ပစ်ခြင်းခံရတတ်ပါသည်။ တမန်တော်သားသည် မိမိ၏ချို့ယွင်းမှု့ကြောင့် မိမိနှင့်တကွ အခြားသောဝိညာဉ်များ ဆုံးရှုံးနစ်နာသွားရမှာ အဘယ်မျှ လောက်ဝမ်းနည်းဖွယ်ကောင်းလှပါသနည်း။

ထို့ကြောင့်တမန်တော်သားသည် လျော့တိလျော့ရဲကြိုးစားမှုနှင့် ဖြစ်ကတတ်နည်းစနစ်များကို အခြေခံအကြောင်းပြုပြီး မိမိသည်မယ်တော့်ပေါ်မှ လုံးဝဉသုံကိုးစားပါသည်ဟု စွပ်စွဲပြောဆိုနေခြင်းသည် ရေပေါ်တွင် အရုပ်ရေးသည့်အလား ဘာမှအကျိုးထူးလာလိမ့်မည်မဟုတ်ချေ။ သေချာတာတစ်ခုကတော့ ဤကဲ့သို့ ကျိုးစားအားထုတ်မှု့က သူ့ဘက်မှ အမှန်တကယ်အားထုတ်မှု့များကို အားပျော့သွားစေပြီး သိက္ခာကင်းမဲ့စွာဖြင့် အင်အားလျှော့နည်းပါးသွားစေမည်။ ထိုအခါ တမန်တော်သားသည် မိမိအင်အားနှင့် ထမ်းဆောင်နိုင်သော ဝန်ထုပ်ကို မယ်တော်၏ပခုံးပေါ်သို့ လွှဲပြောင်းပေးရန်ကြိုးစား ရပေလိမ့်မည်။ စံပြစစ်သည်တော် မိမိသခင်ကို ထိုမျှထူးဆန်းစွာ

အမှုထမ်းဆောင်နိုင်ပါမည်လော။ မိမိ၏သခင်မအပေါ်အံ့ဖွယ်ကောင်းလောက်သော မြင့်မြတ်လှသည့် သူ့ရဲကောင်း စိတ်ဓါတ်ဖြင့် အမှုထမ်းသည့် စစ်သည်တော်မျိုးရှာလို့တွေ့နိုင်ပါဦးမည်လော။

မယ်တော်နှင့်မယ်တော့် တမန်တော်အဖွဲ့ဝင်တို့၏ တစ်သွေးတစ်စည်းထဲပေါင်းစပ်ခြင်းနှင့်ပက်သက်၍ ယခုထိတိုင် ထိထိရောက်ရောက် မဆွေးနွေးကြရသေးပါ။ ယခုတဖန် ထိုအကြောင်းအရာ၏ အဓိကရေသောက်မြစ်အကြောင်းကို စတင်ဆွေးနွေးကြပါစို့။ တမန်တော်သားသည် မိမိတတ်စွမ်းနိုင်သမျှ အားလုံးကို မယ်တော်အား ပေးဆပ်ရမည်ဖြစ်သည်။ တမန်တော်သားက ပေးရန်ငြင်းဆိုထားသောအရာကို မယ်တော်ကတောင်းဆိုရိုး ထုံးစံမရှိပါ။ ဘုရားရှင်၏ ဘဏ္ဍာတိုက်တော်သို့ တမန်တော်က ပေးဆပ်ရန်ရှိသည်။ မိမိ၏လုပ်ဆောင်နိုင်သော စွမ်းရည်များ၊ နည်းပညာရပ်များ၊ သည်းခံခွင့်လွှတ်တတ်သော စိတ်ဓါတ်များနှင့် အတွေးအခေါ်အကြံအစည်များကို ကင်းလွတ်ခွင့်ရသည်အထိ ကျိုးစားဆောင်ရွက်ပေးဘို့လည်း မယ်တော့်၏သဘောထားအမှန်မဟုတ်ချေ။

မယ်တော်သည် မြောက်များစွာပေးဘို့ အလိုရှိပါ၏။ သို့သော် ရက်ရောစွာဆက်ကပ်ကြမည့်သူများ၏ ပူးပေါင်းပါဝင်မှုမရှိလျှင် အထက်ပါအမှုကိုလည်း မယ်တော်ဆောင်ရွက်တော်မူလိမ့်မည့်မဟုတ်။ မယ်တော်က မိမိသားတော်၏ မိန့်မှာချက်များကို စိတ်နှလုံးသွင်းလျှက် အစေခံဝတ်ကို ပြုကြရန် တမန်တော်သားအားလုံးကို တောင်ဆိုလျှက်ရှိသည်။ ယင်းတောင်းဆိုချက်ကို မယ်တော်၏သားသမီးများဖြစ်သော တမန်တော်သားများအားလုံးက အလေးအနက်တန်ဖိုးထားကြရပေမည်။

သားတော်၏ စိန်ခေါ်သံကား "စိတ်နှလုံးအကြွင်းမဲ့ ဉာဏ်ရှိသမျှ အစွမ်းသတ္တိရှိသမျှ" (မာကု ၁၂း၃၀)

တမန်တော်သားတို့သည် မယ်တော်ကို ရှေးရှုလျှက် လိုအပ်နေမှုများကို ဖြည့်ဆည်းပေးရန် မသန့်ရှင်မှုများကို သန့်ရှင်းသွားစေရန်၊ သဘာဝမဆန်မှုများကို သဘာဝဆန်သွားစေရန်၊ မစွမ်းဆောင်နိုင်မှုများကို စွမ်းဆောင်နိုင်မှုသို့ရောက်စေရန်၊ မဖြစ်နိုင်သောအရာများကို အောင်မြင်စွာဆောင်ရွက်နိုင်စေရန်၊ ကျိုးစားကြရပေမည်။ သို့သော် ဤအမှုခပ်သိမ်းကား အင်မတန်မှ ကြီးမားကျယ်ပြန့်လှပေသည်။ ၎င်းတို့သည် တောင်များကို အောက်ခြေမှစ၍ တူးဆွကာ ပင်လယ်ထဲသို့ ဖို့ရန်နှင့် ချိုင့်ဝှမ်းများကိုဖို့၍ ကောက်သောလမ်းများကို ဖြောင့်ခြင်းဖြင့် ကောင်းကင်နိုင်ငံတော်သို့ အရောက်ချီတက်ရန်အတွက် ပဏာမလမ်းညွှန်ချက်များဖြစ်သည်။

"ကျွန်ုပ်တို့အားလုံးတို့သည်ကား မထိုက်တန်သော အစေခံများဖြစ်ကြပါသည်။ သို့သော် ကျွန်ုပ်တို့သည်ကား

– ကောင်းကင်မှ နှင်းတစ်စက်ကိုတောင် မလိုအပ်ပဲချွေချပေးရန်၊

– ကျွန်ုပ်တို့၏နဖူးမှ ချွေးတစ်စက်ကိုတောင် မလိုအပ်ပဲကြွေကျစေရန်၊

– မည်သည့်အရာကိုမျှ အသုံးမဝင်ပဲ အလဟဿမဖြစ်စေရန် စေ့စပ်သေချာလှသော စီးပွားရေးပညာရှင် ဘုရားသခင်ကို အစေခံလျှက် ရှိသည်ကို မမေ့နှင့်။"

ဤစာအုပ်ကို အပြီးသတ်မှ သတ်နိုင်ပါ့မလား၊ ဒါမဟုတ် နောက်ဆုံးစာမျက်နှာ၏ အဆုံးသတ်စာကြောင်းထိ ငါ့ရဲ့ဖောင်တိန်မှင် လိုက်မှလိုက်ပါ့မလား မသိပါ။ သို့သော်သေချာတာကတော့ ဤအမှုသည် သေးသည်ဖြစ်စေ ကြီးသည်ဖြစ်စေ ငါ၌အစွမ်းသတ္တိတွေ ရှိနေသမျှ ကာလပတ်လုံး နောက်ဆုံးထွက်သက်ထိ ရှိစုမဲ့စုစွမ်းအားတွေနဲ့ ကြိုးစားနေမည် ဆိုတာကတော့သေချာသော အမှန်တရားတစ်ခုပင်ဖြစ်သည်။ (Frederick Ozanam)

## 5. LEGIONARIES SHOULD UNDERTAKE DE MONTFORT'S TRUE DEVOTION TO MARY.

မယ်တော့်တမန်တော်များသည် ဒေးမွန်းဖို့ဒ် ပြောသည့်အတိုင်း မယ်တော်အား စစ်မှန်သော သဒ္ဓါကြည်ညိုခြင်း အမှုခပ်သိမ်းတို့ဖြင့် တမန်တော်လုပ်ငန်းကို အားကြိုးမာန်တက် ဆောင်ရွက်ခြင်း။

စိန့်လူဝစ်မာရိဒေမွန်းဖို့ဒ်က မိမိ၏စာအုပ်နှစ်အုပ်ဖြစ်သော "မယ်တော်အားစစ်မှန်သော သဒ္ဓါကြည်ညိုခြင်း အမှုနှင့် မာရီယား၏ လျှို့ဝှက်ချက်များ"ဟူသည့် စာအုပ်များထဲတွင် "စစ်မှန်သောသဒ္ဓါကြည်ညိုခြင်းအကြောင်း နှင့် မယ်တော်၏ အစေခံခြင်းအမှုများအကြောင်း"ကို အသေးစိတ် အလေးပေး ဖော်ပြထားသည်။ယင်းစာအုပ်များ ထဲတွင် ဖော်ပြထားသည့် မယ်တော်အား သဒ္ဓါကြည်ညိုခြင်းအမှုများကို စံထားကာ မယ်တော့်တမန်တော်အသင်း

ဝင်များက နေ့စဉ်ကျင့်ကြံအားထုတ်ပေမည်။(နောက်ဆက်တွဲ-၅)ကို ကြည့်ရန်။

အထက်ဖော်ပြပါ ကြည်ညိုခြင်းအမှုဆိုသည်မှာ မိမိဘဝကို မယ်တော်အား ပီပီလုံးလုံးအပ်နှံထားခြင်းကို ဆိုလိုပါသည်။

သို့မှသာ တမန်တော်သားသည် မိမိ၏စိတ်ကူး ကြံရွယ်ချက်များ လုပ်ဆောင်ချက်များ အတိတ် ပစ္စုပ္ပန် အနာဂတ်အပိုင်းအခြားတို့၌ မိမိခံစားရမည့် လောကီ လောကုတ္တရာ ပိုင်ဆိုင်မှုအားလုံးကို တစ်ရွေးသားမျှအလျော့ မခံဘဲ မယ်တော်အား အပ်နှံနိုင်ပေမည်။တစ်နည်းအားဖြင့် ပြောရလျှင် ယင်းသို့ မိမိကိုယ်ကို ဆက်ကပ်အပ်နှံသူသည် မိမိ၌ပိုင်ဆိုင်မှုကင်းမဲ့သော ကျွန်တစ်ဦးဘဝသို့ ကျရောက်သွားပြီး၊ မယ်တော့်ကိုအားကိုးအားထားပြုလျက် မယ်တော်၏ အဆိုအတိုင်း ဆောင်ရွက်မည့်သူပင် ဖြစ်သည်။

သို့သော် လောကရှိအစေခံကျွန်များသည်ကား မယ်တော်၏ အစေခံကျွန်များထက် သာ၍ လွတ်လပ်ခြင်း ရှိကြပါသည်။

ဖော်ပြပါ လောကီအခြေခံကျွန်များသည်ကား မိမိ၏အတွင်းစိတ်နှင့် စိတ်ကူးကြံစည်ချက်များအပေါ်၌ မိမိသာ အရှင်သခင်ဖြစ်သည်။ ယင်းနှင့် ပတ်သက်၍လည်း မိမိသည် လွတ်လပ်စွာ ရွေးချယ်လုပ်ပိုင်ခွင့် ရှိသည်။ သို့သော် မယ်တော့်ကို အပ်နှံထားသူ တမန်တော်များ၌ကား-

မိမိ၏ စိတ်ကူးကြံစည်ချက်များ မည်မျှပင် ကောင်းကောင်း
မိမိ၏ စိတ်အတွင်း စိတ်ကူးလှုံ့ဆော်မှု မည်မျှပင် ပြင်းထန်ထန်
မိမိ၏ ပင်ကိုယ်အရည်အသွေးများ မည်မျှပင်ထက်ထက်
မိမိ၏ စိတ်လောဘများ မည်မျှပင်ကြီးကြီး
အရာရာကို ချုပ်နှိမ်ပစ်နိုင်ရမည်။

ဘုရားရှင်အတွက် မယ်တော်က မိမိကို အသုံးပြုမည်ဆိုလျှင်လည်း မတွန့်တိုဘဲ နောက်ဆုံးထွက်သက် အထိ မယ်တော်အလိုကျ အသုံးတော်ခံနိုင်ရအောင် မိမိဘဝကို မယ်တော့်ထံ အပ်နှံထားရှိမည်။

ယင်းအမှုသည်ကား ယစ်ပလ္လပေါ်ဝယ် အမိမယ်တော်နှင့်အတူ မိမိ၏အလိုဆန္ဒမှန်သမျှကို ဘုရားရှင်အား ပူဇော်နေခြင်းဖြစ်သောကြောင့် တရားတော်အတွက် အသေခံခြင်း တစ်မျိုးပင် ဖြစ်သည်။ တမန်တော်သားတို့၏ပူဇော်ခြင်းတိုင်း၌ အမိမယ်တော်ပါရှိသလို ခရစ်တော်ဘုရား၏ ပူဇော်ခြင်းတိုင်း၌လည်း အမိမယ်တော် ပါရှိတော်မူ၏။

ခရစ်တော်၏ ပူဇော်ခြင်းများသည် မယ်တော်၏ ရင်ခွင်မှ အစပြုခဲ့ပါသည်။ ခရစ်တော်ဘုရားကို ကျောင်းတော်၌အပ်နှံခြင်း အမှုတွင် မယ်တော်သည် သားတော်ကို ယုယစွာ ပိုက်ထွေးထားခဲ့ပါသည်။ ခရစ်တော်၏ငယ်စဉ်ကလေးဘဝတစ်လျှောက်လုံး မယ်တော်သည် မိမိရင်ခွင်၌ ပိုက်ထွေးတော်မူခဲ့သည်မှာ ကာလဝါရီတော့်ပေါ်၌ ကားတိုင်ခြေရင်းဝယ်အလောင်းတော်ကို မိမိရင်ခွင်၌ ပွေ့ဖက်ထားသည့် အချိန်ထိပင်ဖြစ်သည်။ စစ်မှန်သော သဒ္ဓါကြည်ညိုခြင်းအမှုကို မယ်တော်အပ်နှံပူဇော်ခြင်းအစီစဉ်ဖြင့် အစပြုပါ။သို့သော ယင်းသို့ပူဇော်ခြင်းအမှုသည် ထိုနေရာတွင်ပင် ပြီးဆုံးမသွားစေဘဲ ဆက်ကာဆက်ကာ အပ်နှံပူဇော်နေခြင်းအမှုက ပို၍ အဓိကကျလှပါသည်။ယင်းပူဇော်ခြင်းသည် အပေါ်ယံမဟုတ်ဘဲဝနှင့်ချီ၍ အရေးကြီးလှပါသည်။ မိမိဘဝ၏ စက္ကန့်တိုင်း နာရီတိုင်းကို မယ်တော်ပိုင်ရမည်ဖြစ်သည်။ ယင်းသို့မဟုတ်ပါက မိမိ၏ ဆက်ကပ်အပ်နှံမှုသည် နှုတ်မှအဆက်မပြတ်ရွတ်ဆိုသော ဆုတောင်းမေတ္တာ မျှလောက်ပင် တန်ဖိုးရှိလိမ့်မည် မဟုတ်ချေ။

သစ်ပင်စိုက်သော်လည်း မြေ၌အမြစ်မစွဲသကဲ့သို့ပင် ဖြစ်နေပေမည်။

လူ့ခန္ဓာကိုယ်သည် အသက်ရှူခြင်းသို့မဟုတ် နှလုံးခုံခြင်းအပေါ် အဓိက ထားအသက်ရှင်သန်ရသည်မှန်သော်လည်း လူ့စိတ်သည် ထိုအမှုအပေါ်စိတ်အာရုံစွဲကပ်မထားကြရပေ။သို့ဆိုသော်အသက်ရှူမှုနှင့်နှလုံးခုံမှုတို့သည် လူ့အသက် ရှင်သန်ဘို့အတွက် အရေးမပါဟု မဆိုလိုပါ။ အဆက်မပြတ်ဆောင်ရွက်နေရမည့်အရာများသာဖြစ်သည်။

ထိုနည်းတူစွာမယ်တော်အားအပ်နှံပူဇော်ခြင်းအမှုသည် တမန်တော်တို့အတွက် အရေးမပါဟု မရည်ညွှန်းပါ၊မပြတ်တန်းဆောင်ရွက်ရမည့်ကြည်ညိုခြင်းအမှုတော်ဇကန်အမှန်ပင်ဖြစ်ပါသည်။

ယင်းသည်ပင်လျှင် မယ်တော်အားစစ်မှန်သောကြည်ညိုခြင်းတစ်ရပ်ပင်မဟုတ်ပါလော။ တကယ်တန်းဆိုရပါမူ တမန်တော်စားတို့၏စိတ်၌ မိမိကိုမယ်တော်ကသာပိုင်ဆိုင်ကြောင်းနှင့် မိမိနှုတ်ကးကည်းမိမိနှုတ်ကလည်းမယ်တော်အားတဖွဖွတမ့်တနေရုံသာလိုအပ်ပါသည်။တမန်တောသားတစ်ဦး၏ဘဝအသက်တာ၌ခြေနေမျိုးမျိုး၏ဖိအားပေးမှုနှင့်ကြုံတွေ့နေရပါလေစေ–မိမိ၏စိတ်၌မယ်တော်အား လုံးဝဥသုံမှီခိုအားထားသည်စိတ်ကလေးပြဒါန်းထားရုံနှင့်ပင် မယ်တော်အားအပ်နှံပူဇော်ခြင်း မည်ပါသည်။

အထက်ပါအမှု၌ စိတ်ပါဝင်စားမည်ဆိုပါက မိမိအတွက်များစွာအထောက်အကူဖြစ်စေပါည်။ စိတ်ပါဝင်စားမှုမရှိသည်အတွက်လည်း မယ်တော့်အားကြည်ညိုမှုကို မထိခိုက်စေရပါ။လက်တွေ့ဘဝ၌ စိတ်ပါဝင်စားမှုအားနည်းလာသည်အတွက်သာမိမိသည်အခိုင်အမာမရပ်တည်နိုင်ခြင်းဖြစ်သည်။

ထို့ကြောင့်မှတ်သားရမည့်အချက်မှာစစ်မှန်သောကြည်ညိုမှုသည်စိတ်အားထက်သန်ခြင်း–သို့မဟုတ်–စိတ်ပ်ဝင်စားမှုနည်းပါးခြင်းတို့အပေါ်တွင်မူမတည်ပါ။နေပူကြဲကြဲ၌ထီးထီးကြီးတည်ရှိနေသည့်အဆောက်အဦးကြီးကဲ့သို့ပင် အပေါ်ယံအဆောက်အအုံသည် နေပူထဲတွင် ရှိသော်လည်းယင်း၏အဓိကအုတ်ဖြစ်သည်ကားအေးမြလှသောနက်ရှိုင်းသည့်မြေထဲတွင် အခိုင်အမာတည်ရှိနေသကဲ့သို့ဖြစ်သည်။

ယင်းနှင့်ပါတ်သက်သောအခြေခံသဘောတရားများလည်း အေးတိအေးစက်ဖြစ်နေမည်။ယုံကြည်ခြင်းပင်လျှင်စိန်သွားကဲ့သို့ အေးစက်မာကြောနေကောင်းနေမည်။သို့သော်ယင်းတို့သည်တဖြည်းဖြည်းနှင့်တောင်များကို ဖြိုကျကွဲအက်စေသော ဆီးနှင့်နှင့်မုန်တိုင်းသည်ကားအချိန်ကြလာသည်နှင့်အမျှအေးစက်မာကြောသောအဆောက်အအုံကိုမဖြိုခွင်းနိုင်ပဲချန်ထားခဲ့ရပေလိမ့်မည်။

စစ်မှန်သောကြည်ညိုခြင်းအမှု၌ ခံစားရမည့်ကျေးဇူးတော်များနှင့် အသင်းတော်အတွင်းရှိကြည်ညိုမှုခပ်သိမ်းတို့သည်ကား– ကောင်းကင်မှလာသောလမ်းညွှန်ချက်များပမာယုံကြည်စွာလက်ခံကြရမည်ဖြစ်ကြောင်းစိတ်လူဝစ်မာရီးမွန်းဖို့ဒ်ကမိန့်တော်မူခဲ့သည်ယင်းရဟန္တာ၏အဆိုအမိန့်အရ“မယ်တော်ထံထားရှိသည့်အပ်နှံပူဇော်ခြင်းကတိကဝတ်များအတိုင်းမိမိသည်လည်းကျေးဇူးတော်များခံစားရမည်။ဟုဆို၏။နေ့စဉ်အတွေ့အကြုံအရပြောရလျှင် တစ်ချို့သောသူတို့၏ မယ်တော့်ကိုကြည်ညိုခြင်းအမှုသည်အပေါ်ယံထက်ပိုမိုကြပါသည်။အကြောင်းမူကားသူတို့၏ဆုတောင်းချက်များအဘယ်မျှပြည့်စုံကြောင်းအပေါ်အခြေခံတားကြောင်းတွေ့ရမည်ဖြစ်သည်။

ယင်းတို့မှာသူတို့၏အထင်အမြင်နှင့်ခံစားချက်အပိုင်းဖြစ်၏။ထိုအထင်အမြင်နှင့်ခံစားချက်တို့၏လှည့်စားမှုများမခံရအောင် အနည်းငယ်မေးခွန်းထုတ်ကြည့်လိုက်ပါ။သင်၏မေးခွန်းများအပေါ်ဖြေလိုစိတ်မရှိကြောင်း ပြောပြပါလိမ့်မည်။ယင်းကိုထောက်ရှုခြင်းအားဖြင့် သူတိုသည်လှည့်ဖြားမှုများခံနေရကြောင်းသက်သေပြစရာမလိုလှအောင်ထင်ရှားနေပေသည်။

စစ်မှတ်သောကြည်ညိုခြင်းအကြောင်းကိုသင်ကြားပို့ချပေးနေသူများ၊လေ့လာလိုက်စားသူများနှင့် အတွေ့အကြုံအရ ယင်း၏အနှစ်သာရကား–လူ၏အတွင်းစိတ်ပေါ်တွင်အလေးအနက်တည်ရှိသည်မှာမေးစရာမလိုလောက်အောင်ထင်ရှားလှကြောင်း၊ယင်းသို့သောကြည်ညိုခြင်းအမှုကလူ့အတွင်းစိတ်ကိုဖြောင့်မတ်ဖြူစင်စေခြင်း၊ကိုယ်ကျိုးမရှာတတ်ခြင်းစသောတံဆိပ်တုံးများဖြင့်ခပ်နှိပ်ပေးလျက်ရှိကြောင်းပြောကြပါသည်။

ထိုနည်းအားဖြင့် ထိုသူ၏ဘဝ၌ ဘုရားရှင်၏လမ်းညွှန်မှုများ၊ကာကွယ်စောင့်ရှောက်မှုများနှင့်ပျော်ရွှင်ချမ်းမြေ့မှုများစသောအကျိုးထူးများတို့ကိုမလွဲဧကန်ခံစားရမည်ဖြစ်သည်။

ထို့အပြင်အရာရာကို စွမ်းစွမ်းတမံဆောင်ရွက်နိုင်ရန်အတွက်အဓိကကျသောပြောင်မြောက်သည့်သတ္တိ၊ခိုင်မာသည့်ယုံကြည်ခြင်း၊တို့ကိုလည်း အများနှင့်မတူတမူထူးခြားသောစွမ်းရည်များကိုဖြစ်ပေါ်စေမည်။ ကြင်နာတတ်သောနှလုံးသား၊တွေးချေမျှော်မြင်တတ်သောအသိစိတ်တို့က၊ထိုသူအား၊သတ္တိနှင့်ပြည့်ဝစေမည်။ယင်းသို့သောကာကွယ်စောင့်ရှောက်မှုများအပြင်နှစ်လိုဖွယ်ကောင်းလှသောနိမ့်ချခြင်းပါရမီလည်းပါသည်။ထို့အပြင်အဘယ်သူမျှသတိမထားမိလိုက်သောအခြားပါရမီကျေးဇူးတော်များလည်းပါရှိသည်။

တစ်ခါတစ်ရံတွင် သာမန်ထက်လွန်ကဲပြီး၊ကျွန်ုပ်တို့လုပ်နိုင်စွမ်းထက်ပိုသော အကြောင်းတရားများဆောင်ရွက်ရန်၊ဆင့်ခေါ်ခြင်းခံရတတ်ပါသည်။ထိုအခါမည်မျှပင် လေးပင်သောဝန်နထုတ်ကြီးဖြစ်လင့်ကစားပေါ့ပေါ့ပါးပါးနှင့်ဆောင်ရွက်နိုင်သော ကျေးဇူးတော်ကိုည်းတမူထူးခြားစွာခံစားရရှိမည်မှာမလွဲဧကန်ပင်ဖြစ်သည်။

အချုပ်အားဖြင့်ဆိုရသော ဟုဟ်မှန်သောကြည်ညိုခြင်းအမှုအတွက်မိမိဘဝအားပီပီလုံးလုံးဆက်ကပ်အပ်နှံထားသောသူတို့သည်အချည်းနှီးမဖြစ်စေရ၊ဘုရားရှင်၏ဘုန်းဂုဏ်တော်ကိုဆောင်ရွက်သူတို့အတွက်ထားရှိသောကတိစကားအတိုင်း၊ ထိုသူတို့သည်၊အကျိုး အဆ တစ်ရာ ရရှိကြမည်ဖြစ်သည်။

ထို့ကြောင့်ကျွန်ုပ်တို့သည်

အစေခံကြသဖြင့်....စိုးပိုးကြရ၏။

ပေးလှူကြသဖြင့်...ရယူပိုင်ဆိုင်ကြရသည်။

ကျိုးနွံမ်နာခံကြသောအခါ....အောင်နိုင်သူများဖြစ်ကြရ၏။

## အခန်းကြီး ( ၇ )

## မာရီယားတမန်တော်အသင်းဝင် နှင့် ပုဂ္ဂိုလ်သုံးပါး ဘုရားတစ်ဆူ

မာရီယားတမန်တော်အသင်း စတင်ဖွဲ့စည်းခဲ့သော ပထမဆုံး စည်းဝေးပွဲ၌ပင် အသင်းဝင်များက ဝိုင်းဝန်းလျက် ဝိညာဉ်တော်မြတ်ဘုရားအား ပင့်ဖိတ်မှု ဆုတောင်းပတ္ထနာကို အဦးဆုံး ရွက်ဆိုခဲ့သည်။ ထိုနောက် စိတ်ပုတီး စိပ်လျက် မာရီယားနှင့် သားတော်ဘုရားတို့ကို ဝတ်ပြုဆုတောင်းခဲ့သည်။ ဤအချက်မှာ အထူးမှတ်သား ဖွယ် ဖြစ်ပါသည်။

အခြားမှတ်သားဖွယ်အချက်မှာ တံခွန်တော်ကို နှစ်အနည်းငယ်လွန်ပြီး တည်ထွင်ရာမှာ ဝိညာဉ်တော်မြတ်ဘုရား၏စိုးမိုးမှုကို အလေးအမြတ်ဖော်ဆောင်ခြင်းပင် ဖြစ်သည်။ ဤအချက်က အံ့သြဖွယ်ကောင်းပါသည်။တံခွန်ကို တီထွင်ကြံဆစဉ်က အဆင့်မြင့်ဘာသာရေး တွေးခေါ်မှု မပြုခဲ့ပါ။အနုပညာရသဖြင့် တီထွင်ကြံဆခဲ့ပါသည်။မာရီယားတမန်တော်အသင်းတံခွန်ကို ဘာသာရေးနှင့်သက်ဆိုင်မှုမရှိသော ရောမတပ်များ၏ တံခွန်ကို အတုယူ စံပြုခဲ့ပါသည်။ ရောမစွန်ရဲအစား ခိုငယ်ရုပ်ကို ထည့်သွင်းသည်။မင်းဧကရာဇ် (သို့) ကွန်ဆူလ်ရုပ်နေရာတွင် မယ်တော်သခင်မ၏ရုပ်လွှာ အစားထိုး ဝင်ခဲ့သည်။ သို့သော် ဖြစ်ထွန်းလာသော တံခွန်တော်၌ လူ့လောကကို အသက်ပေးသွင်းလုံ့ဆော်ရာတွင် ဝိညာဉ်တော်မြတ်ဘုရားက ကညာတော်မာရီယားအား စမ်းချောင်းပမာ အသုံးပြုတော်မူကြောင်းကို ပီပြင်စွာ သရုပ်ဖော်ထားပါသည်။ သို့ဖြစ်၍ ဝိညာဉ်တော်မြတ်ဘုရားက မာရီယားတမန်တော်အသင်းကို လွှမ်းမိုးကြောင်း ပေါ်လွင်ထင်ရှားသည်။

အတန်ကြာသောအခါ မာရီယားတမန်တော်အသင်း၏ တံဆိပ်ပုံတော်ရေးဆွဲရာတွင်လည်း ဝိညာဉ်တော်မြတ်ဘုရားကို ဦးစားပေးကြောင်း တွေ့ရှိရပါသည်။ ပုံတော်၌ ဝိညာဉ်တော်မြတ်ဘုရားက မာရီယားတမန်တော်အသင်းကို ကြည့်ရှုနေဟန် သရုပ်ဖော် ရေးဆွဲထားသည်။ ဝိညာဉ်တော်မြတ်ဘုရား၏ တန်ခိုးအာနိသင်ဖြင့်မငြိမ်းနိုင်ဟု ထင်မြင်ရသော မဟာတိုက်ပွဲကြီး တရွေ့ရွေ့ ဆုံးခန်းသို့ ရောက်၏။ ကညာတော်က မြွေဦးခေါင်းကိုနင်းချေသည်။ သခင်မအင်အားစုတို့က ဘုရားဗျာဒိတ်တော်နှင့်အညီ ရန်သူအင်အားစုတို့ကို နှိမ်နင်းအောင်မြင်ကြသည်။

တဖန် မာရီယားတမန်တော်အသင်း၏ အခြေခံအရောင် ရွေးချယ်သတ်မှတ်ခြင်းသည်လည်း အသင်း၏ သဘောထားကို တင့်တယ်စွာ ဖော်ပြ၏။ အသင်း၏ တရားဝင် အရောင်အဆင်းကို အများထင်မြင်သကဲ့သို့ အပြာရောင် မဟုတ်ဘဲ အနီရောင် ဖြစ်ပါသည်။ တံခွန်တော်နှင့် အမှတ်တံဆိပ်ပုံတော်တို့ မာရီယား၏ ရောင်ခြည်တော်ကို ဘယ်အရောင်အဆင်းခြယ်မှုန်းမည်ကို ဆွေးနွေးကြသည်။ ဝိညာဉ်တော်မြတ်ဘုရား၏ အရောင်အဆင်းအဖြစ်ခံယူထားသော အနီရောင်ကို ရွေးကာ တံခွန်တော်နှင့် အမှတ်တံဆိပ်ပုံတို့၌ မယ်တော်မာရီယား၏ ရောင်ခြည်တော်ကို အနီရောင် သတ်မှတ်ခဲ့ပါသည်။ အသင်း၏ သဘောထားမှာ မယ်တော်မာရီယားအား ဝိညာဉ်တော်မြတ်ဘုရားက လွှမ်းမိုးကြောင်းကို သရုပ်ပြလို၍ မာရီယား၏ ရောင်ခြည်တော်ကို အနီရောင်သတ်မှတ်ခြင်း ဖြစ်သည်။ အသင်း၏ အရောင်အဆင်းကိုလည်း အနီရောင် ပြဌာန်းခြင်း ဖြစ်သည်။

သမ္မာကျမ်း၌ဖော်ပြပါရှိသော အလင်းဆောင် မီးတံခွန်ကိုဝိညာဉ်တော်မြတ်ဘုရား၏ လွှမ်းမိုးမှုပေါ်လွင်စေရန် မာရီယား၏ ရောင်ခြည်တော်ကို အနီရောင် ရေးဆွဲစေခြင်း ဖြစ်သည်။ပုံတော်၌ မာရီယား ရုပ်လွှာသည် ဝင်းပြောင် တောက်ပနေ၏။

သို့ဖြစ်၍ မာရီယားတမန်တော်အသင်းဝင် ကတိသစ္စာကို ရေးဖွဲ့သောအခါ အစပထမမှာ အများတို့က အံ့သြ တွေဝေနေကြသော်လည်း ဆုတောင်းပတ္ထနာ (ကတိဝန်ခံချက်မေတ္တာ)ကို အသင်း၏ ဘုရင်မဖြစ်သူ မယ်တော်မာရီယား အား ရည်ညွှန်းခြင်းမပြုဘဲ ဝိညာဉ်တော်မြတ်ဘုရားအား ရည်ညွှန်းရေးဖွဲ့ခဲ့ပါသည်။အရေးပါသော အချက်ကိုပြန်လည် သတိပြုမိပါသလား။ အစဉ်အမြဲ ဝိညာဉ်တော်မြတ်ဘုရားကသာလျှင် လူ့ကမ္ဘာကို ဆန်းသစ်ပြုပြင်တော်မူ၏။မာရီယား အသုံးတော်ခံပြီး လူပုဂ္ဂိုလ်တို့အတွက် ရယူ စွန့်သနားသော ဆုကျေးဇူး အသွေးအမွှားတို့ကိုပင် အမှန်အားဖြင့် ဝိညာဉ် တော်မြတ်ဘုရား ထံတော်မှ ကျွန်ုပ်တို့ ရရှိပါသည်။ ဝိညာဉ်တော်မြတ်ဘုရားက မာရီယားကို ပေါင်းကူးအဖြစ် အသုံး ပြုပြီး စွန့်သနားခြင်း ဖြစ်သည်။

မာရီယားထံ ကြွဝင်လျက် ဝိညာဉ်တော်မြတ်ဘုရားက တန်ခိုးပြ ဆောင်ကြဉ်းသဖြင့် ထာဝရ သားတော်ဘုရား က လူ့ဇာတိသဘောဝကို ယူဆောင်တော်မူ၏။ သို့အားဖြင့် လူသားအားလုံးတို့က ပုဂ္ဂိုလ်တော်မြတ်သုံးပါး ဘုရားတစ်ဆူ၏ အသက်တော်ဖြင့် ရှင်သန်ကြ၏။ မာရီယားသည်လည်း ထာဝရဘုရားပုဂ္ဂိုလ်တော်သုံးပါးကို သီးသန့် ထူးခြားစွာ ဆက်ဆံလျက် ရှင်သန်တော်မူ၏။ မာရီယားဤသို့ ဆက်ဆံရှင်သန်ခြင်းကို သိရှိခြင်းဖြင့် ထာဝရဘုရား၏ အံ့သြဖွယ်စောင်မခြင်းကို ကျွန်ုပ်တို့ ရိပ်စားမိကြသည်။ ထာဝရဘုရား၏ အမွန်မြတ်ဆုံးသော ဆုကျေးဇူးတော်ပေးဆောင် မှုကို ကျွန်ုပ်တို့အားလုံး လက်လှမ်းမီကြောင်းကို သိနားလည်အပ်သည်။

ဤသို့သော ထာဝရဘုရား ပုဂ္ဂိုလ်တော်သုံးပါးအား သိမြင်ကိုးကွယ်ရန် လိုအပ်ကြောင်းကို ရဟန္တာသူမြတ်များ က အလေးအနက် သွန်သင်ဟောကြားကြသည်။ ပုဂ္ဂိုလ်တော်မြတ်သုံးပါးကို တစ်ပါးခြင်း သီးသန့် ဝတ်ပြုရမည်ကို လည်း သွန်သင်ကြသည်။ ရှင်အာသာနာစီဦး ရေးဖွဲ့ပို့ချသော ယုံကြည်ရာအချုပ်တွင် ဤအချက်ကို ပညတ်ချက်ပမာ ကြောက်မတ်ဖွယ်အသုံးအနှုန်းများဖြင့် ဖော်ပြထားသည်။ အာသာနာစီဦး ယုံကြည်ရာအချုပ်ကို ရေးဖွဲ့စဉ်က ဖန်ဆင်း ခြင်းနှင့် လူ့ဇာတိ သဘာဝ ယူဆောင်ခြင်းတို့ကို ပုဂ္ဂိုလ်တော်မြတ်သုံးပါး ထာဝရဘုရား၏ ဘုန်းဂုဏ်တော်ထင်ရှားရေး အတွက် အခြေခံရည်ညွှန်းသည်ဟု ခံယူယုံကြည်ခဲ့ပါသည်။

သို့သော် ဤမျှသိမ့်မွေ့နက်နဲသော အကြောင်းအချက်ကို ကျွန်ုပ်တို့ လူသားများက ဘယ်ပုံဘယ်နည်းသိနား လည်းနိုင်ပါသလဲ။ ထာဝရဘုရားကိုယ်တော်တိုင် အလင်းဆောင်လို့ ကျွန်ုပ်တို့သိနားလည်ခွင့် ရှိပါတယ်။ ကမ္ဘာမြေပြင် ပထမဆုံးအကြိမ် ပုဂ္ဂိုလ်တော်မြတ်သုံးပါး ထာဝရဘုရား ဟူသော နက်နဲဖွယ်ရာကို လူသားများကအတိအကျ သိရှိခဲ့သည်။သမိုင်းတွင်ပြီး အလွန်မွန်မြတ်သော အခါတော်၌ ပုဂ္ဂိုလ်တော်မြတ်သုံးပါးက ကောင်းကင်တမန် (သိကြားမင်း)ကို မာရီယားထံစေလွှတ်လျက် ဗျာဒိတ်တော် ပြန်ကြားစေသည်။“ဝိညာဉ်တော်မြတ် ဘုရားကတန်ခိုးတော် စွမ်းအားဖြင့် သင့်ကို လွှမ်းခြုံလိမ့်မည်။ သို့ဖြစ်သောကြောင့် ဖွားမြင်မည့်သူငယ် သန့်ရှင်း မြင့်မြတ်လိမ့်မည်။ သူငယ်ကို အမြင့်မြတ်ဆုံးသော ဘုရား၏သားတော် ဟု ခေါ်ဝေါ် သမုတ်ကြလိမ့်မည်။”( လုကာ ၁း၃၂ )

ဧဝံဂေလိကျမ်းပိုဒ်၌ ထာဝရဘုရား ပုဂ္ဂိုလ်တော်မြတ်သုံးပါးကိုထင်ရှားစွာ ခွဲခြားဖော်ပြထားပါသည်။ဦးစွာပထမ ဝိညာဉ်တော်မြတ်ဘုရားကို ဖော်ပြသည်။ ဝိညာဉ်တော်မြတ်ဘုရား၏ တန်ခိုးတော်ဖြင့် သားတော်ဘုရားက လူ့ဇာတိ သဘာဝကို ယူဆောင်လျက် ဖခင် ခမည်းတော်အဖြစ် ဖော်ပြ၏။ တတိယဖော်ပြချက်မှာ ဖွားမြင်မည့် သူငယ်ဖြစ်၏။ “သူငယ်သည်အလွန်ကြီးမြတ်ပြီး အမြင့်ဆုံးဘုရား၏ သားတော် ဟုခေါ်ဝေါ်သမုတ်ခြင်း ခံရလိမ့်မည်။”(လုကာ ၁း၃၂)

ပုဂ္ဂိုလ်တော်မြတ်သုံးပါ တစ်ပါးချင်း မာရီယားနှင့် သက်ဆိုင်သည်ကို တရားရှုမှတ်ခြင်းဖြင့် ကျွန်ုပ်တို့သည် ထာဝရဘုရား ပုဂ္ဂိုလ်တော်သုံးပါးကို ခွဲခြားသိမြင်နိုင်သည်။ သားတော်ဘုရားနှင့် မာရီယား တို့၏သားအမိသက်ဆိုင်မှု ကျွန်ုပ်တို့လူသားများနှင့် အနီးစပ်ဆုံး ဖြစ်၍ ကျွန်ုပ်တို့ နားလည်သဘောပေါက်နိုင်ပါသည်။ မာရီယား၏ မယ်တော် မိခင်ဖြစ်မှုမှာ နီးစပ်သည်။ နိစ္စ ထာဝရ တည်သည်၊ သာမန်လူသားအမိထက် သာလွန်မြင့်မြတ်သည်။

သာမန်အားဖြင့် လူဖွားမြင်ပြီးလျှင် မိခင်နှင့်သီးခြား ခွဲထွက်သည်။ ယေရှု နှင့် မာရီယားက ဝိညာဉ်ပိုင်းသက်ဆိုင်မှုကြောင့် ထာဝရ သားတော် မယ်တော်အဖြစ် တည်နေသည်။ နာမ်ဝိညာဉ်သက်ဆိုင်မှုက ပထမဖြစ်ပြီး၊ အသွေးအသားတော်စပ်မှုက ဒုတိယတန်းစားဖြစ်သည်။ သားတော်နှင့် မယ်တော်တို့၏ အပြန်အလှန်

သက်ဆိုင်ပုံကို ကျွန်ုပ်တို့ သိနားလည်နိုင်စွမ်း မရှိပါ။ ကက်သလစ်သာသနာက “ အရှင်ဘုရားနှင့် တူညီသင့်မြတ်၍ ကယ်တင်ခြင်း အမှုတော်၌ တစ်သွေးတစ်သားပါဝင်လျက် ဆုကျေးဇူးတော်တို့ကို ကြားဝင်ပုဂ္ဂိုလ်တော်အဖြစ် မျှဝေစွန့်သနားတော်မူ၏ ” ( Co-Redemprix and Mediatrion )

မယ်တော် မာရီယားနှင့် ဝိညာဉ်တော်မြတ်ဘုရားတို့၏ သက်ဆိုင်မှုကို ဘုရားဆောင် သို့မဟုတ် ဗိမာန်တော် အဖြစ် ဖော်ပြပါသည်။ အမှန်မှာ မာရီယားသည် ဝိညာဉ်တော်မြတ်ဘုရားအား ပြည့်စုံစွာ အသုံးတော်ခံခဲ့သည်။ သို့ဖြစ်၍ မယ်တော်က ဝိညာဉ်တော်မြတ်ဘုရား၏ အစွမ်းတန်ခိုးဖြင့် အားလုံးစုံကို စွမ်းဆောင်တော်မူ၏။ မာရီယားသည် ဝိညာဉ်တော်မြတ်ဘုရား၏ လက်နက်တန်ဆာမျှ မဟုတ်ဘဲ အလွန်အစွမ်း တန်ခိုးကြီးမားပါသည်။ မာရီယား၏ စောင်မမှုကို ငြင်းဆန်သူသည် ဝိညာဉ်တော်မြတ်ဘုရား၏ စောင်မမှုကို ငြင်းဆန်ပါသည်။ ကျွန်ုပ်တို့လူသားများနှင့် ပတ်သက်သမျှကို မယ်တော်က ဦးစွာပထမ ကရုဏာမျက်စေ့ဖြင့် ရှုမြင်လျက် စောင်မရန် အလိုတော်ရှိ၏။

ဝိညာဉ်တော်မြတ်ဘုရားသည် မေတ္တာ၊ တင့်တယ် သပ္ပါယ်မှု၊ အစွမ်းတန်ခိုး၊ မဟာဉာဏ်တော်၊သန့်ရှင်းစင် ကြယ်မှုနှင့် အခြား ဘုရားတန်ခိုးတော်အားလုံးနှင့် ပြည့်စုံတော်မူ၏။ ဝိညာဉ်တော်မြတ်ဘုရားသက်ကြွသောအခါ လိုအပ်မှုအားလုံး ပြည့်စုံပြီး အခက်အခဲမှန်သမျှ ပြေငြိမ်း ပါသည်။ ဘုရားအလိုတော်နှင့်ညီညွတ်ရန် စောင်မတော်မူသည် ဝိညာဉ်တော်မြတ်ဘုရား၏ အစွမ်းတန်ခိုးကို လက်ခံသူသည် ထာဝရ ဘုရား၏ အစွမ်းတန်ခိုးနှင့် ပြည့်စုံသည်။ ဝိညာဉ်တော်မြတ်ဘုရား မယ်တော်မာရီယားနှင့် သက်ဆိုင်မှုကို သိမှတ်သည့်အပြင် ဝိညာဉ်တော်မြတ်ဘုရား ကျွန်ုပ်တို့ နှင့်သက်ဆိုင်ပြီး သီးသန့်တာဝန်ယူဆောင်ရွက်ကြောင်းကိုလည်းသိမှတ်ရပါသည်။ ဤသို့စောင်မခြင်းရှိစေရန် ကျွန်ုပ်တို့ က မကြာခဏ ဝိညာဉ်တော်မြတ်ဘုရားအား သတိအာရုံရောက်ရမည်။ မယ်တော်ကိုအာရုံပြုခြင်းသည် ဝိညာဉ်တော်မြတ်ဘုရားကို အာရုံပြုခြင်း မြောက်နိုင်ပါသည်။အထူးသဖြင့် မာရီယားတမန်တော်အသင်းဝင်တို့သည် စိပ်ပုတီး ဆုတောင်းပတ္တနာသည် မယ်တော်သခင်မကို အဓိက ရည်ညွှန်းသည့်အပြင်၊ ကျွန်ုပ်တို့တရားဖြင့်တွေးတောဆင် ခြင်သော နက်နဲဖွယ် တစ်ဆယ့်ငါးချက်တို့မှာ ဝိညာဉ်တော်မြတ်ဘုရား ပါဝင်ဆောင်ရွက်သော ကယ်တင်ခြင်း အမှုတော် အစိတ်အပိုင်းများ ဖြစ်ပါသည်။

ထာဝရ ခမည်းတော်ဘုရားကို ကညာတော်မာရီယားက သမီးတော် အဖြစ် သက်ဆိုင် တော်စပ်ပါသည်။ ဘုရား၏ သမီးတော်ဆိုရာတွင် (၁) မာရီယားသည် အရာသတ္တဝါအားလုံးထက် ထာဝရဘုရားနှင့်အနီးဆုံး၊ချစ်မြတ် နိုးဆုံး ပုဂ္ဂိုလ်ဖြစ်သည်။ ( Cardinal Rawman )(၂)သားတောဘုရား၏ မယ်တော်ဖြစ်သည့်လျှောက် ခမည်းတော် ဘုရားနှင့် နီးစပ်စွာ သက်ဆိုင်ခွင့် ရထားသည်။ ခမည်းတော်ဘုရား၏ သမီးတော်ဟူ၍ ခေါ်ဝေါ် သမုတ်ထားပါသည်။ (၃) ခမည်းတော်ဘုရား၏ သမီးတော်ဖြစ်သည်နှင့်အညီ ခမည်းတော်ဘုရား၏ ဘုန်းရောင်ခြည်ကို လူသားများ ဝေငှနိုင်စွမ်းရှိသည်။

သားတော်ဘုရား၏ မိခင်မယ်တော်ဖြစ်သောကြောင့် ခမည်းတော်ဘုရားနှင့် တပည့်တော်စပ်တော်မူ၏။ ဘုရား၏ သားသမီးများဖြစ်သော ကျွန်ုပ်တို့သည် မယ်တော်မာရီယားနှင့် မည်သို့ တော်စပ်ပါသလဲ။ “ခမည်းတော် ထာဝရဘုရားက ဖန်ဆင်းထားသော သတ္တဝါများအနက် မာရီယားအား သီးသန့်ထူးခြားစွာ တန်ခိုးစွမ်းအားပေးဆောင် သဖြင့် သားတော်ဘုရားအပြင် ကျွန်ုပ်တို့သည် ယေရှု၏ မြတ်သောခန္ဓာ အစိတ်အပိုင်းများဖြစ်ကြသည်။ ခမည်းတော်ဘုရားနှင့် သက်ဆိုင်သောကြောင့် မာရီယားက ဆုကျေးဇူးတော်တို့ကို ကျွန်ုပ်တို့အားမျှဝေပေးဆောင်တော်မူ ၏။ ကျွန်ုပ်တို့လူသားများက ကျေးဇူးတော်သိမှတ်ခံယူရန် လိုအပ်သည်။ဤသို့ သိမှတ်ခံယူရာတွင် ဘုရားသခင် သွန်သင်တော်မူသော “ ကောင်းကင်ဘုံ၌ ” ဆုတောင်းမေတ္တာကို အလေးအမြတ်ခံယူသင့်သည်။ ကက်သလစ်သာသနာ ၏ ယုံကြည်ချက်နှင့်အညီကျွန်ုပ်တို့ ရွက်ဆိုပါက သားတော်ဘုရား၏ အလိုတော်ဆန္ဒအတိုင်းခမည်းတော်ဘုရားပအား ကျွန်ုပ်တို့ ထိုက်သင့်စွာ ချီးမွမ်းထောပနာ ပြုလိမ့်မည်။ မယ်တော်မှ တဆင့် ခံယူရရှိသော ဆုကျေးဇူးတော်တို့ကိုလည်း ကျေးဇူးတင်စွာဖြင့် ခံယူရရှိလိမ့်မည်။

အထက်၌ ဆွေးနွေးတင်ပြခဲ့သည့်အတိုင်း မာရီယားအား ကျွန်ုပ်တို့ ကိုးစားသင့်ကြောင်းကို ထပ်ဆင့်ဖော်ပြလိုပါ သည်။ ပုဂ္ဂိုလ်တော်မြတ်သုံးပါး ထာဝရဘုရားက ကျွန်ုပ်တို့အား ကယ်ချွတ်ရာတွင် မာရီယားကို လက်သုံးတော်အဖြစ် သဘောထားသည်။ ခမည်းတော်ဘုရားက မာရီယားမှကင်း၍သားတော်ဘုရားကို ကျွန်ုပ်တို့အား ပေးဆောင်ခြင်းမပြုပါ။ မာရီယားမှသာလျှင် ကျွန်ုပ်တို့ကို အသစ်ဖွားမြင်စေတော်မူ၏။မာရီယားမှသာလျှင် ကျွန်ုပ်တို့အား ကျေးဇူးတော်

အပေါင်းတို့ကို စွန့်သနားတော်မူ၏။ လူသားတို့၏ ကယ်တင်ရှင် သားတော်ဘုရားက မာရီယားဝမ်း၌ သန္ဓေတည် မွေးဖွားခဲ့သည်။ နေ့စဉ်နေ့တိုင်း ခန္ဓာတော်အစိတ်အပိုင်းတို့ကို ဝိညာဉ်တော်မြတ်ဘုရား၏ ပံ့ပိုးဆောင်ရွက်မှုဖြင့် အသစ်တဖန် ဖွားမြင်စေသည်။ ကိုယ်တော်ရှင်၏၊ကုသိုလ်တော်တို့နှင့် ကျေးဇူးတော်တို့ကို မာရီယားမှတဆင့် ကျွန်ုပ်တို့ကို မျှဝေစွန့်သနားတော်မူ၏။ဝိညာဉ်တော်မြတ်ဘုရားက မာရီယားဝမ်း၌ သန္ဓေတည်လျက် ဖွားမြင်စေခဲ့သည်။ ခရစ်တော်ယေဇူး၏ မြတ်သောခန္ဓာတော် အစိတ်အပိုင်းဖြစ်သော ကျွန်ုပ်တို့ကို မာရီယား၏ ပါဝင်အကျိုးဆောင်မှုဖြင့် ဝိညာဉ်တော်မြတ်ဘုရားက အသစ်ဖွားမြင် ရှင်သန်စေ၏။ အရှင်၏ကောင်းကြီးများနှင့် ဆုကျေးဇူးတော်များကို မာရီယားမှတဆင့် ကျွန်ုပ်တို့အား ဝေငှစွန့်သနားတော်မူ၏။

ဤတန်ခိုးစွမ်းဖြင့် ပုဂ္ဂိုလ်တော်မြတ်သုံးပါးက မာရီယား၏ အကျိုးဆောင်မှုကို သုံးစွဲတော်မူလျှင် ကျွန်ုပ်တို့က မိုက်ကန်းစွာဖြင့် မာရီယားကို လစ်လျူရှုနိုင်ပါသလား။ မယ်တော်လက်သို့ ကျွန်ုပ်တို့ကိုယ်ကို အပ်နှံရမည် မဟုတ်လား။ မာရီယားအား ကိုးစားရမည် မဟုတ်လား။ ( True Devotion - 140 )

## အခန်းကြီး ( ၈ )
## *ကိုယ်တော်မြတ်မင်္ဂလာ နှင့် မာရီယားတမန်တော်အသင်းဝင်*

### ၁။ <u>မစ္ဆားပူဇော်မှု။</u>

မာရီယား တမန်တော် အသင်းဝင်တို့၏ သန့်ရှင်း မြင့်မြတ်မှုသည် အသင်း၏ ရှင်သန်တည် နေရေး တွက်အလွန်အရေးကြီးပါသည်မာရီယားတမန်တော်အသင်း၏အဓိကလုပ်ငန်းမှာအသင်းဝင်တို့၏သန့်ရှင်းးမြင့်မြတ်ရေး ပင်ဖြစ်သည်။ အသင်းဝင်တို့က မိမိတို့ကိုယ်တိုင် ကျေးဇူးတော်ဘဝ၌ တည်မှသာလျှင် ကျေးဇူးတော် မျှဝေပေးဆောင်ရာ တန်ဆာများ ဖြစ်လိမ့်မည်။ ဤအတွက်ကြောင့် မာရီယားတမန်တော်အသင်းဝင် တို့သည်အသင်းဝင်စမှာပင် မာရီယား နည်းတူ ဝိညာဉ်တော်မြတ်ဘုရား ကြွဝင်စံမြန်းရန် ဆုတောင်းပတ္ထနာပြုကြသည်။ ဝိညာဉ်တော်မြတ်ဘုရား၏အခြေခံ လုပ်ငန်းဖြစ်သော လူ့လောကကို ဆန်းသစ်ပြုပြင်ရာတွင် လက်နက်တန်ဆာအဖြစ် အသုံးပြုရန် ဆုတောင်းကြသည်။

အသင်းဝင်များက လျှောက်ထားတောင်းခံသော ကျေးဇူးတော်အားလုံးသည် ကာလ်ဝါရီတောင်ပေါ်မှာ ယေဇူးပြုသောစတေးခံပူဇော်မှု၏ အကျိုးဆက်များဖြစ်သည်။ မစ္ဆားပူဇော်မှုသည် ကာလ်ဝါရီ ပူဇော်မှုကိုကာလနေရာတည်းဟူသော လောခာတ်တရားတို့ကို လွန်ဆန်ပြီး နေ့စဉ်နေ့တိုင်း ပြန်လည်ဖော်ဆောင်ပါသည်။ မစ္ဆားပူဇော်ခြင်းသည် အတိတ်မှ ကာလ်ဝါရီ ပူဇော်မှု၏ အထိမ်းအမှတ် သက်သက်မဟုတ်ပါ။ ထာဝရဘုရား၏ တန်ခိုးတော်ဖြင့် နေ့စဉ်နေ့တိုင်း ရဟန်းဘုန်းတော်ကြီးလက်တော်မှ ပြုသော ပူဇော်မှုအစစ်မှန် ဖြစ်သည်။ ခရစ်တော်ယေဇူး ကာလ်ဝါရီမှာပြုတော်မူသော ပူဇော်မှုနှင့် အကျိုးဆက်များကို မစ္ဆာတရားတော်မှာ ကျွန်ုပ်တို့ ပါဝင်ပူဇော်ပြီး မျှဝေခံယူကြပါသည်။ကျွန်ုပ်တို့ ကိုယ်စီပြုသော ပူဇော်မှုတို့သည် ယေဇူး၏ ပူဇော်မှုနှင့် နေ့စဉ်ပေါင်းစပ်ပါသည်။

သို့ဖြစ်၍ မာရီယားတမန်တော်အသင်းဝင်တစ်ဦးချင်းသည် ကယ်တင်ခြင်းဆုတော်ကို မိမိအတွက်လည်းကောင်း သူတစ်ပါးတို့အတွက်လည်းကောင်း၊ရယူခံစားလိုလျှင် မစ္ဆားတရားကို အားထားရပါမည်။ အခြေအနေ နှင့် အခွင့်အလမ်းများက အလွန်ခြားနား နေတက်သောကြောင့် မစ္ဆားတရားနှင့် ပတ်သက်ပြီး၊ မာရီယားမတန်တော်အသင်းက စည်းကမ်းတစ်စုံတစ်ရာ ချမှတ်ခြင်း မရှိပါ။အသင်းဝင်တို့နှင့် မိမိတို့လုပ်ငန်းအတွက် အကျိုးရှိစေရန် မစ္ဆားတရားကို ဖြစ်နိုင်လျှင် နေ့စဉ်နာကြရန်နှင့် မစ္ဆားနာတိုင်း ကိုယ်တော်မြတ် ပင့်ကြရန် အားပေး တိုက်တွန်းပါသည်။

မာရီယားတမန်တော်အသင်းဝင်တို့သည်မိမိတို့လုပ်ဆောင်သမျှ၌မာရီယားနှင့် တစ်သားတည်းခံယူလုပ်ဆောင်ကြသည်ပါသည်။ ကိုယ်တော်မြတ် မင်္ဂလာအခမ်းအနားမှာပါဝင်ပူဇော်မှုမှာ အကောင်းဆုံးသော နည်းလမ်းဖြစ်ပါသည်။

မစ္စားတရားတွင်အဓိကနှစ်ပိုင်း ပါဝင်သည်။သမ္မာကျမ်း ဝတ်ပြုမှုပိုင်းနှင့် ကိုယ်တော်မြတ်ဝတ်ပြုမှုပိုင်းဟူ၍ဖြစ်သည်။ ဝတ်ပြုမှုနှစ်ပိုင်းလုံးသည် ဝတ်ပြုကိုးကွယ်မှု တစ်ခုတည်းဖြစ်သည်။ သမ္မာကျမ်းပိုင်းနှင့် ကိုယ်တော်မြတမင်္ဂလာပိုင်းနှစ်ပိုင်းလုံး၌ ပါဝင်ဝတ်ပြုပူဇော်ခြင်းဖြင့် ကျွန်ုပ်တို့ခွန်အားဖြည့်တင်းကြပါသည်။(SC ၅၆ ၄၈.၅၁)မစ္စားပူဇော်ရာမှာ တံကျင်တော်လက်ထက်တွင် ပူဇော်ခြင်းကို အထိမ်းအမှတ် အဖြစ်သာ ကျွန်ုပ်တို့ကျင်းပခြင်းမဟုတ်ပါ။ မစ္စားတရားသည် ကာလ်ဝါရီတံကျင်တော် ပူဇော်မှုနှင့် အချိန်ကာလကိုလွန်ပြီးအသစ်တဖန် ပူဇော် ခြင်း ဖြစ်သည်။ နေရာနှင့်အချိန်တည်းဟူသော လောကဓာတ်တရားတို့ကိုအမှုမထားဘဲ ကာလ်ဝါရီမှာပူဇော်မှုပြုသော ခရစ်တော် ယေရှုသည် ယခုဘုရားပလ္လင်မှာ တည်တော်မူ၏။ ပါဝင်ပူဇော်သူပရိသတ်တို့က သခင်နှင့် တစ်သားတည်းခံ ယူလျက် ကိုယ်တော်မြတ်မင်္ဂလာ၌ ပါဝင်ကျင်းပကြသည်။ ခရစ်တော်ယေရှုနှင့် တစ်ပေါင်းတစ်စည်းတည်း ခမည်းတော် ဘုရားထံ ပူဇော်ကြသည်။ မစ္စားတရားသည် ကာလ်ဝါရီပူဇော်မှုနှင့်တစ်ပေါင်းတစ်စည်းတည်းဖြစ်ပြီး ဝမ်းနည်းကြေကွဲမှုနောင်တယူမှု၊ချစ်မေတ္တာ၊သဒ္ဓါကြည်ညိုမှု၊ရဲစွမ်းသတ္တိ၊ပူဇော်မှုစိတ်ဓါတ် စသော စွမ်းအားတို့သည် ပလ္လင်တော်ထက်မှ ဆုတောင်းနေသော ပရိသတ်အလယ်သို့ စီးဆင်းပါသည်။ ( ျမေ ဗိတ ႔န ၊ စငမအေ သ် ဃအေွစေ်ဟ)

## ၂။ နတ်ကပါတ်တော် ဝတ်ပြုမှု

ကျွန်ုပ်တို့သည် မစ္စားယုံကြည်ကိုးကွယ်မှုကို ကျင်းပပါသည်။ ယုံကြည်မှုသည် နတ်ကပါတ်တော်တရားမှမွေးဖွားပြီး သမ္မာတရားကို ကြားနာဝတ်ပြုခြင်းဖြင့် ခွန်အားဖြည့်တင်းပါသည်။မစ္စားကျမ်း၌ ဖော်ပြပါရှိသော ညွှန်ကြားချက်ကို ကောက်နုတ်ဖော်ပြလိုပါသည်။

ဘုရားကျောင်း၌ သမ္မာကျမ်းကို ဖတ်ကြားသောအခါ အဖထာဝရဘုရားကမိမိ၏လူမျိုးတော်ကိုဆိုဆုံးမတော်၏။ ထာဝရဘုရား၏ နတ်ကပါတ်တော်တည်းဟူသော ခရစ်တော်ယေရှုက ဧဝံဂေထလိကျမ်းပိုဒ်၌ ကျွန်ုပ်တို့အားတရားပြတော်မူ၏။ထို့ကြောင့် ဘုရား၏ နတ်ကပါတ်တော်ကို ဖတ်ရှုကြားနာခြင်းသည် ဝတ်ပြု ကိုးကွယ်ခြင်း၏ အရေးပါသော အပိုင်းကဏ္ဍ ဖြစ်သည်။ တရားနာပရိသတ်အားလုံးတို့က ရိုသေလေးမြတ်စွာ ကြားနာသင့်သည်။

သမ္မာကျမ်းပိုဒ်များကို ဖတ်ကြားပြီးနောက် ဘုန်းတော်ကြီးက ဩဝါဒ မိန့်ကြားသည်တရားနာပရိသတ်၏ ယုံကြည်မှုကို ရင့်ကျက်စေရန် သမ္မာကျမ်းပိုဒ်တို့ကို ရှင်းလင်းပို့ချသည် တည်ဆောက်မှုဖြစ်သောကြောင့် ဩဝါဒ အရေးပါလှသည်။ သမ္မာကျမ်း ဝတ်ပြုမှု၌ မာရီယားကို ကျွန်ုပ်တို့ စံထားသင့်သည်။ ကညာတော် မာရီယားသည် ထာဝရဘုရား၏ နတ်ကပါတ်တော်ကို ကျိုးနွံ နာခံခဲ့သည်။ ကျိုးနွံနာခံခဲ့သည်။ ဤသို့နာခံသောကြောင့် ဘုရား၏ မယ်တော်အဖြစ် ခံယူသောအခါ ယုံကြည်မှုလမ်းတော်ကို အတိမ်းအစောင်း မရှိဘဲ ဖြောင့်တန်စွာ နင်းလျှောက်နိုင်ခဲ့သည်။ ( ဃြကူ ၁၇ )

## ၃။ <u>မာရီယားနှင့် တစ်သားတည်းခံယူပြီး ကိုယ်တော်မြတ်ဝတ်ပြုပွဲ၌ ပါဝင်ကျင်းပခြင်း</u>

အရှင်ဘုရားသည် ကယ်တင်ခြင်းအမှုတော်ကို စတင်ဆောင်ရွက်ရာတွင် မယ်တော်၏ သဘောတူခွင့်ပြုမှုကို ဦးစွာပထမ တောင်းခံရယူသည်။ ကာလ်ဝါရီတောင်ပေါ် စတေးခံ ပူဇော်စဉ်က အနီးအပါး၌ မာရီယားကို နေစေပြီး၊ ပူဇော်ခွင့်ပြုရန် တောင်းခံစောင့်စားခဲ့သည်။ ခရစ်တော်ယေရှုနှင့် မယ်တော်မာရီယား၏ သဘောတူ ကြည်ဖြူမှုကြောင့် နစ်နာဆုံးရှုံးသော ကမ္ဘာကို ဆန်းသစ်ပြုပြင်နိုင်ခဲ့သည်။ ခရစ်တော်ယေရှု၏ အသက်သွေးချွေးတို့ဖြင့် ရင်းနှီးသောကြောင့် မာရီယားသည် ယေရှုအောင်နိုင် ရရှိထားသော ဆုကျေးဇူးတော်တို့ကို ကျွန်ုပ်တို့အား မျှဝေပေးဆောင်ခြင်း ဖြစ်သည်။ ( AD 9 )

မာရီယားသည် လူသားအားလုံးကို ကိုယ်စားပြုလျက် ကာလ်ဝါရီတောင်ပေါ် တံကျင်တော်ခြေရင်း၌ရပ်ခဲ့သည်။ ကျွန်ုပ်တို့ မစ္ဆားနာသောအခါတိုင်း မာရီယားက တံကျင်တော်ခြေရင်းက နည်းတူဆက်လက်၍ အကျိုးဆောင်လျက်ရှိသည်။ တံကျင်တော်ခြေရင်းမှာကဲ့သို့ ဘုရားပလ္လင်တော်အပါး၌လည်း မာရီယား ကျွန်ုပ်တို့ကို အကျိုးဆောင်နေပါသည်။ မာရီယားသည် ယေဇူးနှင့် တစ်သားတည်း ခံယူလျက် မကောင်းဆိုးဝါး နဂါး၏ ဦးခေါင်းကို နင်းချေနေပါသည်။ သို့ဖြစ်၍ မစ္ဆား၌ ပါဝင်ပူဇော်သောအခါ ကျွန်ုပ်တို့သည် မာရီယားကို အာရုံပြုသည် ပါဝင်ဝတ်ပြု ကိုးကွယ်သင့်သည်။

မာရီယားနှင့်အတူ ကာလ်ဝါရီတောင်ပေါ်မှာ ရောမလေဂျင်တပ်ဖွဲ့ရှိခဲ့သည်။ ရောမ တပ်ဖွဲ့ဝင်တို့က အမှုကိုနားလည်သဘောပေါက်ခြင်းမရှိဘဲ ခရစ်တော်ယေဇူးအား တံကျင်တင် စတေးခဲ့သည်။ သို့ပြုရာတွင် ဘုန်းဂုဏ်တော်ရှင်ကို လုပ်ကြံသတ်ဖြတ်နေကြောင်း မသိမမြင်ခဲ့ပါ။ ( ၁–ကော ၂း၈ ) အံ့ဩဖွယ်ကောင်းသည်က ရောမတပ်မှူးနှင့်တပ်သားတို့သည် လုပ်ငန်းဆောင်ရွက်ပြီးနောက် ယုံကြည်ခြင်း ဆုတော်ကို ရရှိလေသည်။

ရှင်ဘားနဒ် ရှင်းလင်းပြောကြားခဲ့သည်။ ယုံကြည်မှု မျက်ဝန်းက အစွမ်းထက်လှသည်။ ကာလ်ဝါရီတောင်ပေါ်၌ ရောမလူတစ်ရာ တပ်မှူးက အသက်စွန့်တော်မူသော အရှင်၏ အဖြစ်သရုပ်မှန်ကို ရှုမြင်လျက် ရပ်ပျက်ဆင်းပျက်ကွယ်လွန်သူအား ထာဝရဘုရား၏ သားတော်အဖြစ် သိမှတ်ကြွေးကြော်ခဲ့သည်။ ( မဿဲ ၂၇း၇၄ )

ဤမျှ ကြမ်းကြုတ်ခတ်ထန်သော ယုံကြည်သူတို့သည် မာရီယား၏ သားဦးများ ဖြစ်ကြပါသည်။ ကရူစူးခြေရင်း၌ မာရီယားက မေတ္တာပို့ ဆုတောင်းခဲ့သောကြောင့် ယုံကြည်ခြင်း အရာ သားဦးများအဖြစ် ခံယူရရှိခြင်း မဟုတ်ပါလား။ သူတို့ကို အကြောင်းပြုပြီး ကျွန်ုပ်တို့ အသင်း၏ ရှေ့ပြေးများက ရောမလေဂျင်ဟူသော အမည်ကို မယ်တော်မာရီယားက စတင်ယဉ်ပါးခဲ့ပါသည်။ ယနေ့ မာရီယား တမန်တော်အသင်းဝင်များက လေဂျင်အမည်ခံယူလျက် မစ္ဆားနာကြလျှင် မာရီယားက နေ့စဉ်မပြတ် သူတို့ကို ငဲ့လင့် ကြို့ဆိုမည် မဟုတ်ပါလား။ သူတို့အား ယုံကြည်မှုအလင်းဖြင့် စောင်မမည် မဟုတ်ပါလား။ မိမိ၏ စိတ်အားထက်သန်မှုစိတ်ထားဖြင့် တရားနာကြရန် အလွန်မြင့်မြတ်သော ကာလ်ဝါရီ ပူဇော်မှု၌ ထိုက်တန်စွာနှင့် အကျိုးရှိစွာ ပါဝင် ပူဇော်ရန် မစတော်မူမည်မဟုတ်ပါလား။

သားတော်ဘုရားအား မြှောက်ပင့်သောအခါ ယုံကြည်ကိုးကွယ်သူတို့က မိမိတို့ကိုယ်ကို စတေးခံပူဇော်သူနှင့် တစ်စိတ်တစ်ဝမ်းတည်း ထားကာ ပူဇော်မှု၌ အပြည့်အဝ ပါဝင်ပူဇော်ကြသည်။ ပူဇော်မှု အောင်မြင် ပြည့်စုံစေရန် ပူဇော်မှု၌ ပါဝင်သူတို့က ယေဇူး၏ မြတ်သော ကိုယ်တော်မြတ်မင်္ဂလာကို ပင့်ယူ သုံးဆောင်ကြပါသည်။ မြတ်သော ကာလ်ဝါရီ ပူဇော်ခြင်းသည်လည်း ထပ်၍ တဖန် အောင်မြင်ပြည့်စုံရပါသည်။

အသင်းဝင်တို့သည် ကိုယ်တော်မြတ်မင်္ဂလာ အံ့ဖွယ်ရာ၌ ပါဝင်ပူဇော်ခြင်းဖြင့် မာရီယား၏ မွန်မြတ်သော အခန်းကဏ္ဍကို နားလည်သဘောပေါက်ကြပါလိမ့်မည်။ ယေဇူးက တံကျင်ထက်မှာ စတေးခံ ပူဇော်ရန် မာရီယားက တံကျင်တော်ခြေရင်း၌ အဆုံးတိုင် ရပ်လျက် ဆုတောင်း ပတ္တနာ ပြုခဲ့သည်။ သို့အားဖြင့် လူသားတို့အား ကယ်တင်ချွတ်လွတ်သော အမှု၌ ပြည့်စုံစွာ ပါဝင်ပူဇော်ခဲ့သည်။ ( ပုပ်မီ၌ ၁၁ ) ကိုယ်တော်မြတ်မင်္ဂလာ အခမ်းအနားမှ ပြန်လည်ထွက်ခွာသော အခါ မာရီယားက ကျွန်ုပ်တို့နှင့်အတူ လိုက်ပါလျက် ကယ်တင်ခြင်းကျေဇူးတော်အဖြာဖြာတို့ကို မျှဝေဖြန့်ချိရာတွင် ကျွန်ုပ်တို့အတွက် ထိုက်သင့်သော် ကျေးဇူးတော်တို့ကို စွန့်ကြဲ ပေးသနားပါမည်။

မယ်တော်မာရီယား၏ ထူးခြားပြောင်မြောက်သည့် အကျိုးဆောင်မှုကို ခရစ်ယာန်များက အထူးသဖြင့် သိမှတ်ကြည်ညိုကြပါသည်။ မာရီယား၌ သန္ဓေတည်ပြီး ရရှိသော လူ့ဇာတိသဘာဝဖြင့် ခရစ်တော်ယေဇူးက ကာလ်ဝါရီစတေးခံမှုကို အောင်မြင်စွာ ပြုတော်မူ၏။ ထိုခန္ဓာတော်ကိုပင် အခြေခံလျက် မစ္ဆားတရား၌ လူသားများကိုယ်စား ခမည်းတော်ဘုရား အောင်မြင်ပြည့်စုံသော ပူဇော်မှုအဖြစ် အသစ်တဖန် ပူဇော်တော်မူ၏။(True body born of the Virgin Mary)

ခရစ်ယာန်ဝတ်ပြု ကိုးကွယ်မှု၌ ယေဇူး၏ ပူဇော်မှုနှင့် မာရီယား၏ ပါဝင်သက်ဆိုင်မှုတို့ကို အနောက်တိုင်း (ကက်သလစ်) ခရစ်ယာန်များနှင့် အရှေ့တိုင်း ( ဩသဒေါက် ) ခရစ်ယာန်ဘာသာဝင်တို့က တစ်ခဲနက် ခံယူယုံကြည်ကြပါသည်။တရားအားထုတ်မှုဂိုဏ်းများနှင့် ခေတ်ဟောင်း ခေတ်သစ် ဝိညာဉ်ရေးဆိုင်ရာ လှုပ်ရှားမှုအားလုံးတို့ကလည်း ခံယူကျင့်သုံးကြပါသည်။ ကမ္ဘာ့နိုင်ငံအသီးသီး၌လည်း လူသိထင်ရှား ကျင့်သုံးနေပါသည်။
==မာရီယားက လူသားများအား ကိုယ်တော်မြတ် မင်္ဂလာသို့ အစဉ်ပို့ဆောင်နေပါသည်။++ ( R Mat 44 )

## ၄။ ကိုယ်တော်မြတ်မင်္ဂလာ ကျွန်ုပ်တို့၏ မြတ်သောရတနာ

ကျေးဇူးတော်လမ်း၌ ကိုယ်တော်မြတ်မင်္ဂလာသည် ဗဟိုစမ်းတော်နှင့် ပင်မလမ်းတော်ဖြစ်သည်။ သို့ဖြစ်၍ကိုယ်တော်မြတ်မင်္ဂလာသည် မာရီယားတမန်တော်လုပ်ငန်း၏ အဓိကသော့ချက် ဖြစ်သင့်သည်။ လှုပ်ရှားမှုတစ်ရပ်ကိုမည်မျှပင် စိတ်အားထက်သန်စွာ ဆောင်ရွက်သော်လည်း ကိုယ်တော်မြတ်မင်္ဂလာကို ဗဟိုမပြုလျှင်မအောင်နိုင်ပါ။ မာရီယားတမန်တော်လုပ်ငန်း၌ လူ့လောကမှာ ကိုယ်တော်မြတ်မင်္ဂလာ စိုးမိုးရေးကို အဓိကထား ဆောင်ရွက်နေပါသည်။

ခရစ်တော်ယေရှုး လူ့လောကသို့ ကြွလာခြင်း၏ ရည်ရွယ်ချက်မှာ လူပုဂ္ဂိုလ်အားလုံးတို့ကို မိမိကိုယ်တော်ရှင်နှင့် တစ်သွေးတစ်သားတည်း ဖြစ်မြောက်ရေးပင်တည်း။ ယင်းအမှုကို ယေရှုးက ကိုယ်တော်မြတ် မင်္ဂလာအားဖြင့် စီမံဆောင်ရွက်တော်မူ၏။ “ ငါသည် ကောင်းကင်မှ လူ့လောကသို့ ကြွလာသော မုန့်ဖြစ်၏။ ဤမုန့်ကို မှီဝဲ သုံးဆောင်သူသည် ထာဝရအသက်ရှင်လိမ့်မည်။ ဤလူ့ကမ္ဘာ အသက်ရှင်နိုင်ရေးအတွက် ငါပေးသောမုန့်ဟူမူ ငါ၏ကိုယ်ဖြစ်လေ၏။” ( ယောဟန် ၆း၅၁–၅၂ )

ကိုယ်တော်မြတ်မင်္ဂလာသည် အနန္တကောင်းမြတ်ခြင်းဖြစ်၏။ နာဇရက်မှာလည်းကောင်း ဂျေရုဆလင်အထက်ခန်း၌လည်းကောင်း ရှင်သန်လှုပ်ရှားခဲ့သော ခရစ်တော်ယေရှုးသည် ကိုယ်တော်မြတ်မင်္ဂလာ၌ ကျွန်ုပ်တို့ အချိန်အခါအတွက် အမှန်တကယ်တည်ရှိတော်မူ၏။ ကိုယ်တော်မြတ်မင်္ဂလာ၌ ခရစ်တော်ယေရှုးက အမှတ်တံဆိပ်အဖြစ်သာ တည်ရှိခြင်းမဟုတ်ပါ။ ဘုရားဇာတိနှင့် လူ့ဇာတိ သဘာဝတို့ဖြင့် ယေရှုးကိုယ်တော်တိုင် တည်ရှိပါသည်။ ယေရှုးကို သန္ဓေယူဖွားမြင်သော မာရီယားသည် ကိုယ်တော်မြတ်မင်္ဂလာ၌ တည်သော အရှင်အား ဝမ်းမြောက်ရွှင်လန်းစွာ ပြန်လည် ဖူးတွေ့ သိမှတ်ပါသည်။ ရှေးအခါက ဗက်သလေဟင် နှင့် နာဇရက်မြို့တို့တွင် အကျိုးဆောင်ပြုစုသောသခင်ကို ပြန်လည်သိမှတ် ဝတ်ပြုပါသည်။ ( St. Peter Julian Eymard )

ယေရှုးအား သာမန်လူပုဂ္ဂိုလ်တစ်ဦးထက် သာလွန်မြင့်မြတ်သည်ဟု ခံယူယုံကြည်သူအားလုံးတို့က ယေရှုးအား သိမှတ်ဝတ်ပြုကြသည်။ ဘုရားအဖြစ် သိမှတ်သူတို့က ယုံကြည်ကိုးကွယ်ကြသည်။ ကက်သလစ်ဘာသာဝင်ယေရှုး၏ ခန္ဓာတော်နှင့် မိသားစုဝင်တို့က မည်သို့ တုန့်ပြန်သင့်ပါသလဲ။ ကက်သလစ်ဘာသာဝင် အမည်ခံပြီး ခရစ်တော် ယေရှုးကို ထိုက်တန်စွာ ဝတ်ပြုခြင်း မရှိလျှင် သင့်မြတ်ပါသလား။

လူပုဂ္ဂိုလ် ယောကျ်ား၊မိန်းမအများတို့က ယေရှုးအား မြတ်နိုးလေးစားကြ၏။ ကိုယ်တော်မြတ်ကျောင်းဆောင်၌ ခရစ်တော်ယေရှုးက ကျွန်ုပ်တို့အလယ်မှာ အစဉ်မပြတ် တည်တော်မူ၏။ ကျွန်ုပ်တို့က အချိန်မရွေးချဉ်းကပ်ကိုးကွယ်နိုင်သည်။ ပင့်ယူမှီဝဲနိုင်ပါသည်။ ကျွန်ုပ်တို့ နာမ်ဝိညာဉ်အတွက် အစဉ်အမြဲ ရိက္ခာတော်ဖြစ်ကြောင်း သိမြင်သောလည်း မှီဝဲရန် ကြိုးစားပါသလား။

ကျွန်ုပ်တို့အတွက် ခရစ်တော်ယေရှုး ရက်ရောစွာ ပေးဆောင်ခဲ့သော အမွေရတနာကို ကျွန်ုပ်တို့ မည်သို့ တုန့်ပြန်ကြပါသလဲ။ လူဇာတိသဘာဝကို စတင်ယူဆောင်ချိန်မှစ၍ ကျွန်ုပ်တို့၏ အခြေခံလိုအပ်ချက်ကို ယေရှုးသိမြင်ခဲ့ပါသည်။ လူ့သဘာဝဖြင့် ဖွားမြင်သောအခါ ဂျုံ–စပါး ဖြစ်ထွန်းသော ကောက်ရိုး၌ သိပ်ထားခြင်းကိုခံခဲ့သည်။ ( ဗြဲအူနှာ ၏ အနက်အဓိပ္ပါယ်မှာ ပေါင်မုန့်အိမ် ဟူ၍ ဖြစ်သည်။) ခရစ်တော်ယေရှုးက မြတ်သော ခန္ဓာတော်အတွက် ရိက္ခာမွန်အဖြစ် ကိုယ်တော်မြတ်မင်္ဂလာကို ဖန်ဆင်းတည်ဆောက်တော်ကမူပြန်၏။

တစ်ချိန်က ယေရှုး၏ ရုပခန္ဓကို ပြုစုစောင့်ရှောက်ခဲ့သေ မယ်တော်မာရီယားက ယခု ခရစ်တော်ယေရှုး၏ မြတ်သော ခန္ဓာကို ပြုစုစောင့်ရှောက်ရန် အလိုတော်ရှိသည်။ ကက်သလစ် ဘာသာဝင်များက ပေါ့ဆသောကြောင့် အများတို့က ကိုယ်တော်မြတ်မင်္ဂလာကို ထိုက်သင့်သလောက် မပင့်မယူကြပါ။ အချို့ကလုံးဝပင့်ယူခြင်းမရှိပါ။ ယေရှုး၏ မြတ်သော ခန္ဓတော် ဆာလောင်မွတ်သိပ်သည်ကို မာရီယား မရှုရက်ပါ။ မိခင်အသိစိတ်ဓာတ်၊မိခင်၏ စိုးရိမ်ကြောင့်ကြမှု၊ မိခင်၏ မဟာကရုဏာတော်ဖြင့် ယေရှုး၏ မြတ်သော ခန္ဓာတော် ဆာလောင်မွတ်သိပ်ခြင်း ဆင်းရဲဒုက္ခမှ လွတ်ငြိမ်းရန် မယ်တော်မာရီယားက နိုးကြားတက်ကြွစွာဖြင့်အကျိုးဆောင်နေပါသည်။

အပြစ်ဒုစရိုက်ကြောင့်လည်းကောင်း၊ ခံယူချက်ပျော့ညံ့ခြင်းကြောင့်လည်းကောင်း၊ ယောကျ်ား မိန်းမအများတို့က ကိုယ်တော်မြတ်မင်္ဂလာမှ ကင်းဝေးနေကြသည်။ ဤအခြေအနေမျိုး၌ လူပုဂ္ဂိုလ်တို့ကို ကိုယ်တော်မြတ် မင်္ဂလာသို့ ပြန်လည်ပို့ဆောင်ရန် မာရီယားတမန်တော်အသင်းဝင်များက ကြိုးစားစွမ်းဆောင်သင့်သည်။ လူပုဂ္ဂိုလ် တစ်ဦးတစ်လေကို ကယ်ချွတ်နိုင်လျှင်ပင် အကျိုးများစွာ ရှိသည်။ ကိုယ်တော်မြတ်မင်္ဂလာကို ကျွန်ုပ်တို့ ပင့်ယူမှီဝဲသော အခါ ယေရှု၏ မြတ်သော ခန္ဓာတော်တစ်ခုလုံးအတွက် အကျိုးရှိပါသည်။ ခရစ်တော်ယေရှု၏ ခန္ဓာတော်၌ ပုဂ္ဂိုလ် တစ်ဦးက ဘုရားရှေ့ လူတို့ရှေ့ ဉာဏ်ပညာမှာလည်းကောင်း၊ ကျေးဇူးတော်မှာလည်းကောင်း ရင့်သန်ကြီးထွားခြင်းသည် ခရစ်တော်ယေရှု၏ ခန္ဓာတော်တစ်ရပ်လုံးအတွက် လွန်စွာအကျိုးရှိပါသည်။ ( လုကား ၂း၅၂ )

ဘုရား၏ သားတော် ကယ်တင်ရှင် ခရစ်တော် ယေရှုနှင့် ဘုရား၏ မယ်တော် မာရီယားတို့၏ စိတ်တူ သဘောတူ ဆောင်ရွက်မှုကြောင့် ကာလ်ဝါရီတောင်ပေါ် ခရစ်တော် ယေရှု၏ စတေးခံပူဇော်မှုပေါက်မြောက်အောင်မြင် ခဲ့သည်။ ခရစ်တော်ယေရှုက မိမိကိုယ်ကို ခမည်းတော်ဘုရားအား ရည်စူးပြီး စတေးခံ ပူဇော်သည်။ ( HG 9:14)

ထိုစဉ် မာရီယားက အလွန်ဝမ်းနည်းကြေကွဲစွာဖြင့် မိမိ၏ တစ်ပါးတည်းသော သားတော်နှင့် တစိတ်တစ်ဝမ်း တည်းထားပြီး သဘောတူ ကြည်ဖြူခဲ့သည်။ သက္ကရာဇ်ရာစုပေါင်းများစွာကို ရည်စူးလျက် ခရစ်တော်ယေရှုက ကိုယ်တော်မြတ်မင်္ဂလာကို တည်ထောင်တော်မူ၏။ မိမိကိုယ်တော်ရှင်၏ ပါစကားနက်နဲရာအဖြစ် ဆက်လက်ကျင်းပရန် အမိသာသနာတော်ကို တပည့်တော်ကြီးများမှတဆင့် မှာကြားခဲ့သည်။ ယုံကြည်သူ ကက်သလစ် ဘာသာဝင်များက နေ့စဉ်သောဖြစ်စေ၊ အပတ်စဉ် တနင်္ဂနွေနေ့ဖြစ်စေ၊ တစ်ခဲနက်စုဝေးလျက် ကိုယ်တော်မြတ် မင်္ဂလာ အခမ်းအနား တည်းဟူသော မစ္ဆားတရားတော်ကို လေးအမြတ် ကျင်းပကြသည်။

ကက်သလစ်သာသနာက ကပ်ကမ္ဘာ အဆုံး၌ ကြွလာမည်ဖြစ်သော ခရစ်တော်ယေရှုအား သတိ ဝီရိယဖြင့် ငံ့လင့်စဉ် ကိုယ်တော်မြတ်မင်္ဂလာ အခမ်းအနားကို ဆက်လက်ကျင်းပမည် ဖြစ်သည်။ အမိသာသနာက မယ်တော်မာရီယားနှင့် ရဟန္တာဖြစ်သူများနှင့်အတူ ကမ္ဘာအဆုံးတိုင် မစ္ဆားတရား ဟူသော ကိုယ်တော်မြတ်မင်္ဂလာကို ဆက်လက်ကျင်းပပါလိမ့်မည်။ ( ဃြ.၂ -၂၀ )

## အခန်းကြီး ( ၉ )

## *ယေရှု၏ မြတ်သော ခန္ဓာတော်နှင့် မာရီယား တမန်တော်အသင်းဝင်*

### *<u>၁။ ယေရှု၏ မြတ်သော ခန္ဓာတော် ဟူသော ယုံကြည်ချက်ကို အခြေခံပြီး လက်တွေ့အကျိုးဆောင်ပါသည်။</u>*

မာရီယားတမန်တော် တည်ထော်စ ပထမဆုံး စည်းဝေးပွဲမှာပင် အသင်းသားတို့က မိမိတို့၏ လုပ်ငန်း တာဝန်ကို လောကုတ္တရာအဖြစ် သဘောထား ဆောင်ရွက်ရမည်ဖြစ်ကြောင်း ပေါ်လွင်ထင်ရှားခဲ့သည်။ ဧဝံဂေလိကျမ်း ၌ = **ငါ့အားပြုသည်မှတ်** ++ ဟူသော ကျင့်စင်ကို နှလုံးပိုက် ကျင့်သုံးရမည်ဟု ခိုင်မြဲစွာ ယုံကြည်ခဲ့သည်။ ထိုကြောင့် မာရီယားတမန်တော်အသင်းသားတို့၏ ဆက်ဆံမှု ပုံစံမှာ စစ်မှန်သော မေတ္တာကရုဏာကို အခြေခံပါသည်။

အနိမ့်ဆုံး လူပုဂ္ဂိုလ်တိုင်အောင် ကျွန်ုပ်တို့ ပြုမူဆက်ဆံသမျှကို ဘုရားသခင်က မိမိကိုယ်တော်ရှင်ကို ပြုမူသည်ဟု သဘောထားပါသည်။ ဆေးကြောခြင်းမင်္ဂလာ ခံယူသူအားလုံး ဝိညာဉ်တော်မြတ်ဘုရား၏ ဘိသိတ်ကို ခံယူသောကြောင့် ယေရှု၏ မြတ်သော ခန္ဓာတော်တွင် အင်္ဂါအစိတ်အပိုင်းများအဖြစ် ပါဝင်သည်။ ခရစ်တော် ယေရှုက ချဲ့ထွင်ပြီး လူသားအားလုံးတို့ကို ရည်ညွှန်းစာရင်းသွင်းတော်မူလေ၏။ ငါ၏အမှန်ဆိုသည်ကား အငယ်ဆုံး နှင့် အသိမ်ဖျင်းဆုံး ဤသူတစ်ဦးတစ်ယောက်ကို သင်ပြုသမျှ ငါ့အား ပြုသည်မှတ်။ ( မဿဲ ၂၅း၄၀ )

အသင်းတည်ထောင်စ ပထမဦးဆုံး အစည်းဝေးဆုံးဖြတ်ချက်ကို မာရီယားတမန်တော်အသင်းက ယနေ့တိုင် ကျင့်သုံးနေပါသည်။ ယင်းအခြေခံကျင့်ဝတ်များကို အသင်း၏ အစည်းဝေးပွဲများ၌ အစဉ်မပြတ် သတိပေး နိုးဆော်လျက် ရှိပါသည်။အသင်းဝင်များက အမှုဆောင်အကြီးအကဲများကိုလည်းကောင်း၊ မိမိတို့အချင်းချင်းကိုလည်းကောင်း၊ နီးနှောဆက်ဆံရာတွင် ခရစ်တော်ယေရှုနှင့် တစ်သားတည်း ဖြစ်သောကြောင့် ရိုသေလေးမြတ်စွာ ပြန်လှန် ဆက်ဆံ ကြပါသည်။

ဤအချက်ကို အစဥ်မပြတ် သတိပေးနိုးဆော်သောအားဖြင့် အသင်းဝင်များက လစဥ် ကြားနာမှတ်သား သော တည်မြဲမှာကြားချက်၌ ထည့်သွင်းဖော်ပြထားပါသည်။ အခြားနိယာမတစ်ချက်မှာ မာရီယားတမန်တော်အသင်း ဝင်များက မယ်တော်မာရီယားနှင့် တစ်သားတည်း ခံယူလုပ်ရှားကြပါသည်။ သူတို့ လုပ်ဆောင် သမျှကို မာရီယား လုပ်ဆောင်တော်မူ၏။

မာရီယားတမန်တော်အသင်းကို ယေရှု၏ မြတ်သော ခန္ဓာတော် ဟူသော အခြေခံယုံကြည်ချက်ပေးအခြေခံ တည်ဆောက်ထားပါသည်။ ယေရှု၏ မြတ်သောခန္ဓာတော် သွန်သင်ချက်ကို ယေရှု၏ တပည့် ဦးရှင်ပေါလုက ခံစားချက်အပြည့်ဖြင့် ရှင်းလင်းဖော်ပြခဲ့သည်။ ယေရှု က ရှင်ပေါလု အား ရွေးကောက်ခေါ်တော်မူသော အခါ **" ငါ့ကို ဘာကြောင့် နှိပ်စက်ပါသလဲ။ "** အရှင်ဘယ်သူလဲ။ ကျွန်ုပ်မသိပါ။ သင်လိုက်လံနှိပ်စက် နေသော သာသနာအုပ်စုသည် ငါပင်ဖြစ်၏။ နဖူးထိ၊ ဒူးထိ တွေ့ကြုံရသူ ရှင်ပေါလု ၏ဘဝ လုံးဝပြောင်းလဲ ခဲ့ပါသည်။ ( တမန်တော် ၉း၁-၅ ) ရှင်ပေါလု ၏နှလုံးသား၌ တံဆိပ်ခပ်ထင်ကျန်ခဲ့သော ယေရှု၏ အမိန့်စကား ဖြစ်သည်။ ရှင်ပေါလု ဟောပြောရေးသားသမျှတို့က ဖော်ပြပါ ယုံကြည်ချက်ကို အခြေခံခဲ့သည်။

အမိသာသနာသည် ခရစ်တော် ယေရှု၏ ပြီးပြည့်စုံသော ခန္ဓာတော်ဖြစ်သည်။ ဆေးကြောခြင်းမင်္ဂလာခံယူသူ အားလုံး ယေရှု၏ ခန္ဓာတော်အစိတ်အပိုင်းများဖြစ်သည်။ လူသားတို့၏ ကယ်တင်ရှင် ခရစ်တော်ယေရှုသည် မြတ်သောခန္ဓာ၏ ဦးခေါင်း ဖြစ်တော်မူ၏။ မြတ်သောခန္ဓာ၊အဲ့ဖွယ်သောခန္ဓာ ဆိုသည်မှာ ထင်မြင်ယူဆချက် မဟုတ်ပါ။ ဧကန်စစ်မှန်သော သမ္မာတရား ဖြစ်ပါသည်။ ခန္ဓာအစိတ်အပိုင်းများမှာ တပေါင်းတစ်စည်းတည်းဖြစ်သည်။အချို့အင်္ဂါ တို့က မြတ်ပြီး၊ တစ်ခုတည်းသောအသက်ဖြင့် ရှင်သန်ကြပါသည်။ အင်္ဂါတစ်ခုက နာဆာလျှင် ခန္ဓာတော်တစ်ရပ်လုံး ခံစားသည်။ အင်္ဂါတစ်ခု အောင်နိုင်သောအခါ ခန္ဓာတော်တစ်ရပ်လုံး လန်းဆန်းရွှင်မြူးသည်။

ခန္ဓာတော် တစ်ခုတည်း၏ အင်္ဂါအစိတ်အပိုင်းအားလုံးတို့သည် မေတ္တာနှင့် အကျိုးဆောင်မှုတို့ကို အခြေခံလျက် အချင်းချင်း မှီတင်း ရှင်သန်ကြပါသည်။ ( Eph 5:30 ပ-ယောဟန် ၄း၁၅-၂၁)သဘာဝခန္ဓာကိုယ်နှင့် ခိုင်းနှိုင်းဖော်ပြသောကြောင့် ကျွန်ုပ်တို့၏တာဝန်နှင့် လုပ်ပိုင်ခွင့်တို့ကို ကျွန်ုပ်တို့ ရှင်းလင်းပြတ်သားစွာ ခွဲခြားသိရပါသည်။တာဝန်နှင့် လုပ်ပိုင်ခွင့်ကို သိလျှင် ကျွန်ုပ်တို့ ရဲတင်းစွာနှင့် ပီပြင်စွာ လုပ်ဆောင်နိုင်ပါသည်။

ဤအကြောင်းအချက်ကို ခရစ်ယာန်များက အခြေခံယုံကြည်ချက် ပုဒ်မအဖြစ် ခံယူကျင့်သုံးကြပါသည်။ ထာဝရ အသက်သုခနှင့် ဆုကျေးဇူးကောင်းကြီးအားလုံးတို့သည် ကယ်တင်ခြင်းအမှုတော်၏ အသီးအပွင့်များဖြစ်သည်။ ကယ်တင်ခြင်းအမှုတော်ကို ခရစ်တော်ယေရှု က အမိသာသနာနှင့် တစ်သားတည်းခံယူလျက် ဆောင်ကြဉ်းတော်မူ၏။ လူသားတို့နှင့်ဖွဲ့စည်းထားသော ခန္ဓာတော်၌ ဦးခေါင်းအဖြစ် ခံယူသောကြောင့် အပြစ် အနာဆာလုံးဝကင်းစင်သော အရှင်သခင် ကျွန်ုပ်တို့အား ကိုယ်စားပြုပြီး၊ အပြစ်ဒုစရိုက်ကို နှိမ်နင်း အောင်နိုင် တော်မူ၏။ လူသားတို့၏ ကယ်တင်ရှင် ခရစ်တော်ယေရှုသည် အမိသာသနာ၏ ဦးခေါင်းဖြစ်တော်မူ၏။ ( ဧဖက် - ၅း၂၃ )။အမိသာသနာ လုပ်ဆောင်သမျှတို့ကို အမှန်အားဖြင့် ခရစ်တော်ယေရှု က လုပ်ဆောင်တော် မူ၏။ ယေရှု၏ မြတ်သော ခန္ဓာ တော်အစိတ်အပိုင်းများဖြစ်သော ကျွန်ုပ်တို့သည် ခရစ်တော်ယေရှုနှင့် တစ်ကိုယ်တည်း ရှင်သန်လျက် ဆင်းရဲဒုက္ခ အပေါင်းတို့ကို ခံထမ်းကြသည်။ ခရစ်တော်နှင့် တစ်သားတည်း သေဆုံးပြီး အသစ်တစ်ဖန် ရှင်ပြန်ထမြောက်ကြပါသည်။

ဆေးကြောခြင်းမင်္ဂလာ ခံယူခြင်းဖြင့် ကျွန်ုပ်တို့က ယေရှု အရှင်မြတ်နှင့် သားချင်းတော်စပ်ကြသည်။ ဆေးကြောခြင်း မင်္ဂလာကြောင့် ဘုရား၏ အသက်သုခကို ကျွန်ုပ်တို့ ခံယူရရှိသည်။ အခြားသော စက္ကရမင်တူး မင်္ဂလာများနှင့် အထူးသဖြင့် ကိုယ်တော်မြတ် မင်္ဂလာတို့၏ စွမ်းအားကြောင့် ကျွန်ုပ်တို့ ဦးခေါင်းတည်းဟူသော၏ ခရစ်တော်ယေရှုနှင့် တစ်သွေးတစ်သားတည်းဖြစ်ကြ၏။ထို့အပြင် ယုံကြည်မှုနှင့် မေတ္တာ ကရုဏာအားဖြင့်လည်းကောင်းစီမံအုပ်ချုပ်မှုနှင့် လက်တွဲညီညာဆောင်ရွက်မှုဖြင့်လည်းကောင်း၊ ကြိုးစားဆောင်ရွက်မှုနှင့် ဆင်းရဲဒုက္ခကိုကြည်လင်စွာခံထမ်းမှုဖြင့်လည်းကောင်း၊ ခရစ်ယာန်ဘဝနှင့် သက်ဆိုင်သမျှတို့ကို ဖြောင့်မှန်စွာလုပ်ဆောင်ခြင်းဖြင့်လည်း ခရစ်တော်ယေရှု နှင့် ကျွန်ုပ်တို့အကြား စုစည်းပေါင်းဖွဲ့မှု အစဥ်ရှင်သန် ကြီးထွားပါသည်။ ဤအမှုအားလုံးတို့ကို မယ်တော်နှင့်တစ်သားတည်း ခံယူဆောင်ရွက်ရန် လိုအပ်ပါသည်။ ကျွန်ုပ်တို့ လုပ်ဆောင်သမျှမှာ မာရီယား၏ကူညီစောင့်ရှောက်မှုလိုအပ်ပါသည်။

သမ္မာကျမ်း၌ လာသည့်အတိုင်း ကျွန်ုပ်တို့သည် ခရစ်တော်ယေဇူး၏ မြတ်သောခန္ဓာတော်၌ အစိတ်အပိုင်းများအဖြစ် တင့်တယ်စွာ တည်ကြည်၏။ ဦးခေါင်းတော်ယေဇူး၏ မယ်တော်မာရီယားကိုလည်း ကျွန်ုပ်တို့၏ မိခင်အဖြစ် ခံယူကြ၏။ ( ဇဖက် ၅း၃၀ ) မာရီယား၏ တစ်ခုတည်းသော ရည်မှန်းချက်မှာ သားတော်ဘုရားအား လူ့ဇာတိသဘာဝကို ပေးဆောင်ရန်နှင့် ယေဇူး၏ မြတ်သောခန္ဓာတော်ဖြစ် အင်္ဂါအစိတ်ပိုင်းများဖြစ်သော ကျွန်ုပ်တို့ကို ပြုစုစောင့်ရှောက်ရန် ဖြစ်သည်။ ( ကျွန်ုပ်တို့က မာရီယား၏ မှိုင်းမခြင်းဖြင့် အသစ်တဖန် ဖွားမြင်ကြပါသည်။ ) ဤအမှုကို မာရီယားက ခရစ်တော်ယေဇူးအား ဖွားမြင်စဉ်ကနည်းတူ ဝိညာဉ်တော်မြတ်ဘုရား၏ တန်ခိုးစွမ်းအားဖြင့် ကျွန်ုပ်တို့ကိုလည်း ဆက်လက်ပြုစုစောင့်ရှောက်တော်မူ၏။ ယေဇူးနည်းတူ ကျွန်ုပ်တို့ကလည်း အမိမယ်တော်မာရီယား ရင်ခွင်၌ ခိုဝင်လျက် နို့ချိုတိုက်ကျွေးခြင်းနှင့် ဆုံးမပဲ့ပြင်ခြင်းကို ခံယူရပါသည်။ သို့မှသာလျှင် ခရစ်ယာန်ဘဝ၌ ကျွန်ုပ်တို့ ရင့်ကျက်ဖွံ့ဖြိုးပါလိမ့်မည်။ ( ဇဖက် ၄း၁၃-၁၆ )။

ထာဝရဘုရား၏ ကယ်တင်ခြင်း စီမံချက်၌ မာရီယားက လူသားတို့နှင့်မတူ၊ တမူထူးခြားစွာ အသုံးတော်ခံခဲ့သည်။ ယေဇူး၏ မြတ်သော ခန္ဓာတော်၌ ဦးခေါင်းတော် ယေဇူးနောက် မာရီယားက အထွဋ်အမြတ်ဖြစ်၏။ အဘဘုရား၏ စီမံမှုဖြင့် မာရီယားသည် ယေဇူး၏ ခန္ဓာတော်၌ မိခင်ဖြစ်သာမက နှလုံးတော်အဖြစ် ရပ်တည်ရှင်သန်နေ၏။ ရှင်ဘားနပ်က မာရီယားကို လူ့ခန္ဓာကိုယ်၌ လည်ပင်းအဖြစ် ခိုင်းနှိုင်းခေါ်ဝေါ်ခဲ့သည်။ သို့သော် မာရီယား၏ နှလုံးတော်စွမ်းအားက ပိုမိုထပ်မြတ်ပါ၏။ လည်ပင်းဆိုသည်မှာ ခေါင်းညိမ့် ခေါင်းခါအမှုတို့ကိုသာ အဓိကဆောင်ရွက်သည်။ နှလုံးက သွေး၊ လေတို့ကို ထိန်းကျောင်း ပို့ဆောင်သည်။လူ့ဦးနှောက် ပင်လျှင် သွေးလေ မှန်ကန်မှု မရှိလျှင် လူသားအသက် မရှင်နိုင်ပါ။ မာရီယားအား ထာဝရဘုရား ထံတော်မှ အသက်သုခတည်းဟူသော ကျေးဇူးတော်တို့ကို ယေဇူး၏ ခန္ဓာတော် တစ်ပြင်လုံးသို့ မျှဝေစွန့်သနားတော်မူပါ၏။(Maria-Le Corps Mystige du Chirst )

## ၂။ <u>ယေဇူး၏ မြတ်သောခန္ဓာ၌ မာရီယား၏ အခန်းကဏ္ဍ</u>

သားတော်ဘုရားကို လူ့ဇာတိသဘာဝတွင် ဝမ်း၌ ပိုက်ထွေးချိန်မှစ၍ မာရီယားက မိခင်တာဝန်တည်။ဟူသော ပိုက်ထွေးယုယခြင်း၊ ကျွေးမွေးစောင့်ရှောက်ခြင်း စသည့်လုပ်ငန်းများကို မနားမနေ ဆောင်ရွက်ခဲ့သည်။ ယခုလည်း ယေဇူး၏ မြတ်သောခန္ဓာတော် အစိတ်အပိုင်းများဖြစ်သူ ကျွန်ုပ်တို့ကို ဆက်လက်ပြီး အလုပ်အကျွေးပြုနေပါသည်။ အမြတ်ဆုံးမှအစ သိမ်ငယ်ဆုံးပုဂ္ဂိုလ်တို့တိုင် ယေဇူးအသွင်သဏ္ဌာန်နှင့် အနီးစပ်ဆုံးဖြစ်စေရန် မာရီယားက စွမ်းဆောင်နေပါသည်။ ယေဇူး၏ မြတ်သာခန္ဓာ၌ ပါဝင်သူ ပုဂ္ဂိုလ်များက မိမိတို့အချင်းချင်း ထောက်ထားစာနာ ရိုင်းပင်းကြသောအခါ မာရီယားနှင့် ကင်း၍အကျိုးမဆောင်ကြပါ။ အာရုံကင်း၍ဖြစ်စေ၊ မသိနားမလည်သောကြောင့်ဖြစ်စေ၊ သူတို့အလယ်၌ မာရီယားရှိသည်ကို လစ်လျူရှုတတ်ကြသည်။ အမှန်အားဖြင့်မာရီယား၏ လုပ်ငန်း၌ တစ်သားနည်းပါဝင်ကြသည်။ ဤသည်ကား ကောင်းကင်တမန်တော် ဗျာဒိတ်တော်ပြန်ကြားချိန်ကစပြီး မာရီယားမန်တော်အသင်းဝင်များက အခြားသောပုဂ္ဂိုလ်တို့၏ အကျိုးကို သယ်ပိုးဆောင်ရွက်ရာမှာ သူတို့ကမာရီယားအား
ပင့်ဖိတ်ခြင်း မပြုပါ။ မာရီယားက အလျင်ဦးစွာ စတင်လုပ်ဆောင်နေပြီး ဘာသာဝင်အားလုံးတို့ကို မိမိနှင့်အတူ ပါဝင်လုပ်ဆောင်ရန် အမြဲဖိတ်ခေါ်လျက်ရှိသည်။

ဤအမှုသည် မာရီယား၏ သီသန့်အမှုဖြစ်သောကြောင့် မာရီယားခွင့်မပြုဘဲ အခြားဘယ်သူမျှ ပါဝင်နိုင်စွမ်းမရှိပါ။ ယေဇူး၏ မြတ်သောခန္ဓာတွင် ပါဝင်သော ပုဂ္ဂိုလ်တို့၏ အကျိုးကိုဆောင်ရွက်နေသည်ဟု ထင်မှတ်လျက် မာရီယား၏ အခန်းကဏ္ဍကို လစ်လျူရှုသောသူတို့က ယေဇူး၏ မြတ်သောခန္ဓာနှင့် သက်ဆိုင်ရာ သွန်သင်ချက်ကို အလေးအနက် လေ့လာမှတ်သား သင့်ပါသည်။ ထိုနည်းတူစွာ သမ္မာကျမ်းကို ခံယူ ယုံကြည်နေသည်ဆိုပြီးကျိုးနွံနာခံခဲ့ပါသည်။ ( လုကာ ၂း၅၁ ) ယေဇူး၏ ရှေ့ဆောင်လမ်းပြမှုကို မြတ်သောခန္ဓာတော်၌ အင်္ဂါများအဖြစ် တည်ကုန်သော ကျွန်ုပ်တို့က အတုယူကျင့်ဆောင်ရန် တာဝန်ရှိသည်။ **“ သင့်မိခင်ကို ရှိသေလော့ ”** ( ထွက်မြောက် ၂၀း၁၂ ) ထာဝရဘုရား ပညတ်တော် ချမှတ်သည်နှင့် အညီ ကျွန်ုပ်တို့က ပီပြင်စွာ မယ်တော်ကို ချစ်မြတ်နိုးရပါသည်။ မျိုးနွယ်အစဉ်အဆက်တို့က မယ်တော်၏ မြတ်သောမင်္ဂလာကို သိမှတ်ချီကျူး ကြလိမ့်မည်။ ( လုကာ ၁း၄၈ )။

မာရိယားကို ဖော်မပြဘဲ နီးစပ်သောသူကို အကျိုးဆောင်မှု မပြုနိုင်ပါ။ ထို့ကြောင့် သူတစ်ပါးကို အကျိုးဆောင်လိုလျှင် မာရီယား၏ သဘောထားကို ဆောင်ရွက်ရန် လိုအပ်သည်။ မာရီယားနှင့် တစ်သားတည်း ခံယူသည်နှင့်အမျှ ဘုရားကိုလည်းကောင်း၊ နီးစပ်သောသူကိုလည်းကောင်း ပိုမိုပြည့်စုံစွာချစ်မြတ်နိုးလျက် အကျိုးဆောင်နိုင်လိမ့်မည်။( ပ–ယောဟန် ၄း၁၉–၂၁)။

ယေရှု၏ မြတ်သောခန္ဓာတော်၌တည်နေရှင်သန်အပ်သော ကျွန်ုပ်တို့သည် သူတစ်ပါးတို့ကို ရှေ့ဆောင်မှု အားပေးမှု၊ နှစ်သိမ့်မှုနှင့် အလင်းတော်ဆောင်မှု တာဝန်တို့ကို လုပ်ဆောင်ရပါသည်။ အမိသာသနာကို ယေရှု၏ မြတ်သောခန္ဓာတော်အဖြစ် သိမှတ်ခံယူခြင်း မရှိလျှင် ဖော်ပြပါ တာဝန်များကို ထိရောက်စွာ ဆောင်ရွက်နိုင်စွမ်းမရှိပါ။ ခရစ်တော်ယေရှုက အမိသာသနာ၌ တည်နေပြီး ကယ်တင်ခြင်းအမှုတော်ကို လုပ်ဆောင်နေခြင်း၊ အမိသာသနာတွင် မိမိကိုယ်တော်ရှင်၏ လူ့ဘဝအစိတ်အပိုင်းတို့ကို ပြန်လည်ဖော်ဆောင်နေခြင်းတို့ကို မသိနားမလည်လျှင်၊အမိသာသနာ၏နေအထားနှင့် အခွင့်အရေးများကိုလည်းကောင်း၊ တန်ခိုးဩဇာကိုလည်းကောင်း၊ဒုက္ခဝေဒနာခံထမ်းမှု၊အောင်မြင်ကြီးထွားမှု၊ဒုစရိုက်မှ ချွတ်လွတ်လျက် ကျေးဇူးတော်၌ တည်စေမှု စသည်တို့ ကို သိမြင်ခံစားနိုင်မည် မဟုတ်ပါ။

ကိုယ်တော်ရှင်၏ မြတ်သော ခန္ဓာမှာ အင်္ဂါအစိတ်အပိုင်းဖြစ်သော ကျွန်ုပ်တို့ ပုဂ္ဂိုလ်တိုင်းကို ကျရာကဏ္ဍမှ ပါဝင်လုပ်ဆောင်ရန် ခရစ်တော်ယေရှုက အားပေးတိုက်တွန်းနေပါသည်။ ဒုတိယဗာတီကန် အမိန့်ပြန်တမ်း Lumain Gentinm ၌ အောက်ပါအတိုင်း ရှင်းလင်း မှာကြားထားသည်။

" ခရစ်တော်ယေရှုက တိုင်း နိုင်ငံ လူမျိုးပေါင်းစုံတို့မှ လူပုဂ္ဂိုလ်ကြီး ငယ်၊ ယောကျာ်း၊ မိန်းမများကို ရွေးကောက်ခေါ်ပြီး၊ ဝိညာဉ်တော်မြတ်ကို ပေးဆောင်လျက် မိမိကိုယ်တော်ရှင်၏ မြတ်သောခန္ဓာကို ဖွဲ့တည်တော်မူ၏။

ထိုခန္ဓာတော်၌ ယုံကြည်သူတို့ကို စုစည်းကာ အသက်သုခ ဆုတော်ဖြင့် ရှင်စေတော်မူ၏။ သဘာဝလူ့ခန္ဓာ၌ ကိုယ်အင်္ဂါများစွာ ထင်ရှား ရှိသော်လည်း ခန္ဓာကိုယ်တစ်ခုတည်းအဖြစ် တည်နေရှင်သန်ပါသည်။ထိုတည်းတူစွာ ယေရှု၏ မြတ်သော ခန္ဓာ၌လည်း လူပုဂ္ဂိုလ်များစွာတို့က အင်္ဂါအစိတ်အပိုင်းများသဖွယ် ခရစ်တော်ယေရှု၌ တစ်ကိုယ်တစ်သားတည်း ဖြစ်ကြ၏။ ( ပ–ကောရင့် ၁၂း၁၂ ) ခရစ်တော် ယေရှု၏ မြတ်သော ခန္ဓာ၌ ပါဝင်ရှင်သန်သူတို့သည် တစ်ဦးနှင့်တစ်ဦး ခြားနားပြီး လုပ်ငန်းတာဝန်အမျိုးမျိုးတို့ကို ဆောင်ရွက်ကြကုန်၏။ ဝိညာဉ်တော်မြတ်ဘုရားက လူပုဂ္ဂိုလ်အသီးသီးကို ပါရမီဆုတော်ကိုယ်စီဖြင့် မ စတော်မူ၏။ လူအားလုံးတို့ကိုပါရမီစွမ်းအားဖြင့် ရှင်သန်လုပ်ဆောင်စေတော်မူ၏။ ( CL–၂၀ )

ယေရှု၏ မြတ်သောခန္ဓာတွင် မာရီယားတမန်တော်အသင်းဝင်များက မည်သို့ အကျိုးဆောင်ရမည်ကို သိမြင်ရန် မယ်တော်မာရီယားကို စံပြုလေ့လာသင့်သည်။ ယေရှု၏ မြတ်သောခန္ဓာတော်၌ မာရီယားကို နှလုံးသားအဖြစ် ခံယူပါသည်။ လူ့ခန္ဓာကိုယ်၌ နှလုံးသွေးကို တစ်ကိုယ်လုံးနှံ့အောင် ပို့ဆောင်သည်။ ယေရှု၏ မြတ်သော ခန္ဓာတော်၌ မာရီယားနှလုံးအဖြစ်အသုံးတော်ခံပြီး ခရစ်တော်ယေရှု၏ သွေးတော်တို့ကို ခန္ဓာတော်၌ရှိသော သွေးကြောအားလုံးသို့ ဖြန့်ချီပို့ဆောင်ပါသည်။ သို့ဖြင့် မြတ်သော ခန္ဓာတော်၏ ရှင်သန်ကြီးထွားရေး၌ ပါဝင်လုပ်ဆောင်ပါသည်။ နှလုံးဆိုသည်မှာ မေတ္တာ၏ အခြေခံဌာနလည်း ဖြစ်သည်။ ထို့ကြောင့် မာရီယားတမန်တော်အသင်းဝင်တို့သည် မာရီယားနှင့် တစ်သားတည်းခံယူပြီး အလွန်အရေးပါသော နှလုံးသားအဖြစ် ပါဝင်ကာ ယေရှု၏ မြတ်သောခန္ဓာတွင် နိုးကြားတက်ကြွစွာ ရပ်တည်လှုပ်ရှားရပေမည်။

**" မျက်စေ့က လက်ကို မင်းအသုံးမလိုဘူး "**ဟုမဆိုရပါ။ ဦးခေါင်းကလည်း ခြေထောက်ကို မင်းအသုံးမလိုဘူးဟု ဆိုရိုးထုံးစံမရှိပါ။ ( ပကော ၁၂း၂၁ )။ ဤအချက်ကို ထောက်၍ မာရီယားတမန်တော်အသင်းဝင်က ယေရှု၏ ခန္ဓာတော်၏ တမန်တော်လုပ်ငန်း၌ မိမိအရေးပါကြောင်း ယုံကြည်အားထားရမည်။ မိမိကသာ ဦးခေါင်းတည်းဟူသော ခရစ်တော်ယေရှုကို လိုအပ်ခြင်းမဟုတ်။ ခရစ်တော်ယေရှုကလည်း ကိုယ်တော်ရှင်၏ လုပ်ငန်းတွင် ကျွန်ုပ်တို့ ပါဝင်လုပ်ဆောင်သည်ကို အလိုတော်ရှိ၏။ ယေရှုနှင့် တစ်သားတည်းခံယူလျက်ကယ်တင်ခြင်းနှင့် ပြုစုစောင့်ရှောက်ခြင်းလုပ်ငန်းတို့ကို ပါဝင်လုပ်ဆောင်ရပါသည်။ ရှင်ပေါလူးက ဦးခေါင်းတော်ယေရှု၏ မြတ်သောခန္ဓာ၌ လိုအပ်သည်တို့ကို မိမိဖြည့်ဆည်းခံထမ်းကြောင်း ရေးသားဖော်ပြခဲ့သည်။ (ကိုလို ၁း၂၄ )

ဤသို့ သုံးနှုန်းခြင်းမှာ ခရစ်တော်ယေရှု၌ ချို့ယွင်းမှုရှိသည်ဟု သဘောမထားရပါ။ ကျွန်ုပ်တို့ကမြတ်သောခန္ဓာတော်တွင် အရေးပါသော အင်္ဂါအစိတ်အပိုင်းများဖြစ်သည့်အလျောက် လိုအပ်သော အခန်းကဏ္ဍ၌ ပါဝင်ကာ ယေရှု၏ကယ်တင်ခြင်းအမှုတော်ကို ဆောင်ရွက်ကြပါသည်။ ( ဖိလစ် ၂း၁၂ )

မြတ်သောခန္ဓာတော်၏ ရှင်သန်လှုပ်ရှားမှုတွင် ပါဝင်လုပ်ဆောင်ခွင့်က အလွန်မွန်မြတ်ပါသည်။ ပူဆွေးအားငယ်သူတို့ကို အလင်းဆောင်ရန်လည်းကောင်း၊ အပြစ်ဒုစရိုက်၌ နစ်မွန်းနေသူတို့ကို ကူမရန်လည်းကောင်း၊ ယေဇူးက ကျွန်ုပ်တို့အားဖိတ်ခေါ်လျက်ရှိသည်။ ခရစ်တော်ယေဇူးက မယ်တော်ကို လွန်စွာ ချစ်၍၊ မယ်တော်၏ အလိုဆန္ဒတို့ကို ဖြည့်ဆည်းခဲ့သည်ကိုကျွန်ုပ်တို့ အောက်မေ့သတိရသင့်သည်။ မေတ္တာနှင့် နာခံမှုကိုဆောင်လျက် ယေဇူး၏ မြတ်သောခန္ဓာတော်၌ ပါဝင်အကျိုးဆောင်ရပါသည်။

ရှင်ပေါလူး၏ သဘောထားကို ကျွန်ုပ်တို့ကလည်း ခံယူကျင့်သုံးသင့်သည်။ ယေဇူး၏ ဘဝလုပ်ငန်းတို့ကို ဧဝံဂေလိကျမ်းများ၌ လေ့လာမှတ်သားရပါမည်။ ယေဇူး ကမ္ဘာမြေပေါ်ရှိစဉ်က ဆုတောင်းပတ္ထနာပြုခဲ့သည်။ ဆုံးမသွန်သင်ခဲ့သည်။ အားပေးနှစ်သိမ့်မှု ပြုခဲ့သည်။ လိုအပ်သော သူတို့အား တန်ခိုးပြ ဆောင်မခဲ့သည်။ လမ်းတော်ကို ညွှန်ပြခဲ့သည်။ အလင်းနှင့် အသက်သေခံရန် ကျွန်ုပ်တို့မှာ တာဝန်ရှိသည်။ ယေဇူးပြုသော အမှုတို့ကို ကျွန်ုပ်တို့လည်း ဆက်လက်ဆောင်ရွက်ရန် လိုအပ်သည်။ ဆုတောင်းပတ္ထနာပြုခြင်း၊ အကျိုးဆောင်ခြင်း၊ အားပေးနှစ်သိမ့်ခြင်း စသည့် အမှုတို့၌ ရှင်ပေါလူးနည်းတူ သဘောထားခံယူကာ ကျွန်ုပ်တို့လည်း ရှင်သန်လှုပ်ရှားနိုင်ပါသည်။
( St. John Eudes -Kingdom of Jesus )

## ၃။ ဆင်းရဲဒုက္ခနှင့် ယေဇူး၏ မြတ်သောခန္ဓာတော်

မာရီယားတမန်တော်အသင်းဝင်များက မိမိတို့နေ့စဉ်ဘဝ၌ လူ့လောက၌ လက်ပွန်းတတည်း ဆက်ဆံရပါသည်။
အထူးသဖြင့် အတိဒုက္ခရောက်သူများနှင့် ဆင်းရဲသားတို့ကို ထိတွေ့ယှဉ်ပါးကြသည်။ လူသားများက ဆင်းရဲဒုက္ခပြဿနာ ဟု ခေါ်ဆိုထားသော အရာများကို ကျွန်ုပ်တို့က အမြင်ကြည်လင်ရန် လိုအပ်သည်။ လူပုဂ္ဂိုလ်တိုင်း ဆင်းရဲဒုက္ခကို တစ်မျိုးတစ်မည် ရင်ဆိုင်ကျော်လွှားရသည်။ ဘယ်သူမျှ ဆင်းရဲဒုက္ခကို မြတ်နိုးတွယ်တာမှုမပြုပါ။ ဆင်းရဲဒုက္ခကို တွန်းလှန်ရန် သို့မဟုတ် ရင်ဆိုင်ကျော်လွှားဖို့ ကြိုးစားကြသည်။ မလှန်နိုင်လျှင်လက်မှိုင်ချ ခံထမ်းကြသည်။

သို့သော် လူ့လောကမှာ ဆင်းရဲဒုက္ခကို လက်မြှောက် အရှုံးပေးဖို့ မဟုတ်ပါ။ ကယ်တင်ခြင်း အမှုတော်တွင် ဆင်းရဲဒုက္ခ ကျုံးဝင်ပါသည်။ လူ့ဘဝ သာယာလိုလျှင် ဆင်းရဲဒုက္ခကို အတော်အတန် ခံထမ်းရပါသည်။ ဆင်းရဲဒုက္ခကို ခုတုံးလုပ်ပြီး သီးပွင့်ဝေဆာရပါသည်။ ယက္ကန်းလုပ်ငန်းမှာ တန်းကြိုးနှင့် ခတ်ကြိုးပေါင်းစပ်လျက် အဝတ် အထည်ဖြစ်လာသည်။ အမြင်ကြည်လင်စွာ ခံထမ်းသောအခါ ဆင်းရဲဒုက္ခကိုလွန်ပြီး ကျွန်ုပ်ဘဝ သာယာ ဝေဆာနိုင်ပါသည်။

ဆင်းရဲဒုက္ခကို ကျွန်ုပ်တို့ဘဝ သာယာရေးအတွက် ရင်ဆိုင်ကျော်လွှားမှုကိုထာဝရဘုရား အလိုတော်ရှိ၏။ ခရစ်တော်ယေဇူးအား သက်ဝင်ယုံကြည်ရန်သာမဟုတ်၊ ခရစ်တော်ယေဇူး၏ ဒုက္ခဝေဒနာကို မျှဝေခံစား ထမ်းခွင့်ကို ကျွန်ုပ်တို့ ခံယူရရှိထားသည်။( ဖိလစ် ၁း၂၉ )

ထို့အပြင် ခရစ်တော်ယေဇူးနှင့်အတူ သေခြင်းဒုက္ခကို ခံထမ်းကျော်လွှားသောအခါ ယေဇူးနှင့် အတူ အသက်သုခဆုတော်ကို ကျွန်ုပ်တို့ ရရှိမည်။ ကျွန်ုပ်တို့အောင်နိုင်လျှင် ယေဇူးနှင့်အတူ စိုးစံပါလိမ့်မည်။
( ဒု-တိမော ၂း၁၁-၁၂ )

ရှင်ပေါလူး ၏ အဆိုအမိန့်ကို ကျွန်ုပ်တို့ကိုယ်ပိုင်ပြု ခံစားပြီး ရှင်လင်းတင်ပြအပ်ပါသည်။ ကျွန်ုပ်တို့ ခရစ်ယာန်များက ဆင်းရဲဒုက္ခကို ယေဇူး၏ စတေးခံ ပူဇော်မှုအဖြစ် ခံယူယုံကြည်ကြသည်။ ရောမတို့က ယေဇူးကို ဂျေရုဆလင်မြို့ပြင် ကာလ်ဝါရီတောင်မှာ တံကျင်တင် သတ်ကြသည်။ ယေဇူးက တံကျင်ထက်၌သွေးသန် ရဲဖြင့် အသက်တော်စွန့်သည်။ တံကျင်ခြေရင်း၌ မယ်တော်မာရီယားက ပူဆွေးညှိုးငယ်စွာ မတ်တပ်ရပ်လျက် ငိုကြွေးခဲ့သည်။ တံကျင်တော် တန်ခိုးဖြင့် ဖွားမြင်ခဲ့သော သာသနာကို မာရီယားက မိခင်အဖြစ် ခံယူ သဘောထားခဲ့သည်။

ယေရှု၏ သွေးတော်က တံကျင်ခြေရင်မှာ မြေဝယ်ခဲ့သည်။ ကယ်တင်ခြင်း အမှုတော်ကို အဆုံးတိုင် ဆောင်ရွက်၍ အောင်နိုင်ခဲ့သည်။ ကယ်ချွတ်ပြီးသော လူသားတို့မှာ ယေရှု၏ မြတ်သော ခန္ဓာတော်၏ အစိတ်အပိုင်းများဖြစ်ကြပြီ။ ကျွန်ုပ်တို့အတွက် ပေးစွန့်လိုက်သော သွေးတော်သည် မြတ်သော ခန္ဓာတော်၌အသက်သုခတော်အဖြစ် စီးဆင်းနေပါသည်။ ဤသို့စီးဆင်းသော သွေးတော်တန်ခိုးကြောင့် ကျွန်ုပ်တို့သည် ယေရှု၏ အသွင်သဏ္ဌာန်တော်သို့ တိုးတက်ကူးပြောင်းပါသည်။ ယေရှု၏ သဏ္ဌာန်တော်ဆိုသည်မှာ စတေးခံပူဇော်ပြီးနောက် အောင်မြင်ပြည့်စုံသော သဏ္ဌာန်တော်ဖြစ်သည်။ ဗက်သလေဟင်မှာ ဖွားမြင်ပြီး၊ နာဇရက်မှာကြီးပြင်းခဲ့သော ယေရှု၊ သာဘောတောင်ပေါ်၌ အဆင်းသဏ္ဌာန် ထင်ရှားပြသောယေရှု ၊ ကာဝါလ်ရီတောင်ပေါ်မှာ ဝေဒနာဖြင့် စတေးခံပူဇော်သောယေရှု၊ ဘုန်းဂုဏ်တော်နှင့် ပြည့်စုံသော ယေရှု၏ အသွင်သဏ္ဌာန်တော်သို့ အဆင့်ဆင့် တိုးတက်ကူးပြောင်းရမည် ဖြစ်သည်။ ခရစ်တော်ယေရှုက ကျွန်ုပ်တို့ကို လွတ်လပ်ခွင့်အပြည့်ပေးပါသည်။ ကျွန်ုပ်တို့က ရွေးချယ်တတ်ရန် လိုသည်။ အဆိုးနှင့်အကောင်းခွန့်တွဲပါသောကြောင့် ကျွန်ုပ်တို့သဘောထားအရေးပါသည်။ မာရီယားကိုရှုပါ။ သိကြားမင်းဗျာ ဒိတ်တော်ပြန်ကြားချိန်မှစပြီး အခက်အခဲပြဿနာမျိုးစုံကို ရင်ဆိုင်ခဲ့သည်။ ရှုဗယ်ရိုးဖြောင့်သောကြောင့် ဘုရားစောင့် ရှောက်သည်။ ယေရှုဖွားမြင်ပြီးနောက် အီဂျစ်သို့ ထွက်ပြေးတိမ်းရှောင်ရသည်။ ကင်ပွန်းတပ်ပွဲသားလီး မင်္ဂလာရက်၌ သူတော်ကောင်းများက သတိပေးနှိုးဆော်သည်။ သင့်မြတ်သော အချိန်ကာလ၌ ယေရှုအိမ်မှထွက်ခွာပြီး တရားဒေသ နာစတင်ဟောကြားသည်။ ဆွေမျိုးသားချင်းများက တိုက်တွန်းသောကြောင့် ဒေသနာတော်ကာလမှာ ယေရှုနှင့် တွေ့ဆုံရန်သွားသည်။ “ ဘုရားအားနာခံသူတို့က ငါ့အမိ ၊ ငါ့အဖ ၊ ငါ့ညီငါ့နှမ ” ဟု ဆိုသည်။

မယ်တော်က ယေရှုအား နောက်ဆုံးအကြိမ်တံကျင်ခြေရင်းမှာတွေ့ဆုံသည်။ ယေရှုက ချစ်သောတပည့် ရှင်ယောဟန်လက်သို့ အပ်နှံသည်။ “ ဤသည်ကား သင့်မိခင်။ အိုမိခင်သားကိုရှုလော့ ”။ ရှင်ယောဟန်က ထိုအချိန်မှစပြီး မယ်တော်ကို သက်ဆုံးတိုင် ပြုစုစောင့်ရှောက်သည်။

မယ်တော်မာရီယားက ယေရှု၏ လူစင်စစ်ဘဝ၌ အကောင်းအဆိုးတို့ကို ခွဲခြားမှုမပြုဘဲ အားလုံးခံယူ ထမ်းဆောင်သည်။ ဦးစွာပထမ သားတော်ဘုရားအား ဝမ်း၌ လွယ်လျက် ဆုံးခန်းတိုင်ပြုစုသည်။ ဒုက္ခဝေဒနာခံထမ်းလျက် တံကျင်ထက်မှာ စတေးခံပူဇော်သောအခါ တသားတည်းခံယူပူဇော်၏။ ရောမတပ်မှူးက တာဝန်ရှိ၍ ယေရှု၏ နှလုံးကို လှံနှင့်ထိုးဖောက်စစ်ဆေးသည်။ နောက်ဆုံးသော သွေးနှင့်ရေကြည်တပေါက်ထွက်ကျသောအခါ ရောမ တပ်မှူးက “ ဤသူသည်ဘုရား၏သားတော်စင်စစ်ပါလား ” ဟု သိမှတ်ဝန်ခံသည်။ မာရီယား၏ ပြင်းထန်သော ဝေဒနာကို အကျိုးရှိစွာ တွေးထောက်တရားရှုနိုင်ပါသည်။

ယေရှု၏ နံဘေးတော်ထိုးဖောက်ခံရခြင်းကို ထောက်၍ ကက်သလစ်သာသနာက ယေရှု၏နှလုံးတော်ကို အထူးဝတ်ပြုကိုးကွယ်သည်။ သက်သေမြင်သူမာရီယား၏ နှလုံးတော်ကိုလည်း သီးသန့်ကြည်ညိုဝတ်ပြုပါသည်။ ခရစ်တော်ယေရှုကြည်ဖြူသောကြောင့် ယေရှု၏ သွေးတော်မှအစ ကယ်တင်ခြင်းဆုကျေးဇူးအားလုံးတို့ကို မာရီယား ကလူသားကိုယ်စားခံယူပြီး မျှဝေပေးပေးဆောင်သည်။

ခရစ်တော်ယေရှုအား ကျွန်ုပ်တို့က ဘုန်းဂုဏ်တော်အရှင်ဟူ၍ သိမှတ်စဉ်၊ ပရောဖက်စေတမန်တို့၏ ဗျာဒိတ်တော်များနှင့်အညီ ဒုက္ခဝေဒနာနှင့်စတေးခံပူဇော်သောအရှင်ကိုလည်း သိမှတ်ခံယူကြပါသည်။ ထိုသို့မပြုလျှင် ကျွန်ုပ်တို့သည် ကပ်ကမ္ဘာအဆုံး၌ ခရစ်တော်ယေရှုနှင့်အတူ အသက်တော်သုခကို စိုးပိုင်ကြမည်မဟုတ်ပါ။ ရှင်သြဂုဏ်စတင်း၏ အဆိုအမိန့်တရပ်ကို သတိချပ်သင့်သည်။ “ လူသားများက ခံထားရသော ဆင်းရဲဒုက္ခဆိုသည်မှာ ပြစ်ဒဏ်မိန့်မဟုတ်ပါ။ လူသားများအတွက် ကုသမှုအာနိသင်ကို ဆောင်ပါသည်။” ထို့အပြင် ဒုက္ခဝေဒနာကို ကြည်လင်စွာ ခံထမ်းခြင်းဖြင့် ရဟန္တာသူမြတ်များနည်းတူ ကျွန်ုပ်တို့သည်လည်း သန့်ရှင်းမြင့်မြတ်ပြီး ယေရှု၏ အသွင်သဏ္ဌာန်တော်နှင့် တနေ့တခြား ပိုမိုနီးစပ်နိုင်ပါသည်။ ဤအချက်သည် ကက်သလစ်သာသနာ၏ ခြိုးခြံဆပ် ဖြေမှုဆိုင်ရာ ပညတ်ကျင့်ဝတ်တို့၏ အခြေခံအုတ်မြစ်ဖြစ်ပါသည်။

လက်ဖြားခြေဖြားများက နွေးထွေးနေလျှင် ခန္ဓာကိုယ်၌ သွေးပုံမှန်စီးဆင်းသည်ကို သက်သေခံသည်။ လက်ဖြားများ၌ နှလုံးခုန်မှုကိုလည်း မှတ်သားခံစားရသည်။ ခြေဖြားလက်ဖြားအေးစက်ထုံကျဉ်နေလျှင် သွေးလည်ပတ်မှုကို စစ်ဆေးရပါသည်။ ဆောင်းတွင်းအခါ အလွန်အမင်းချမ်းအေးလျှင် ခြေလက်ထုံတိုင်းသွားတတ်သည်။ အေးစက်ထုံထိုင်းသောကြောင့် ဆေးကုသမှုခံယူလျှင် အလွန်နာကျဉ်တတ်သည်။ သို့သော် နာကျင်မှုကို နိမိတ်ကောင်းအဖြစ် သမားတော်တို့က သိမှတ်ခံယူသည်။ မကြာမီသွေးပုံမှန်လည်ပတ်အောင်ပြုနိုင်မည်ဟု သိမြင်ကြသည်။ ကုသမှုမအောင်နိုင်လျှင် သွေးဆိုးဝင်ပြီး လက်ခြေဆုံးရှုံးရတတ်သည်။

ဝိညာဉ်ရေးလောကမှာလည်း ခရစ်တော်ယေဇူး၏ ဆုကျေးဇူးတော်များက ကျွန်ုပ်တို့၌ ပုံမှန်လည်ပတ်မှု မရှိလျှင် ကျွန်ုပ်တို့ဘဝသာယာမည်မဟုတ်ပါ။ ထို့ကြောင့် ဆင်းရဲဒုက္ခကို ရင်ဆိုင်ရလျှင် သမားတော်ယေဇူး၏ လက်တော်ကို ကျွန်ုပ်တို့ သိမှတ်ရပါသည်။ သို့ဖြစ်၍ ဝမ်းနည်းကျေကွဲမှုနှင့် ဆင်းရဲဒုက္ခကို ကျွန်ုပ်တို့မကြောက်ပါ။ ခရစ်တော်ယေဇူးက ကျွန်ုပ်တို့အပါးသို့ ဂရုဏာနှင့် ချဉ်းကပ်သည်ဟု မှတ်ရပါသည်။

" ခရစ်တော်ယေဇူးက ဒုက္ခဝေဒနာကို ဆုံးခန်းတိုင်ခံထမ်းပြီးဖြစ်သည်။ ယေဇူးထပ်မံခံလမ်းစရာမရှိပါ။ ဒုက္ခဝေဒနာ ကုန်ခန်းပြီလော။ မှန်ပါသည် ဦးခေါင်းတည်းဟူသော ခရစ်တော်ယေဇူးအတွင် ဒုက္ခဝေဒနာ ခံထမ်းစရာမရှိတော့ပါ။ သို့သော် ယေဇူး၏ မြတ်သော ခန္ဓာတော်က အသက်ရှင်ဆဲလူသားများပါဝင်တည်ဆောက်ထားသေသောကြောင့် မြတ်သောခန္ဓာတော်အတွက် ဆက်လက်ခံထမ်းရမည့် ဒုက္ခဝေဒနာကျန်ရှိသေးသည်။ သို့ဖြစ်၍ ခရစ်တော်ယေဇူးက ကျွန်ုပ်တို့ ဆပ်ဖြေပူဇော်သည်ကို အလိုတော်ရှိ၏။ ယေဇူးနှင့်တသားတည်းခံယူသော ကျွန်ုပ်တို့က ဆပ်ဖြေပူဇော်ရန် တာဝန်ရှိသည်။ မြတ်သောခန္ဓာတော်၏ အစိတ်အပိုင်းများဖြစ်သောကြောင့် အချင်းချင်းထောက်ထား စာနာပြီးခံထမ်းကြည်ရမည်။ " ( ရှင်ဩဂုတ်စတင်း )၁

# အခန်း (၁၀)

## " မာရီယား တမန်တော် အသင်း၏ မြတ်သော အကျိုးဆောင်မှု "

### ၁။ ဂုဏ်သိက္ခါရှိသောအမှု

မာရီးယားတမန်တော်အသင်းသည် ကက်သလစ်သာသနာအတွင်း၌ အလွန်ဂုဏ်သိက္ခါရှိ၍ တင့်တယ်လျောက်ပတ်သော တမန်တော်လှုပ်ရှားမှုအသင့်အဖွဲ့ဖြစ်သည်။ ကက်သလစ်သာသနာ၏ ထောက်ခံမှု အပြည့်အဝ ရှိထားကြောင်းကို အောက်ပါကောက်နှုတ်ချက်များက သက်သေခံပါသည်။

" ဦးခေါင်းတော်တည်းဟူသော ခရစ်တော်ယေဇူး၌ တသားတည်းဖြစ်ခြင်းကြောင့် သာမန်ကက်သလစ်ဘာသာဝင်တို့သည် စေတမန်များအဖြစ် ရှင်သန်တည်နေခွင့်နှင့် တာဝန်ဝတ္တရားကို ပိုင်ဆိုင်ကြ၏။ သူတို့သည် ဆေးကြောခြင်းမင်္ဂလာ၏ တန်ခိုးအာနိသင်ကြောင့် ခရစ်တော်ယေဇူး၏ မြတ်သောခန္ဓာတော်၏ အင်္ဂါအစိတ်အပိုင်းများဖြစ်လာကြသည်။ ခရစ္စမားမင်္ဂလာခံယူသောအခါ ဝိဉာဉ်တော်မြတ်ဘုရား၏ တန်ခိုးတော်ဖြင့် အစွမ်းတန်ခိုးခံယူရရှိသည်။ အရှင်ဘုရားက အလိုတော်ရှိ၍ သာမန်ဘာသာဝင်များအား စေတမန်လုပ်ငန်းတွင် တာဝန်ပေးခန့်ထားတော်မူ၏။ သူတို့သည် လုပ်ဆောင်သမျှအမှုတို့ကို ဝိဉာဉ်ပိုင်းဆိုင်ရာယဇ်တော်အဖြစ် ပူဇော်ရန်လည်းကောင်း ၊ ကမ္ဘာနှင့်အဝှမ်း လူသားများအလည်၌ ခရစ်တော်ယေဇူးအား သက်သေခံရှင်သန်ရန်လည်းကောင်း ၊ ဘိသိက်မင်္ဂလာဖြင့် ခန့်အပ်တော်မူ၏။ " စေတမန်လုပ်ငန်းတခုလုံးအတွက် နာမ်ဝိဉာဉ်ကမ္ဘအရေးပါးသော မေတ္တာကရုဏာကို ပေးဆောင်တော်မူ၏။ စက္ကရမင် မင်္ဂလာများ ၊ အထူးသဖြင့် ကိုယ်တော်မြတ်မင်္ဂလာတို့ဖြင့် ခွန်အားဖြည့်တင်းတော်မူ၏။" (AA-3)

ပုပ်ပီဦး–၁၂ မိန့်ကြားခဲ့သည့်အတိုင်း " သာမန်ကက်သလစ်ဘာသာဝင်တို့က သာသနာတော်၌ ရှေ့တန်းမှ ပါဝင်လှုပ်ရှားနေပါသည်။ အမိသာသနာကို လူ့လောကအတွက် အလွန်အရေးပါသော အင်အားစုအဖြစ် သာမန်ကက်သလစ်ဘာသာဝင်များက ခံယူယုံကြည်ကြသည်။ သို့ဖြစ်၍ ကက်သလစ်ဘာသာဝင်များက အမိသာသနာ၌ တည်နေရုံမဟုတ်ဘဲ၊ မိမိတို့ ကိုယ်စီ အမိသာသနာ၌ သက်သေရှင်သန်နေကြောင်းအလေးအမြတ်ခံယူသင့်ပါသည်။ မိမိတို့က ပုပ်ရဟန်းမင်းဦးစီးပြီး သာသနာပိုင်ဆရာတော်များက စီမံညွှန်ကြားလျက်ရှိသော ယုံကြည်သူအင်အားစုနှင့် အမိသာသနာဖြစ်ကြသည်။ " (CL-9)

မယ်တော်မာရီယားသည် လူ့လောကကို ဝိနိဿယဆိုင်ရာသြဇာလွှမ်းမိုးထားပါသည်။ သဘာဝလောကမှာကဲ့သို့ စွဲဆောင်မှု ၊ နှီးစပ်မှု ၊ စုစည်းမှု စသော နိယာမများဖြင့် လူ့လောကကို ထိန်းသိမ်းစောင့်ရှောက်လျက်ရှိသည်။ သဘာဝလောကမှာ အင်အားစုများနှင့် ယင်းတို့၏ အင်္ဂါအစိတ်အပိုင်းများကဲ့သို့ ကျစ်လစ်သိပ်သည်းသောဖွဲ့စည်းမှုစွမ်းအားကို မယ်တော်မာရီယား ကထိရောက်စွာ အသုံးပြုပါသည်။ လူမှုအဖွဲ့အစည်းအားလုံးတို့၏ သမိုင်းကျောင်း၌ မယ်တော်မာရီယားပါဝင်ပတ်သက်ကြောင်းတွေ့ရှိရပါသည်။ (Petitatol)

### ၂။ ရင့်ကျက်၍ သာသနာပြုစိတ်ဓါတ်ပြည့်ဝသော သာမန်ဘာသာဝင်များအလိုရှိ

ကက်သလစ်သာသနာအုပ်စု၏ ကျန်းမာသန်စွမ်းမှုသည် ရင့်ကျက်၍ သာသနာပြုစိတ်ဓိတ်ပြည့်ဝသော ဘာသာဝင်အင်အားစုပေါ်မူတည်သည်။ သာမန်ဘာသာဝင်တို့က သာမန်ဆိုသော်လည်း ရဟန်းစိတ်ဓါတ်ပြည့်ဝပြီးလူ့အသိုင်းအဝိုင်း၌ သြဇာရှိစွာ ရှင်သန်ဆက်ဆံကြသည်။ သာသနာအရေးပါသော လုံခြုံမှုကိုလည်း တာဝန်ယူလုပ် ဆောင်ကြသည်။ လုံခြုံမှုဆိုသည်မှာ ရဟန်းဘုန်းတော်ကြီးများနှင့် သာမန်ဘာသာဝင်များအကြား တသားတည်း ပြန်လှန်ဆက်ဆံမှုပေါ်မူတည်သည်။



[redacted]

စေတမန်စိတ်ဓါတ်သည် ကက်သလစ်သာသနာ၏ လုပ်ငန်းနှင့်အကျိုးစီးပွားကို အခြေခံသည် သာမန်ကက်သလစ် ဘာသာဝင်များက မိမိတို့ ပါဝင်ပတ်သက်မှုရှိကြောင်းကိုလည်းသက်ဝင်ခံယူရန်လိုအပ်သည်။ သို့ဖြစ်၍ မာရီယားတမန်တော်အသင်းက စေတမန်များအား ပုံလောင်းမွေးထုတ်ပေးသောအဖွဲ့အစည်းဖြစ်ပါသည်။

စေတမန်စိတ်စိတ်ဓိတ်နှင့်လိုအပ်သည့်အရည်အချင်းများကို အားပေးပျိုးထောင်မှုမပြုလျှင် နောင်အနာဂတ်မျိုးနွယ်စုအတွက် အခက်အခဲပြဿနာဖြစ်နိုင်ပါသည်။ သာသနာတော်ကို စိတ်မဝင်စားတော့ပဲ တာဝန်သိစိတ်ဓါတ်မရှိသောကြောင့် အမိသာသနာအတွက် အန္တရာယ်ရှိနိုင်သည်။ ကလေးဆန်ပြီး တာဝန်မသိသော ကက်သလစ်ဘာသာဝင်များက သာသနာတော်ကို ဘယ်လိုအကျိုးဆောင်နိုင်ပါမလဲ။ ငြိမ်သက်ခြင်းက လုံခြုံမှုပေးနိုင်စွမ်းသလား။

သမိုင်းကိုရှုလျှင် ဤသို့သော အခြေအနေမျိုးဖန်တီးတိုင်း ကက်သလစ်သာသနာနစ်နာဆုံးရှုံးခဲ့ပါသည်။ တွေဝေသော သိုးဇုကပျိုကွဲသည်။ တခါတရံသိုးဖု၏ လက်ချက်ဖြင့် သိုးထိန်းများပင် ကွယ်ပျောက်ပျက်စီးတတ်ပါသည်။ သို့တည်းမဟုတ် ပြင်ပမှ ဝင်ရောက်တိုက်ခိုက်သော ဝံပလွေအုပ်စုကြောင့် သာသနာတော်ပျက်ဆီးနိုင်သည်။ ကာဒီနယ်နျူးမန်းမိန့်ကြားခဲ့သည့်အတိုင်း “ ခေတ်တိုင်းမှာ သာမန်သက်သလစ်ဘာသာဝင်များ၏ စိတ်ဓါတ်ပေါ်မူတည်ပြီး ကက်သလစ်သာသနာအတွက် ရှင်သန်လန်းဆန်းမှု ၊ သို့တည်းမဟုတ်နစ်နာဆုတ်ရုတ်မှု ဖြစ်ထွန်းခဲ့ပါသည်။

မာရီယားတမန်တော်အသင်းက သာသနာတော်အတွင်း၌ သာမန်ကက်သလစ်ဘာသာဝင်များ၏ ရွေးကောက်ခေါ်တော်မူခြင်း အသိစိတ်ဓါတ်ရှင်သန်ဖွံ့ဖြိုးရေးကို အဓိကထား လှုပ်ရှားပါသည်။ ကက်သလစ်သာသနာရှင်သန်လန်းရေးကို ဆရာတော်သဃ်္ဃာတော်များနှင့် တရုးအြားထုတ်သူကို ရင်သီလရှင်တို့၏ အမှုအရေးဟူ၍ သာမန်ကက်သလစ်ဘာသာဝင်များက ထင်ယောင်မှားကြသည်။ အမှန်အားဖြင့် ဆရာတော်သဃ်္ဃာတော်တို့က သာသနာ့ဝန်ထမ်းပထမအဆင့်ဖြစ်သည်။ ရသေ့ကိုရင်သီလရှင်တို့က တရားအားထုတ်လျက် တဖက်တလမ်းမှသာသနာအမှုကြီးငယ်တို့၌ ပါဝင်ဆောင်ရွက်ကြသည်။ ဓမ္မဆရာများက သာသနာ့ဝန်ထမ်းစာရင်းဝင်ပြီး ကိုရင်သီလရှင်များနည်းတူ သာမန်ကက်သလစ်ဘာသာဝင်များဖြစ်သည်။ သို့ဖြစ်၍ သာမန်ကက်သလစ်ဘာသာဝင်များက အမည့်မဲ့ အစုအဖွဲ့ဝင်မဟုတ်ကြပါ။ အရှင်ဘုရားကိုယ်တော်တိုင် အမည်ဖြင့် ရွေးယူခေါ်ဆောင်ထားသူများဖြစ်သည်။ (ယောဟန်၁၀း၃) ရှင်ပေါလုနည်းတူ သာမန်ဘာသာဝင်များကလည်း ကါလ်ဝါရီတောင်ပေါ်တံကျင်တော်ခြေရင်းမှာ ရပ်ခွင့်မကြုံခဲ့သည့်တိုင် ၊ “ ထာဝရဘုရား၏သားတော်က ကျွန်ုပ်ကို ချစ်မြတ်နိုးသောကြောင့် မိမိကိုယ်ကို ကျွန်ုပ်အတွက် ရည်စူးပူးဇော်ခဲ့သည် ” ဟု ခံယူယုံကြည်သင့်ပါသည်။ (ဂလာထိ ၂း၂၀ )

ကျွန်ုပ်တို့က အားငယ်စရာအကြောင်းမရှိပါ။ ယေရှုးကိုယ်တော်တိုင် ဖခင်သံဇူဇယ်နှင့်အတူ လက်သမားလုပ်ငန်းကို လုပ်ခဲ့သည်။ ယေရှုး၏မယ်တော်နှင့်အခြားအမျိုးသမီးတည့်မများက ဂုဏ်အသရေရှိ အိမ်ရှင်မများဖြစ်ခဲ့သည်။ ကျွန်ုပ်တို့တဦးချင်းက ကျွမ်းကျင်မှုစွမ်းအားကို ပဓာနမထားပဲ ကျသင့်ရန် လုပ်ငန်းကိုယ်စီကို စိတ်ထားကြည်လင်စွာဖြင့် ဆောင်ရွက်ရပါသည်။ အဖထာဝရဘုရားက ကျွန်ုပ်၏နှလုံးသားနှင့် ကျွန်ုပ်၏ ဝန်ဆောင်မှုကို အလိုတော်ရှိ၏။ ပုဂ္ဂိုလ်တဦးချင်းက ဤသို့ခံယူလုပ်ဆောင်ခြင်းကို မာရီယားတမန်တော်အသင်းက မြေတော်မြှောက်ပျိုးထောင်ပေးနေပါသည်။ ဤသို့ ခံယူယုံကြည်သူ သာသနာကို လစ်လျူမရှုတတ်ပါ။ ဘာသာတရားကိုလည်း ပေါ့ဆခြင်းမရှိတတ်ပါ။ အလွန်ရိုးစဉ်းသော အမှုတို့ကိုပင် အလေးအမြတ်ထား လုပ်ဆောင်ပါသည်။ ဤသို့ ခံယူကျင့်သုံးခြင်းသည် ကျွန်ုပ်တို့စိတ်နှလုံးထဲတွင် တမန်တော်အဖြစ် လုပ်ဆောင်လိုသောဆန္ဒ၊ အများအကျိုးသည်ပိုးဆောင်ရွက်လိုသောဆန္ဒတို့ကို တဖွားဖွားဖြစ်ထွန်းစေပါသည်။ အချုပ်ဆိုသော် မာရီယားတမန်တော်အသင်းသည် ကက်သလစ်သာသနာအတွင်း၌ ရပ်တည်ရှင်သန်နေသော တရားအားထုတ်မှုအသင်း ဂိုဏ်းကြီးများနှင့် ရင်ဘောင်တန်းလျက်သာမန်ဘာသာဝင်များအတွက် တရားအားထုတ်မှုကျင့်စဉ်တရပ်ကို ပီပြင်စွာ ဖော်ဆောင်လျက်ရှိသည်။ ခရစ်တော်ယေရှုး၏ သုခနိုင်ငံတော်ကို ယနေ့ကမ္ဘာ၌ လက်တွေ့တည်ဆောက်နေပါသည်။ (Mg2.Alfred ORahilly)

## ၃။ မာရီယားတမန်တော်အသင်းနှင့် သာမန်ကက်သလစ်စေတမန်လုပ်ငန်း

အခြားသောအမှုများ၌ ရှိထားသော နိယာမများနှင့်အညီ သက်သေခံတမန်တော်လုပ်ငန်းဆိုသည်မှာ အလွန်အေးစက်ပြီး အတွေးအမြင်ပိုင်းနှင့်သက်ဆိုင်သော အမှုဖြစ်ပါသည်။ ထို့ကြောင့် သာမန်ဘာသာဝင်များက အလွန်မြင့်မြတ်သောစေတမန်လုပ်ငန်းကို စိတ်မဝင်စားပဲရှိတတ်သည်။ မိမိတို့၏ နိုင်စွမ်းကိုလည်း မသိနားမလည်ဖြစ်တတ်သည်။ အဆုံးရလာဘ်မှာ သာမန်ဘာသာဝင်များက ပါဝင်သက်ပတ်မှုမရှိသဖြင့် အမိသာသနာအတွက် ကြီးမားသောနစ်နာဆုံးရှုံးမှု ဖြစ်နိုင်၏။ ကမ္ဘာနှင့်အဝှမ်းအားသွန်ခွန်စိုက်ဆောင်ရွက်လျက်ရှိသော သာသနာပြုလုပ်ငန်းတွင် အရေးနိမ့်နိုင်ပါသည်။

အခြေအနေအရပ်ရပ်တို့ကို ရှုမြင်သုံးသပ်တတ်သော ပုဂ္ဂိုလ်တဦးမှာ ကာဒီနယ်ရီဘဲရီဖြစ်ပါသည်။ ကါဒီနယ်ရီဘဲရီက ဗာတီကန်ပုပ်ရုံးတော်မှ သံတမန်တဦးဖြစ်သည်။ အာဖရိကနိုင်ငံများ၌လည်းကောင်း ၊ တရုတ်နိုင်ငံ၌လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့သည်။ မာရီယားတမန်တော်လုပ်ငန်းကိုလည်း အနီးကပ်လေ့လာခွင့်ရရှိသော ပုဂ္ဂိုလ်ဖြစ်သည်။ ကာဒီနယ်ရီဘဲရီက မာရီယားတမန်တော်အသင်းကို အောက်ပါအတိုင်း ဝေဖန်မိန့်ကြားခဲ့သည်။

“ မာရီယားတမန်တော်အသင်းက သက်သေခံသာသနာပြုလုပ်ငန်းကို အလွန်စွဲဆောင်မှုကောင်းသောနည်းလမ်းတို့ဖြင့် စွမ်းဆောင်နေသော အင်အားစုတရပ်ဖြစ်သည်။ ရင်သန်နိုးကြားမှုရှိသောကြောင့် ပုဂ္ဂိုလ်အားလုံးတို့ကို စည်းရုံးစုစည်းစေသည်။ ပုပ်ပီဦး–၁၁ ညွှန်ကြားထားသည့်အတိုင်း ဘုရား၏မယ်တော်ကညာစင်မာရီယားအားကိုးစားလျက် ရပ်တည်လုပ်ရှားသည်။ အဆင့်မှီအစွမ်းထက်သော ပုဂ္ဂိုလ်များအားစည်းရုံးသိမ်းသွင်းခြင်းဖြင့် အင်အားဖြည့်တင်းသည်။ ဆုတောင်းပတ္တနာနှင့် ခြိုးခြံပူဇော်မှုတို့ကို စိတ်အားထက်သန်စွာ လုပ်ဆောင်သည်။ စည်းစံနစ်တကျပြတ်သားသည်။ တာဝန်ခံဘုန်းတော်ကြီးများနှင့်အမြဲ ညှိနှိုင်းလုပ်ဆောင်သည်။ ယနေ့ကမ္ဘာတွင် ရပ်တည်လှုပ်ရှားနေသော မာရီယားတမန်တော်အသင်းသည် ထာဝရဘုရား၏ အံ့ဖွယ်တန်ခိုးဖြစ်ပေသည်။

ကက်သလစ်သာသနာတွင် ရဟန်းဘုန်းတော်ကြီးက တရားဝင်အကြီးမှူသာမဟုတ်ပါ။ ကက်သလစ်သာသနာ၏ စက္ကရမင်မင်္ဂလာများကိုလည်း ကြီးမှူးကျင်းပသောကြောင့် ကက်သလစ်ဘာသာဝင်များက သိမှတ်ကြည်ညိုရပါသည်။ စက္ကရမင် မင်္ဂလာမျာက ကက်သလစ်ဘာသာဝင်များအတွက် အသက်သွေးကြောဖြစ်သည်။ သာသနာဝန်ထမ်းအားလုံးတို့က ဘုန်းတော်ကြီးများနှင့်တသားတည်းခံယူလျှက် ဤအမှုကို ဝိုင်းဝန်းပံ့ပိုးဆောင်ရွက်ကြရသည်။

မာရီယားတမန်တော်အသင်းက ရဟန်းဘုန်းတော်ကြီးများကို တရားဝင်အကြီးအကဲများအဖြစ် အဖြစ်ကြည်ညိုကြပါသည်။ ကိုယ်တော်မြတ်မင်္ဂလာနှင့် စက္ကရမင် မင်္ဂလာအပေါင်းတို့မှာ ကက်သလစ်သာသနာ၏ အသက်သွေးကြောဖြစ်သည်ကိုလည်း သိမှတ်ခံယူကြသည်။ သာမန်ဘာသာဝင်အားလုံးတို့က အချိန်အခါအားလျော်စွာ ဘုန်းတော်ကြီးများထံ ချဉ်းကပ်ပြီ စက္ကရမင် မင်္ဂလာများကို မှန်ကန်စွာ ခံယူရန် မာရီယားတမန်တော်အသင်းဝင်များက ရဟန်းနှင့် ဘာသာဝင်များအကြား ပေါင်းကူးတံတားအဖြစ် ခံယူဆောင်ရွက်ကြသည်။ ဤအမှုကို ဆောင်ရွက်ရာတွင် မာရီယားတမန်တော်အသင်းဝင်များက အများသာဘာဝင်များအလည်၌ မမာမကျန်းရှိသူများ ၊ မသန်မစွမ်းရှိသူများနှင့် အကြောင်းအမျိုးမျိုးကြောင့် ကက်သလစ်ဘာသနာနှင့် ကင်းဝေးနေသူတို့၏ အကျိုးကို ကြည်လင်တက်ကြွစွာ သယ်ပိုးဆောင်ရွက်ကြပါသည်။ သို့ဖြစ်၍ သာမန်ကက်သလစ်ဘာသာဝင်များအတွက် ရဟန်းဘုန်းတော်ကြီးအရေးပါကြောင်းကို မာရီယားတမန်တော်အသင်းဝင်များက အထူးဦးစားပေးသက်သေခံဆောင်ရွက်နေပါသည်။ အထူးသဖြင့် လူမမာများနှင့် ဆာလောင်မွတ်သိတ်သူများကို မာရီယားတမန်တော်အသင်းဝင်များက ကျွေးမွေးစောင့်ရှောက်ကြပါသည်။

မာရီယားတမန်တော်အသင်းဝင်များက သာမန်ဘာသာဝင်များနှင့် ရဟန်းဘုန်းတော်ကြီးများအကြား ပေါင်းကူးတံတားအဖြစ် ဆောင်ရွက်ကြသည်။ အချို့သော ဘာသာဝင်တို့က အမှန်တကယ်ချို့တဲ့တတ်သည်။ အချို့တို့က လိုအပ်မှုနာကျည်းချက်အမျိုးတို့ကြောင့် ရဟန်းဘုန်းတော်ကြီးများနှင့် ဝေးလံတတ်သည်။ ဤပုဂ္ဂိုလ်အားလုံးတို့ကို အကျိုးဆောင်ပါသည်။

ဤသည်တို့မှာ မာရီယားတမန်တော်အသင်း၏ စွမ်းအားများဖြစ်ပါသည်။ သာမာန်ကက်သလစ်ဘာသာဝင်များက ရှေ့ဆောင်ပါဝင်လုပ်ဆောင်သောကြောင့် ကက်သလစ်သာသနာအတွက် အလွန်အရေးပါသော စွမ်းအားဖြစ်ပါသည်။ ရဟန်းဘုန်းတော်ကြီးများ၏ စီမံညွှန်ကြားမှုကြောင့် အလွန်အစွမ်းထက်သော အင်အားစု ဖြစ်သည်။

ဤသူတို့၏ အကျိုးဆောင်မှုကို ကြည်ဖြူစွာခံယူသူတို့က ယေရှုအားသိမှတ်ခံယူကြသည်။ ယေရှုအားခံယူသူတို့က အရှင်ဘုရားအား စေလွှတ်သော ခမည်းတော်ဘုရားအား ရှိသေနာခံကြပါသည်။ ( ယောဟန်– ၁၃း၂၀။)

## ၇။ မာရီယားတမန်တော်အသင်းနှင့် ရဟန်းဘုန်းတော်ကြီး

ရဟန်းဘုန်းတော်ကြီးဆိုသည်မှာကက်သလစ်သာသနာတွင်ဆီလူးမှတ်ဘိသိက်ခံယူထားသောပုဂ္ဂိုလ်မြတ်ဖြစ်ပါသည်။ဘုန်းတော်ကြီးကယေရှုအရှင်မြတ်၏အမိန့်တော်နှင့်အညီ ဧဝံဂေလိအမှုတော်ကိုလုပ်ငန်းတာဝန်အဖြစ်ခံယူဆောင်ရွက်လျက်ရှိသည်။ခရစ်တော်ယေရှုထင်ရှားရှိစဉ်ကတပည့်စေတမန်များအားကိုယ်တော်တိုင်သွင်သင်လေကျင့်ပေးတော်မူခဲ့သည်။

ယေရှုရွေးချယ်စေလွှတ်သောတပည့်တော်ကြီးတဆယ့်နှစ်ပါးတို့ကယုံကြည်မှုပြည့်ဝစွာယေရှု၏စေတမန်အမှုကိုဆောင်ရွက်ကြသည်။ဂျေရုဇလင်၌ရှင်ပေတရု၏ဟောကြားချက်ကိုရောမလူမျိုးကိုယ်စားလှယ်အချို့တို့ကရောမသို့ပြန်လည်သက်သေခံပြန်ကြားသောကြောင့်ရောမမြို့တွင်းသို့ခရစ်ယန်သာသနာရှေးဦးစွာဝင်ရောက်ပျံ့ပွားခဲ့သည်။မကြာမီအတွင်းရှင်ပေတရုနှင့်ပေါလုတိုကရောမမြို့ခရစ်ယန်အုပ်စုကိုသိမှတ်ပြီးကြွခိုင်မှုပြုခဲ့ကြသည်။

ပုပ်ရှင် ပီဦး(၁၁)မိန့်ကြားသည့်အတိုင်း“အလွန်ကျယ်ပျံ့သောကမ္ဘာအလည်၌တပည့်စေတမန်ဆယ့်တဦးတို့ကအကျိုးဆောင်မှုမရှိလျှင်ခရစ်ယန်သာသနာပျံ့ပွားပါမည်လား။ကမ္ဘာနှင့်အဝှမ်းရောက်ရှိခဲ့သောခရစ်ယန်သာသနာပြုတို့၏လုပ်ငန်းအောင်မြင်တွင်ကျယ်နိုင်စွမ်းရှိပါသလား၊အပျိုအအိုအားလုံးတို့ကတခဲနက်ခံယူလျက်ကြွေးကြော်ကျေငြာခဲ့ပါသည်။ကျွန်ုပ်တို့ကသုခနိုင်ငံတော်မှရတနာမွန်အဖြစ်ခရစ်တော်ယေရှု၏သတင်းကောင်းကိုကျေငြာလျက်ရှိပါသည်။ကျွန်ုပ်တို့အားလုံးဤသတင်းတော်မြတ်ကိုပံ့ပိုးဖြန့်ချိကြပါစို့။”

ပုပ်ရဟန်းမင်းတပါး၏အဆိုအမိန့်ကိုရဟန္တာပုပ်အရှင်ပီဦး(၁၀)၏အဆိုအမိန့်နှင့်ကူထောက်ပါရစေ။တနေ့သောအခါပုပ်ပီဦး(၁၀)ကကါဒီနယ်တစုနှင့်တွေ့ဆုံစကားပြောစဉ်မေးမြန်းပါသည်။“ယခုခေတ်အခြေအနေမှာကက်သလစ်သာသနာကဘာလုပ်သင့်သလဲ။”တဦးကဖြေကြားပါသည်။“ကက်သလစ်စာသင်ကျောင်းများကိုဖွင့်ပေးသင့်သည်။”ပုပ်က“မဖြစ်နိုင်၊ဆက်လက်အကြံပြုပါ။”ဘုရားရှိခိုးကျောင်းများတိုးချဲ့တည်ဆောက်ပါ။” “မဟုတ်သေး၊ဆက်ပြီးအကြံပြုပါ။” “ရဟန်းဘုန်းတော်ကြီးဦးရေတိုးပွါးအောင်ဆောင်ရွက်ပါ။”ဟုအကြံပြုလျှောက်ထားသည်။ပုပ်ပီဦး(၁၀)ကခေါင်းခါငြင်းဆန်လိုက်ပြန်သည်။“ယခုအချိန်အခါမှာတာဝန်ခံရဟန်းစီရင်စုအားလုံးမှာစိတ်အားထက်သန်လျက်သာသနာအမှုကိုသိကျွမ်းသူသာမန်ကက်သလစ်ဘာသာဝင်အင်အားစုတခုကိုဦးစားပေးပျိုးထောင်ရန်အထူးအရေးကြီးနေပါသည် ”ဟုမိန့်ကြားတော်မူသည်။

ပုပ်ပီဦး(၁၁)၏အမိန့်တော်ကိုရဟန်းဘုန်းတော်ကြီးအားလုံးတို့ကနာခံဆောင်ရွက်လျက်မိမိဝန်းကျင်၊မိမိစီရင်စု၊မိမိလုပ်ငန်းတို့၌ခံယူကျင့်သုံးသင့်ပါသည်။ကျွန်ုပ်တို့ကသာမန်ဘာသာဝင်များကိုအမြင်မကျဉ်းသင့်ပါ။သူတို့ကစွမ်းအားကိုယ်စီနှင့်ကျွမ်းကျင်မှုကိုယ်စီရှိကြသည်။စွမ်းအားနှင့်ကျွမ်းကျင်မှုတို့ကိုပိုင်နိုင်ကျွမ်းကျင်စွာအသုံးပြုရပါသည်။ရဟန္တာသူမြတ်ပုပ်ပီဦး(၁၁)မှာကြားသည့်အတိုင်းသမာဓိရှိပြီးမျက်စိရှင်နားပွင့်လျက်၊ဇွဲဝိရိယဖြင့်အမှန်တကယ်စေတမန်ဝတ်ကိုဆောင်ရွက်နိုင်စွမ်းရှိမည့်သာမန်ကက်သလစ်ဘာသာဝင်အင်အားစုကိုပြုစုပျိုးထောင်ရန်လိုအပ်သည်။ကက်သလစ်ဘုန်းတော်ကြီးများကဤအမှုကိုနှုတ်နှင့်အကျင်သက်သေအားဖြင့်လေ့ကျင့်သွန်သင်ရန်လိုအပ်သည်။

ပုပ်ပီဦး(၁၁)ကပုပ်မဖြစ်မီတာဝန်ထမ်းဆောင်ခဲ့သောနေရာဌာနအားလုံးတွင်ရဟန်းဘုန်းတော်ကြီးများကိုအထူးဦးစားပေးစောင်ရှောက်ခဲသည်။သာမန်ကက်သလစ်ဘာသာဝင်များအနက်ထူးချွန်သွန့်တို့ကိုပြုစုစောင့်ရှောက်ခဲ့သည်။ရဟန်းဘုန်းတော်ကြီးများ၏စွမ်းဆောင်မှုကိုထိရောက်စွာစီမံညွှန်ကြားခဲ့သည်။

(Chartard: The Soul of the Apostolte )

တာဝန်ခံဘုန်းတော်ကြီး၏အဓိကလုပ်ငန်းတာဝန်မှာဘာသာဝင်တဦးချင်းကိုလည်းကောင်း၊ဘာသာတူအုပ်စုငယ်တို့ကိုလည်းကောင်းဧဝံဂေလိတရားတော်၌မြဲမြံစေရန်ပြုစုစောင့်ရှောက်ရပါသည်။ကမ္ဘာအနှံ့တည်ရှိသောကက်သလစ်သာသနာအတွက်စေတမန်ကောင်းတို့ကိုလည်းရှာဖွေလေ့ကျင့်ပေးရပါသည်။ကက်သလစ်သာသနာသို့ကူးပြောင်းဝင်ရောက်သူတို့အားဘာသာရေးပညာစနစ်တကျသွန်သင်ပို့ချရန်တာဝန်ရှိသည်။ခရစ်ယန်ယုံကြည်

မှုနှင့်ကျင့်ထုံးတို့၌ရင့်ကျက်ဖွံ့ဖြိုးစေရန်တာဝန်ခံဘုန်းတော်ကြီးများကကြိုးစားစွမ်းဆောင်ရပါသည်။

လူ့ဘဝကိုယူဆောင်သူဘုရား၏သားတော်က မြတ်သောခန္ဓာတော်ကိုလူ့လောကအတွက်ဖွဲ့စည်းတည်ဆောက်ထားခဲ့ပါသည်ကါလ်ဝါရီတောင်ပေါ်၌ရုပ်ခန္ဓာစတေးခံပူဇော်မှုကိုအထိမ်းအမှတ်ဖွဲ့ကျင်းပရန်လည်းကောင်း၊သာမန်ဘာသာဝင်များ၏ဝိညာဉ်ပိုင်းဆိုင်ရာတို့ကိုစက္ကရမင် ဂ်လာများအားဖြင့်ကျွေးမွေးစောင့်ရှောက်ရန်လည်းကောင်းရဟန်းဘုန်းတော်ကြီး၏လုပ်ငန်းတာဝန်ဖြစ်သည်။ ရဟန်းပိုင်းစီရင်စု၌ရဟန်းဘုန်းကြီးကအသည်းနှလုံးအဖြစ်ခံယူလျက်ခရစ်တော်ယေဇူးပေးဆောင်သောဆုကျေးဇူးတော်တို့ကိုမြတ်သောခန္ဓာအနှံ့ဖြန့်ဝေပို့ဆောင်ရပါသည်။ရဟန်းဘုန်းတော်ကြီးကဘာသာတူအုပ်စုအလည်၌ခရစ်တော်ယေဇူးအားကိုယ်စားပြုရပ်တည်ရှင်သန်ပါသည်။

သာမန်ဘာသာဝင်များကဘဝတာဝန်ကိုယ်စီထမ်းဆောင်လျက်ခရစ်တော်ယေဇူး၏အသက်သုခကျေးဇူးတော်ဖြင့်သက်သေခံရှင်သန်ကြပါသည်။ဝိညာဉ်ပိုင်းဆိုင်ရာလိုအပ်ချက်များကိုရဟန်းဘုန်းတော်ကြီးကဖြည့်တင်းပေးရပါသည်။

ခရစ်တော်ယေဇူးနည်းတူရဟန်းဘုန်းတော်ကြီးကလည်းသာမန်ဘာသာဝင်များအနက်သင့်တော်သူတို့ကိုရွေးချယ်လျက်မိမိ၏တပည့်စုအဖြစ်ဖွဲ့စည်းလေ့ကျင့်ပေးပါသည်။သို့မှသာလျင်ရဟန်းဘုန်းတော်ကြီးကလွတ်လပ်စွာနှင့်ကျယ်ပျံ့စွာရပ်တည်လှုပ်ရှားနိုင်လိမ့်မည်။မည်သူကိုမျှအထင်မသေးပဲလက်တွဲခေါ်ဆောင်တတ်လျှင်မိမိ၏လုပ်ငန်းအောင်မြင်တွင်ကျယ်ပါလိမ့်မည်။ ရှင်ပေါလုမိန့်ကြားခဲ့သည့်အတိုင်းသာမန်ဘာသာဝင်ပုဂ္ဂိုလ်တိုင်းသည်ယေဇူး၏မြတ်သောခန္ဓာတော်၌ခြေလက်အင်္ဂါများအဖြစ်ဂုဏ်သိက္ခါရှိစွာပါဝင်ရှင်သန်ကြပါသည်။(ပ–ကောရင့် ၁၂:၂၁)

ယေဇူး၏မြတ်သောခန္ဓာတော်၌ရဟန်းဘုန်းတော်ကြီးကယေဇူးအားကိုယ်စားပြုကာသမ္မာတရား၊ဧဝံဂေလိလမ်းတော်နှင့်အသက်သုခကျေးဇူးတို့ကိုမျှဝေပေးဆောင်ပါသည်။ရဟန်းဘုန်းတော်ကြီးကသိမ်ဖျင့်ပေါ့ဆလျှင်မြတ်သောခန္ဓာတော်ကအင်အားချို့တဲ့ပါလိမ့်မည်။ဘုန်းတော်ကြီးကသတိဝိရိယရှိလျှင်ရှင်ပေါလုရှင်းလင်းဖေါ်ပြထားသောယေဇူး၏မြတ်သောခန္ဓာတော်ပီပြင်စွာဖြစ်ထွန်းတည်ရှိပြီးသီးပွင့်ဝေဆာပါလိမ့်မည်။(ဧဖက် ၄:၁၂)

ဘာသာဝင်အုပ်စု၌ရဟန်းဘုန်းတော်ကြီးကဦးခေါင်းဖြစ်သော်လည်းမြတ်သောခန္ဓာတော်၏ကိုယ်လက်အင်္ဂါတည်းဟူသောသာမန်ဘာသာဝင်များကိုမှီတင်းအားထားရပါသည်မြတ်သောခန္ဓာတော်ရှင်သန်သီးပွင့်သည်ဖြစ်စေ၊ချွတ်ချော်ချို့တဲ့သည်ဖြစ်စေတသွေးတသားတည်းဖြစ်သောကြောင့်ရဟန်းဘုန်းတော်ကြီးကလည်းအကျိုးတူမျှဝေခံစားရပါသည်။

ဤသည်ကါးရဟန်းဘုန်းတော်ကြီးများသိအပ်သောလောကဓါတ်တရားဖြစ်ပါသည်။ခရစ်တော်ယေဇူး၌အားပြည့်ရှင်သန်သောဘုန်းတော်ကြီးကမိုးဃ်ဂုတ်စက်ဝန်းတိုင်အောင်နိုင်စွမ်းပါသည်။မိမိစွမ်းအင်ကို မသိမမြင်သော ဘုန်းတော်ကြီးသည် ဘဝတလျှောက် လုံးအောင်မြင်မှုနည်းလိမ့်မည်။

မယ်တော့်တမန်တော်အသင်းက ဝိညာဉ်တော်မြတ်ဘုရားနှင့် ကညာစင်မယ်တော်မာရီယားကို အဓိကကြည်ညိုဝတ်ပြုပါသည်။ခရစ်တော်ယေဇူး၏ ကိုယ်တော်မြတ် မင်္ဂလာကို မှီဝဲအားထားပါသည်။

ဝိညာဉ်တော်မြတ်ဘုရားနှင့် မယ်တော်သခင်မတို့ထက် သာလွန်သော စွမ်းအားတန်ခိုး လောကတခွင်မှာမရှိပါ။ မယ်တော့်တမန်တော်အသင်းဝင်များက ယနေ့ ကမ္ဘာတဝှမ်းလုံး၌ မိမိတို့၏နိုင်စွမ်းနှင့်အညီ တံကျင်ကိုယ်စီထမ်းယူလျက်ခေတ်၏ပျော့ညံ့မှု၊တိမ်းဆောင်းမှု၊သိမ်ဖျင်းမှု စသည့်တို့ကိုနေ့စဉ်နှင့်အမျှဆန့်ကျင်တိုက်ဖျက်နေကြသည်။သုစရိုက်နှင့်ဒုစရိုက်တို့အနက် ဘယ်စွမ်းအားက အောင်နိုင်မည်ဖြစ်ကြောင်းဘယ်သူမျှငြင်းခုံရန် မယ်တော့်တမန်တော်ဘက်ကအလေး သာလျက်ရှိပါကြောင်း။ ။

# အခန်း(၁၁)

## မာရီယားတမန်တော် အသင်း၏ အခြေခံမှု

### ၁။လူပုဂ္ဂိုလ်၏ သန့်ရှင်းမြင့်မြတ်ရေးကို ရည်မှန်းချက်နှင့် လက်နက်တန်ဆာအဖြစ်သဘောထား ကျင့်သုံးသည်

မာရီယားတမန်တော်အသင်း လူပုဂ္ဂိုလ်တဦးချင်း၏ အကျိုးဆောင်မှုစွမ်းအားကို အဓိကထားပြီး ကျယ်ပျံ့စွာ အသုံးပြုပါသည်။ ကျွန်ုပ်တို့ တဦးချင်း ဝိညာဉ်တော်မြတ်ဘုရား၏ ဩဇာနှင့် လုံ့ဆော်မှုကို ကျိုးနွံကိုးစားပါသည်။ ဘုရားကျေးဇူးတော်ကို လည်း အပြည့်အဝ ခံယူပြီး လှုပ်ရှားပါသည်။ ကျွန်ုပ်တို့၏ အဆုံးအစွန် ရည်မှန်းချက်မှာ ထာဝရဘုရား၏ ဘုန်းဂုဏ်တော် ထွန်းတောက်စေရန် နှင့် လူသားတို့၏ နာမ်ဝိညာဉ်ကယ်ဆယ်ရေးပင် ဖြစ်သသည်။

မာရီယားတမန်တော်က အသင်းဝင် ပုဂ္ဂိုလ်ဦးခြင်း၏ သန့်ရှင်းမြင့်မြတ်မှုကို အဓိကအရင်းမြစ်အဖြစ် သဘောထားကာ အဖက်ဖက်မှ ပြုစုပျိုးထောင်ပေးသည်။ “ ငါကား စပျစ်နွယ်ဖြစ်၏ သင်တို့ကို အကိုင်းအခက်များ အဖြစ် ခံယူသည်။ ငါနှင့် တသားတည်း ခံယူဆောက်တည်သူတို့က သီးပွင့်ဝေဆာကြမည်။ အကြောင်းဟူမူ ငါနှင့်ကင်းပြီး တစုံတရာကိုမျှ ( ယောဟန် ၁၅း၅ )လုပ်ဆောင်နိုင်စွမ်းမရှိပါ။ ( ယောဟန် ၁၅း၅ )

“ ဒုတိယဗာတီကန်ညီလာခံက အမိသာသနာ၏ နက်နဲရာကိုဖေါ်ထုတ်တင်ပြလျက်ရှိရာ ကက်သလစ်သာသနာ၏ သန့်ရှင်းမြင့်မြတ်မှုကို အခြေခံယုံကြည်ချက်အဖြစ်ခံယူပါသည်။ ပုဂ္ဂိုလ်တော်မြတ်သုံးပါးတည်း ဟူသော ခမည်းတော်ဘုရား၊ သားတော်ဘုရား နှင့် ဝိညာဉ်တော်မြတ်ဘုရားကို သန့်ရှင်းမြင့်မြတ်သောထာဝရဘုရားအဖြစ် ယုံကြည်ကိုးကွယ်သည်။ သားတော်ဘုရားက အမိသာသနာကို ချစ်မြတ်နိုးသောကြောင့် စတေးခံ ပူဇော်မှုဖြင့် ရွေးကောက်လျက် မိမိ၏ မြတ်သော ခန္ဓာတော်အဖြစ် တည်ဆောက်တော်မူ၏။ ထာဝရဘုရား၏ ဘုန်းဂုဏ်တော်ထွန်းတောက်စေရန် ဝိညာဉ်တော်မြတ်ဘုရားကို ပေးဆောင်စေလွှတ်တော်မူ၏။ တပည့်ဦး ရှင်ပေါလု မိန့်ကြားတော်မူသည့် အတိုင်း “ သင်တို့၏ သန့်ရှင်းမြင့်မြတ်ရေးကို အလိုတော်ရှိသော ခမည်းတော် ဘုရားက ကက်သလစ် ဘာသာဝင်အားလုံး ကို ဆရာတော် သံဃာတော်တို့ ဖြစ်စေ၊ သာမန်ဘာသာဝင်တို့ဖြစ်စေ၊ သန့်ရှင်းမြင့်မြတ်မှုကို ရရှိရန် ခေါ်ဆောင်တော်မူ၏။ (ပ–သက် ၄း၃။ ဇေက် ၁း၄ ) ဘာသာဝင်များက မိမိတို့၏ စွမ်းအားကိုယ်စီဖြင့် သန့်ရှင်းမြင့်မြတ်မှု အသီးအပွင့်များကို ဖေါ်ဆောင်ကြပါသည်။ ဝိညာဉ်တော်မြတ်ဘုရား၏ တန်ခိုးတော်ဖြင့် ဘာသာဝင်များက မိမိတို့ဘဝ ကိုယ်စီ၌ သာမက သူတပါးတို့ကိုလည်း သန့်ရှင်းမြင့်မြတ်စေရန် ကြိုးစားစွမ်းဆောင်ကြသည်။ အထူးသဖြင့် ဧဝံဂေလိ ကျင့်စဉ်များအဖြစ် ဆောက်တည်ကြသော ပါရမီလမ်းစဉ်သည် အမိသာသနာ၏သန့်ရှင်း မြင့်မြတ်မှုကို သက်သေခံကြသည်။ အမိသာသနာအတွင်း တစ်ကိုယ်တော်ဖြစ်စေ အများနှင့်ဖြစ်စေ ဧဝံဂေလိကျင့်စဉ် နှင့် အညီ တရားအားထုတ်ကြပါသည်။ အမိသာသနာ၏ သန့်ရှင်းမြင့်မြတ်မှုကို ဤသူတို့က တာဝန်သိစွာဖြင့် သက်သေခံရှင်သန်ကြ၏။ (LG-39)

## ၂။ ကျစ်လစ်ကြံ့ခိုင်စွာ စီမံဖွဲ့စည်းထားသော အသင်းအင်အားစု

သဘာဝလောကမှာ အရင်းအမြစ်စွမ်းအားများရှိသည်။ ယင်းစွမ်းအားများကို ကြပ်မတ်ထိန်းသိမ်းမှုတစုံတရာမပြုလျှင် အလဟသ ပြုန်းတီးသွားပါသည်။ ဇွဲဝိရိယ၊ စိတ်အားတက်ကြွမှု စသည်တို့ကို စံနစ်တကျ ထိန်းကျောင်းခြင်းမပြုလျှင် ရေရှည်အောင်နိုင်စွမ်းမရှိပါ။ သို့ဖြစ်သောကြောင့် မာရီယား တမန်တော်အသင်းမှာ အလုပ်အကိုင်ထက် ဘဝသက်သေခံမှုကို ဦးစားပေး စီမံဖွဲ့စည်းထားသော အသင်းဖြစ်ပါသည်။ အခြားသော အသင်းအဖွဲ့များက မာရီယားတမန်တော်အသင်းကဲ့သို့ စည်းစနစ်ကြပ်မက်ခြင်း မရှိပါ။ များသောအားဖြင့် " ဖြစ်သင့်သည်၊လုပ်သင့်သည် " ဟုသာ ညွှန်ကြားကြသည်။ မာရီယားတမန်တော်အသင်းကမူ မလိုက်မနေရ ဟူသော စည်းစနစ်မျိုးကို ကျင့်သုံးပြီး ကြပ်တည်းစွာစီမံညွှန်ကြားသည်။ ခရစ်ယန်သန့်ရှင်းမြင့်မြတ်ရေးကို အကျိုးပြုသော တည်မြဲမှု၊ ယုံကြည်မှု၊ မာရီယားအားချစ်ကြည်ညိုမှု၊ ရဲတင်းမှု၊ ကိုယ်ကျိုးစွန့်မှု၊ ညီရင်းမောင်နှမစိတ်ဓါတ်၊ တရားရှုမေတ္တာပို့မှု၊ ဆင်ခြေမှု စိတ်ရှည်မှု၊ နာခံမှု၊ နှိမ့်ချခြင်း၊ ရွှင်လန်းခြင်း၊ နှင့်တမန်တော်အသိစိတ် စသောပါရမီများ၌ ရင့်ကျက်ဖွံ့ဖြိုးမှုကို ဖြစ်ထွန်းမည့် ကောင်းကျိုးများအဖြစ် မာရီယားတမန်တော်အသင်းက အခိုင်အမာခံယူ ယုံကြည်ပါသည်။ မာရီယားတမန်တော်အသင်း တည်ထောင်စကါလမှာ ကက်သလစ်သာသနာ အခြေအနေကို အသင်း၏ပထမဆုံး ဝိညာဉ်ရေး ကထိက ဘုန်းတော်ကြီးမိုင်ကယ်ခရီဒန်က ရှင်းလင်းမိန့်ကြားခဲ့သည်။

သာမန် ကက်သလစ်ဘာသာဝင်များစွာတို့က ဘာသာတရားနှင့် ရပ်ရေးရွာရေး လူမှုရေးတို့၌ နိုးကြားရှင်သန်လာသည့် အင်အားစုများကို စနစ်တကျ စီမံညွှန်ကြားရန် အစီစဉ်တစုံတရာမရှိခဲ့ပါ။ လောကကို စွန့်ပြီး တရားအားထုတ်လိုသော ဘာသာဝင်များအတွက် ရွေးချယ်ရန်အလွန် စည်းစနစ်ကျသော ရသေ့၊ ကိုရင်၊သီလရှင် ဂိုဏ်းမြောက်မြားစွာ ရှိခဲ့သည်။ လောကကို စွန့်ရန် အခြေအနေမပေး သောသူတို့အတွက် ရွေးချယ်စရာမရှိခဲ့ပါ။ ရုပ်လောကကို အခြေပြုလျက် သိပ္ပံနည်းကျစွာ ဖွဲ့စည်းတည်ဆောက်မှု အမြောက်အမြားရှိသောလည်း အားသစ်အဖြစ် ပေါ်ထွန်းလာသော သာမန်ဘာသာဝင်များကို စာရင်းမသွင်းခဲ့ပါ။

သာမန်ကက်သလစ်ဘာသာဝင်များ အတွက်သင့်လျော် မည့်စည်းစနစ်ကိုရှာဖွေ ပို့ချရန် လိုအပ်ကြောင်းကို ကျွန်ုပ်တို့သိမှတ်ခံယူခဲ့သည်။ သို့ဖြစ်၍ အပတ်စဉ်လုပ်ဆောင်အပ်သော လုပ်ငန်းစနစ်ကို လေ့လာမှတ်သားခဲ့သည်။ အများတို့က အပတ်စဉ်လုပ်ငန်းကို ဝတ်ကျေတန်းကျေသော ဆောင်ရွက်ကြောင်းတွေ့ရှိခဲ့သည်။ တရားအားထုတ်မှု ဂိုဏ်ကြီးများ၏ စည်းကမ်းများကို စံထားလုပ်ဆောင်သင့်ကြောင်း မှတ်သားခံယူခဲ့သည်။ စည်းကမ်းကို ဘယ်အတိုင်းအတာထိ လိုက်နာစေရပါသလဲ။ စည်းစနစ်ရှိသင့်သော်လည်း အလွန်အမင်း ကြပ်မတ်၍မရကြောင်း သဘောပေါက်ခဲ့သည်။ တရားအားထုတ်မှု ဂိုဏ်များနှင့် ရင်ဘောင်တန်းပြီးစည်းကန်းသေဝပ်မှု ရှိသင့်သည်။သို့သော် စည်းကမ်း၏ ကျေးကျွန် အဖြစ်မည်သူမျှခံယူမည်မဟုတ်ပါ။ သာမန်ဘာသာဝင်များ ကိုယ်တိုင် အလေးအမြတ်ခံယူ ဆောက်တည်ရပေမည်။

သို့ဖြင့် အသင်း၏သဘောထားပေါ်လွင်လာခဲ့သည်။ အသင်း၌စည်းစနစ်တိကျ ပြတ်သားရပေမည်။ သို့သောအားလုံးနာခံစောင့် ထိန်းနိုင်ရန် အထိုက်အသင့် ချောင်လည်မှုရှိရမည်။ ဝါသနာအမျိုးစုံ၊ ခံစားမှုမျိုးစုံ၊လုပ်ငန်းမျိုးစုံ ကွဲပြားခြားနားသည်ကို သိမှတ်ရန်လိုအပ်သည်။ အသင်းဝင်များက မြင့်မြတ်ရာတို့ကို ရည်းမှန်းလျက် စည်းကမ်းကို လွတ်လပ်စွာ ခံယူဆောက်တည်ရန် စည်းရုံးလှုပ်ရှားခဲ့ပါသည်။ (Fr. Michael Geadon first Spiritual Director of Concilium Legionis Mariae )

## ၃။ မာရီယားတမန်တော်အသင်း၌ အောင်မြင်ပြည့်စုံမှု

မာရီယားတမန်တော်အသင်းက အောင်မြင်ပြည့်စုံမှုကို အသင်းဝင်တို့၏အောင်နိုင်စွမ်းသို့မဟုတ်အားရကျေနပ်ဖွယ်တို့ကို အခြေပြုသတ်မှတ်ခြင်း မဟုတ်ပါ။ အသင်းဝင်တဦးချင်းက မာရီယားတမန်တော်အသင်း၏ စည်းစနစ်စီမံချက်ကို အတိကျနာခံ ဖေါ်ဆောင်မှု အပေါ်မူတည်လျက် အောင်မြင်ပြည့်စုံမှုအတိုင်းအတာကို အတွက်ချက်သတ်မှတ်ပါသည်။ မာရီယားတမန်တော်အသင်း၌တည် သူသည်အသင်း၏ စီမံညွှန်ကြားချက်များကို အကျွင်းမဲ့ခံယူဆောက်တည်ရပါသည်။

အသင်း၏ သဘောထားကို ဝိညာဉ်ရေးကတိကများနှင့် အသင်းအဖွဲ့ဥက္ကဌများက အသင်းဝင်များအားအစဉ်မပြတ်သတိပေးနိုးဆော်ရန်လက်စွဲစာအုပ်၌ ညွှန်ကြားထားပါသည်။ ဤအချက်ကို လူပုဂ္ဂိုလ်တိုင်းခံယူကျင့်သုံးနိုင်ပါသည်။ ပုဂ္ဂိုလ်တဦးအကျင့်ဝသီကွာခြားတတ်သော ကြောင့်အောင်နိုင်မှုသို့မဟုတ် အားရကျေနပ်မှုကို အားလုံးကတပြေးညီကျင့်နိုင်မည်မဟုတ်ပါ။ တိကျစွာနာခံဆောင်ရွက်ခြင်းကသာ အောင်မြင်ပြည့်စုံမှုကို ပေးဆောင်နိုင်ပါသည်။ အသင်း၏သဘောထားကို ခံယူကျင့်သုံးခြင်းဖြင့်ငြီးငွေ့မှု၊ အလုပ်တစုံတခုကို မလုပ်လိုခြင်း၊ အားငယ်ပြီးအရှုံးပေးခြင်း စသည့်ဆိုးကျိုးများကို ရှောင်ရှားနိုင်သည်။ ဖေါ်ပြဆိုးကျိုးများက နိပ်စက်သောကြောင့် အစသေခြာသောတမန်တော်လုပ်ငန်းအမြောက်အများပျက်စီးယို့ယွင်းခဲ့ပါသည်။

မာရီယားအသင်း၌ ပါဝင်လုပ်ရှားရာတွင် ရာထူးဌာနန္တရကြောင့်အောင်နိုင်ခြင်းမဟုတ်ပါ။ သဘာဝထက်မြတ်သော တရားတို့ကိုခံယူလျက် ဂုဏ်သိမ်သေးဖွဲ့သော အမှုတို့ကိုပင် မာရီယားအားထောက်ထားကါ သဒ္ဓါကြည်ညိုမှုဖြင့်လည်းကောင်း၊ ခွဲဝိရိယဖြင့်လည်းကောင်း၊ နာခံမှုစိတ်ထားဖြင့်လည်းကောင်း ကျွန်ုပ်တို့ကြိုးစားစွမ်းဆောင်ကြပါသည်။ ( Petit Traite' de Mariologe : Marianiste )

## ၄။ အသင်းဝင်များ၏ အဓိကလုပ်ငန်းတာဝန်

မာရီယားတမန်တော်အသင်းက အပတ်စဉ်စည်းဝေးပွဲကို အသင်းဝင်များ၏အဓိက လုပ်ငန်းတာဝန်အဖြစ်သတ်မှတ်ပြဋ္ဌာန်းပါသည်။ မှန်ဘီလူးကနေရောင်စွမ်းအားကို စုစည်းထိန်းချုပ်ပြီးမီးတောက်ကိုဖြစ်ထွန်းစေသည်။ ထိုနည်းတူစွာ မာရီယားတမန်တော်အသင်းဝင်များက စည်းဝေးပွဲမှ စုစည်းရရှိသောစွမ်းအားဖြင့် ရပ်တည်လှုပ်ရှားကြပါသည်။ သို့ဖြစ်၍စည်းဝေးပွဲအာနိသင်ကြောင့် မာရီယားတမန်တော်အသင်းရှင်သန်ပါသည်။ ဤစုစည်းမှုစွမ်းအားကို အကြည်ညိုပျက်လျှင် အသင်း၏ သွေးစည်းမှုပျက်ပြယ်မည်။ အသင်းဝင်များကလည်း အချည်းနှီးဖြစ်လိမ့်မည်။ တဖန်စည်းဝေးပွဲကို လေးစွာပါဝင် တက်ရောက်သည်နှင့် အမျှအသင်း၏ စွမ်းအားထက်မြက်လိမ့်မည်။

အသင်းဖွဲ့စည်းပုံနှင့် စည်းဝေးပွဲအရေးပါပုံတို့ကို မာရီယားတမန်တော်အသင်းတည်စကပင် ပထမဆုံးဝိညာဉ်ရေး ကထိက ဘုန်းတော်ကြီး မိုင်ကယ်ခရီဒန် ရေးသားခဲ့သောဩဝါဒ ကောက်နုတ်ချက် မှာယနေ့တိုင်အဓိပ္ပါယ်ရှိလှသည်။ စည်းဝေးပွဲကို အသင်း၏ ဗဟိုချက်မ အဖြစ်ဘုန်းတော်ကြီးကရှင်းလင်းမိန့်ကြားခဲ့သည်။

မာရီယားတမန်တော်အသင်း၌ အသင်းဝင်များက မိမိကိုယ်ကို စက်ကရိယာများတွင် လှုပ်ရှားနေသော ပီည့်(cog, pinion) အဖြစ်ကျေနပ်စွာ ခံယူဆောက်တည်ကြပါသည်။ စက်၌ရှိသော ပီည့်များနည်းတူ အသင်းဝင်များက အခြားအသာအသင်းဝင်များ ကိုင်ထောက်ပြီး မိမိတို့၏ လွတ်လပ်ခွင့် အချို့တို့ကို ဆက်ကပ်ကြသည်။ သို့အားဖြင့် စွမ်းပကါးမရှိ၍ဖြစ်စေ စိတ်ဝင်စားမှုမရှိသောကြောင့်ဖြစ်စေ အလဟဿနေမည့်အစား အရေးပါသောကိုယ်ထည်တခု၌ တခဲနက်ပါဝင်လှုပ်ရှား ခြင်းဖြင့် အဆတရာ အစွမ်းထက်ပါသည်။ ပုဂ္ဂိုလ်တဦးခြင်းက မိမိ၏အားနည်းချက်ကိုမဟုတ်၊ မိမိ၏စွမ်းပကါးကိုယ်စီတို့ဖြင့် စိတ်အားထက်သန်စွာ ဆက်ကပ်လှုပ်ရှားကြပါသည်။ ကျောက်မီးသွေးခဲများကိုရှုပါ။ မြေပေါ်မှာ ကြဲပျံ့နေလျှင် အရာမရောက်ပါ။ ဖိုထဲ၌ အသုံးခံခြင်းဖြင့် အလွန်ကြီးမားသောစွမ်းအားများကို ဖန်တီးနိုင်ကြပါသည်။ ဤအချက်ကို သင်ခန်းစာအဖြစ်မှတ်သင့်သည်။

တဖန် အသင်းဝင်များမှာ ဘဝကိုယ်စီရှိသော်လည်း သီးသန့် ထူးခြားသော အသင်းအဖွဲ့၌ စုစည်းပါဝင်ပြီး ခန္ဓာတခုအဖြစ် ပါဝင်ရှင်သန်ကြသည်။ လုပ်ငန်း၏ အလှ(သို့မဟုတ်)အရေးပါမှုတို့ထက် အသင်းအဖွဲ့၏တသားတည်း ဖြစ်မှုကို အားကျသဖြင့် အခြားသော ပုဂ္ဂိုလ်တို့က မာရီယားတမန်တော်အသင်းသို့ ဝင်ရောက်ရန်ဆွဲဆောင်မှုခံကြသည်။ အသင်း၏ကောင်းမြတ်သော အစဉ်အလာကြောင့် အသင်းဝင်များက သစ္စာရှိသည်။ အသင်းကို လေးစားစွာနာခံကြ သည်။ အသင်းကို အမြော်အမြင်ကြီးသော မိခင်တန်ခိုးကို မျှဝေခံစားကြသည်။ အသင်း၏ စိမ့်ညှိန်ကြားမှုကို ခံယူသော ကြောင့် ဆူးညှောင့် ခလုပ်ကံသင်းများကို ရှောင်ရှားကြရသည်။ စိတ်အားထက်သန်မှု လွန်ကဲခြင်းကြောင့် ဖြစ်ပေါ်သော အခက်ခဲများမှ ကင်းလွတ်ကြသည်။ အောင်မြင်မှုကြောင့်ဖြစ်ထွန်း တက်သော မာနဝင့်ကြွားမှုကို ကွေကွင်းကြသည်။ နှောင်းနေးမှုနှင့် သံသယတို့မှ ကင်းရှင်းကြသည်။ တည်းတည်းဖြစ် ရသော ခံစားမှုမှ လွတ်ငြိမ်းကြသည်။ အချုပ်ဆိုရလျှင် အတွေ့ကြုံခေါင်မှု ဒဏ်အပေါင်းတို့မှ ကင်းဝေးကြသည်။ မာရီယားတမန်တော်အသင်းက မွန်မြတ်သော စိတ်မ်ညွှန်ကြားသည်။ အသင်း၏ ချဲ့ထွင်မှု နှင့် တည်တန့်မှုအတွက် ရပ်တည်လုပ်ရှားသည်။ ( Fr. Michael Greedon first Spiritual Director of Concilium Legionis Mariae )

မာရီယားအသင်းဝင် ကျွန်ုပ်တို့က မိခင်အသင်းကို သုခနိုင်ငံ၌ စံပျော်တော်မူသော မယ်တော်မာရီယား၏ ကိုယ်ပွားအဖြစ်လည်းကောင်း၊ ကျွန်ုပ်တို့အလည်၌ တည်နေသော မယ်တော်၏ ရောင်ပြန်တော်အဖြစ်လည်းကောင်း ခံယူကြပါသည်။ အသင်း၌ တည်နေသူကျွန်ုပ်တို့အား မာရီယားက မိခင်ပမာ ရင်ခွင်၌ ပိုက်ထွေးပြီး၊ မယ်တော်၏သား သမီးများပီပြင်စွာ ယေဇူး၏ သဏ္ဌာန်တော်သို့ ကူးပြောင်းဝင်စားရန် မစတော်မူ၏။ ကျွန်ုပ်တို့၏ သက်သေခံရှင်သန်မှု ကို ထိရောက်စွာခံယူဆောက်တည်ရန် ဖေးမကူညီတော်မူ၏။ မယ်တော်၏ တွဲဖက်ကယ်တင်ခြင်းအမှု၌ အစွမ်းထက်စွာ ပါဝင်လုပ်ဆောင်နိုင်ရန် လက်တွဲခေါ်ဆောင်တော်မူ၏။ ကျွန်ုပ်တို့အတွက် မာရီယားအသင်း၏ အမှုအရေးနှင့် ရည်မှန်း ချက်တို့မှာ မယ်တော်၏ အမှုအရေးနှင့် ရည်မှန်းချက်များအဖြစ်တထပ်တည်း ခံယူကြပါသည်။ ( Petit Trastie' de Mariologie: Marianiste )

## ၅၊ ပရေစီဒီအုမ်၏ အပတ်စဉ်အစည်းအဝေးပွဲများ

မာရီယားတမန်တော်အသင်း ပရေစီဒီအုမ်းအဖွဲ့များသည်စည်းဝေးပွဲကို အပါတ်စဉ်ပုံမှန်ကျင်းပကြသည်။ အလွန်တန်ခိုးကြီးသောဆုတောင်းမေတ္တာများနှင့် ထိမိသောဘာသာရေးအသုံးအနှုံးများကို အသုံးပြုသည်။ စည်းဝေးပွဲ၌ ညီရင်းမောင်နှမ စိတ်ဓါတ်ဖြင့် အချင်းချင်း ပြောဆိုဆက်ဆံကြသည်။ အသင်းဝင်များက တပါတ်တာ လုပ်ဆောင်ရ မည့် လုပ်ငန်းများကို ချမှတ်သည်။ ယခင်ဆောင်ရွက်ခဲ့သော လုပ်ငန်းကိုယ်စီကို အစီရင်ခံ တင်ပြကြသည်။

အပတ်စဉ် ကျင်းပသော စည်းဝေးပွဲမှာ မာရီယားတမန်တော်အသင်း၏ အသည်းနှလုံးဖြစ်သည်။ စည်းဝေးပွဲမှ တဆင့် အသင်းအတွက် အရေးပါသော အသက်သွေးသည် အသင်း၏ သွေးကြောများအားလုံးသို့ ပျံ့နှံ့သည်။ စည်းဝေး ပွဲသည် အသင်းအတွက် အခြေခံလိုအပ်သော စွမ်းအားတို့ကို ဖန်တီးရာ ဌာနလည်းဖြစ်သည်။ စည်းဝေးပွဲ၌ အသင်းဝင် အားလုံးတို့က အလင်းနှင့်စွမ်းအားများကို ရရှိကြသည်။ စည်းဝေးပွဲသည် အသင်း၏ ဘဏ္ဍာတိုက်လည်းဖြစ်ပြီး အသင်းဝင်တို့၏ လိုအပ်ချက်များကို ဖြည့်စည်းပေးပါသည်။

စည်းဝေးပွဲ ကျင်းပသောအခါ မာရီယားတမန်တော်အသင်း အင်အားစုက တထူးတခြားစုဝေးလှုပ်ရှားသည်။ သို့စုဝေးသော အင်အားစုကြီးအလည်၌ ကတိတော်အတိုင်း အရှင်ဘုရားတည်ရှိသည်။ လုပ်ငန်းများအတွက် လိုအပ်သော သီးသန့် ဆုတော်တို့ကိုလည်း စည်းဝေးပွဲ၌ ခံယူရရှိသည်။ အသင်းဝင်များက တာဝန်သိစွာဖြင့် ဘာသာရေး စည်းစနစ်များကို စောင့်ထိန်းရန် ခွန်အားကိုယ်စီရရှိသည်။ ထာဝရဘုရား၏ အလိုတော်ဆန္ဒနှင့် မိမိတို့၏ တကိုယ်ရည် သန့်ရှင်း မြင့်မြတ်မှုတို့ကို ဦးစားပေးရန်လိုအပ်သော လုံ့ဆော်မှုများကို ခံယူရရှိသည်။ စည်းဝေးပွဲ၌ လိုအပ်သည့်တို့ကို နှီးနှောဆွေးနွေးပြီး အသင့်တော်ဆုံးနည်းလမ်းများကို ရှာဖွေဖေါ်ထုတ်ပါသည်။ ထိုနောက်ကိုယ်ကျိုးကို ငဲ့ထောက်ခြင်း မရှိပဲ လုပ်ငန်းတာဝန်များခွဲဝေခံယူကြသည်။

သို့ဖြစ်၍ အပတ်စဉ်စည်းဝေးပွဲသို့ မပျက်မကွက်တက်ရောက်ရေးကို အသင်းဝင်များက မိမိတို့၏ ပဓါနအကျဆုံးတာဝန်တ္တရားအဖြစ်သဘောထားခံယူကြရမည်။ စည်းဝေးပွဲသို့တက်ရောက်မှုကို ဘယ်အမှုအရာအမျှ အစားထိုးမဝင်နိုင်ပါ။ စည်းဝေးပွဲကို နာမ်ဝိညာဉ်အဖြစ် သဘောထားနိုင်ပါသည်။ နာမ်ဝိညာဉ်မပါပဲ ခန္ဓာကိုယ်ရှင်သန် နိုင်စွမ်းမရှိပါ။ လုပ်ငန်းအတွေ့အကြုံအားဖြင့် ကျွန်ုပ်တို့သိထားသည်မှာ စည်းဝေးပွဲသို့ မပျက်မကွက်တက်ရောက်ခြင်းမရှိလျှင် လုပ်ငန်းပိုင်းမှာ လျော့ရဲမှုရှိလာသည်။ စည်းဝေးပွဲတက်ရောက်ရန် တာရှည်ပျက်ကွက်လျှင် အသင်းဝင်အဖြစ်ကို တစပြီးတစ စွန့်လွှတ်သွားတတ်သည်။

မာရီယားနှင့် အတူချီတက်ခြင်းမရှိသူသို့ ရှင်ဩဂုတ်စတင်း၏ အဆိုအမိန့်တပုဒ်ကို သတိပေးထောက်ပြပါရစေ " Bene curris sed extra viam" "အဆွေအပြေးသန်လှပါ၏၊ သို့သော်ပြေးလမ်းကျောင်းလွဲမှားနေသည်" လမ်းဆုံးမှာ ဘယ်အရပ်သို့စိုက်ရောက်ပါမည်လဲ ( Petitalot )

# အခန်း (၁၂)
# မာရီယားတမန်တော် အသင်း၏ ရည်မှန်းချက်များ

## ၁။ အသင်းမှ ပြဌာန်းသော လက်တွေ့လုပ်ငန်း

မာရီယားတမန်တော်အသင်းက အသီးသန့် ရည်ရွယ်သော လုပ်ငန်းတစုံတရာမရှိပါ။ အသင်း၏ အဓိကရည်မှန်းချက်မှာ အသင်းဝင်ပုဂ္ဂိုလ်တိုင်း၏ သန့်ရှင်းမြင့်မြတ်ရေးပင်ဖြစ်သည်။ သို့သော် ရည်မှန်းချက်အောင်နိုင်ရေးအတွက် သဘာဝနည်းစနစ်များကို စနစ်တကျအသုံးပြုသည်။

(၁) စည်းဝေးပွဲသို့ အပတ်စဉ်တက်ရောက်ရန် စည်းကမ်းပြဌာန်းသည်။ ဆုတောင်းပဋ္ဌနာအရေးကြီးကြောင်းကို သိမှတ်သဖြင့် အရေးပါသော ရိုးရာဆုတောင်းမေတ္တာ စိတ်ပုတီးမေတ္တာနှင့် အသင်း၏ သီးသန့်မေတ္တာတို့ကို စည်းဝေးပွဲ၌ ရွက်ဆိုပါသည်။ ဆုတောင်းမေတ္တာများက အသင်း၏ သဘောထားကို လက်တွေ့ဖေါ်ဆောင်သည်။

(၂) အသင်း၏ သဘောထားကို အခြေခံပြီး စေတမန်အသိစိတ်ဓါတ်ကို လေ့ကျင့်ပျိုးထောင်သောအားဖြင့် ပတ်ဝန်းကျင်သို့ ထွက်ရောက်လေ့လာရန်မှာကြားသည်။ ပြင်ပသို့လက်တွေ့ ရောက်ရှိသောအခါ ပင်ကိုယ်သဘာဝစွမ်းအားများက နိုးကြွလာသည်။ သဘာဝအားဖြင့် လူပုဂ္ဂိုလ် မိမိဝန်းကျင်တွင် ဖြစ်ရှိနေသမျှကို ဝေခွဲချင့်ချိန်သည်။ ဖြစ်သင့်သည်တို့ကို ဖြစ်ရှိလာစေရန်နှင့် မတော်မလျော်သည်တို့ကို ပပျောက်စေရန်မေတ္တာစေတနာဖြင့် အကျိုးဆောင်တက်သည်။ ထိုသဘာဝစွမ်းအားထက်မြတ်စေရန် မာရီယားတမန်တော်အသင်းမှ ကူထောက်လေ့ကျင့်ပေးပါသည်။ တမန်တော်အသိစိတ်ဓါတ် ရှင်သန်ထက်မြက်ရေးအတွက် အစွမ်းအထက်ဆုံးနည်းလမ်းမှာ လက်တွေ့ခံယူလှုပ်ရှားရေးပင်ဖြစ်သည်။ အပတ်စဉ် ပရေစီဒီအုမ်အဖွဲ့ စည်းဝေးပွဲတင် အသင်းဝင်များအတွက် လုပ်ငန်းတာဝန်များကို ခွဲဝေသတ်မှတ်ပေးပါသည်။

အသင်းဝင်များက ချမှတ်ပေးသော လုပ်ငန်းတာဝန်ကို နာခံမှုစိတ်ထားဖြင့် ဆောင်ရွက်ရန်ပါသည်။ ချွင်းချက်အဖြစ် အသင်းဝင်တို့က သီးခြားဆောင်ရွက်သော မည်သည့်လုပ်ငန်းကိုမဆို ပရေဆီဒီအုမ် စည်းဝေးပွဲ၌ အတည်ပြုလက်ခံနိုင်ပါသည်။ လက်တွေ့အားဖြင့် ပတ်ဝန်းကျင်အတွက် အလိုအပ်ဆုံးသော အရာတို့ကို ဦးစားပေးလုပ်ဆောင်စေပါသည်။ စိတ်စွမ်းအားပူလောင်တက် ကြွနေနိုင်ရေးအတွက် သင့်လျော်သော ရည်မှန်းချက်ပန်းတိုင်ကို စီစဉ်ပြသရန်လိုအပ်သည်။ သာမန်အားဖြင့် အသင်းဝင်များက လွန်စွာစိတ်အားထက်သန်နေတတ်သည်။ အများအကျိုးအတွက် အစွမ်းကုန် ကြိုးစားရန်ဆန္ဒ ပျင်းပျတတ်သည်။ ခရစ်တော်ယေဇူး၏ မေတ္တာတော်ကို အပြည့်အဝ တုန့်ပြန်ပေးစပ်လိုကြသည်။ ယေဇူး၏ စတေးခံပူဇော်မှုအတွက် မိမိတို့၏ သွေးချွေးကိုပင် ဆက်ကပ်ပူဇော်လိုကြသည်။ ယင်းအခြေအနေမျိုးတွင် အရေးမပါသေးနုပ်သော လုပ်ငန်းများကို ချမှတ်ပေးပါက၊ အသင်သားများ၏ ဇွဲအားမာန်ကို အညွန့်ချိုးဖျက်ဆီးရာ ကျလိမ့်မည်။ သို့ပြုခြင်းကြောင့် အသင်းဝင်များက စိတ်သိမ်ဖျင်းပြီး ဖြတ်လမ်းကိုသာလိုက်တတ်လိမ့်မည်။

ထို့ကြောင့် လုပ်ငန်းပြဋ္ဌာန်းရာမှာ တင့်တယ်လျောက်ပတ်ပြီး ဂုဏ်သိက္ခါရှိသော လုပ်ငန်းမျိုးကိုချမှတ်ပေးသင့်သည်။

"ကျွန်ုပ်ကို ထာဝရဘုရားက လွယ်ကူစွာ ဖန်ဆင်းတော်မူ၏။ သို့သော် ကျွန်ုပ်ကို အသစ်တဖန်ပြုပြင်ဖန်ဆင်းရာတွင် အလွန်ခက်ခဲစွာ စီမံဆောင်ရွက်တော်မူ၏။ နှုတ်ကပတ်တော် အမိန့်တခွန်းတည်းဖြင့် ရိုးအေးစွာ ဖန်ဆင်းတော်မူ၏။ ကျွန်ုပ်ကို ဆန်းသစ်ပြုပြင်ရာတွင် နှုတ်ကပတ်တော်စကားများစွာ မြွက်ကြားတော်မူ၏။ အံ့ဖွယ်တန်ခိုးများစွာ ပြုတော်မူ၏။ ကျွန်ုပ်အတွက်များစွာ ခံထမ်းတော်မူ၏။" (ရှင်ဘားနဒ်)

## ၂။ အသင်း၏ ပဓာန ရည်မှန်းချက်မှာ အသင်းဝင်များက လူသားများအလည်၌ တဆေးသဖွယ် သက်သေခံရှင်သန်ရေးဖြစ်သည်

အသင်းဝင်များက အပတ်စဉ် လုပ်ဆောင်သော သီးသန့် လုပ်ငန်းများက အရေးပါအဖိုးတန်သော်လည်း လုပ်ငန်းများက အသင်း၏ ရည်မှန်းမဟုတ်ပါ။ အသင်းဝင်များ၏ သက်သေခံစေတမန် အသိစိတ်ဓါတ်ရှင်သန်ထက်မြက်ရေးမှာ အသင်း၏ ပဓာနရည်မှန်းချက်ဖြစ်သည်။ အသင်းဝင်များက အပတ်စဉ်လေးငါးနာရီ အထိ အချိန်ပေးလုပ်ဆောင်တက်သည်။ အလုပ်လုပ်ခြင်းက အရေးမကြီးပါ အသင်းဝင်များက မိနစ်တိုင်း နာရီတိုင်းမှာထားရှိအပ်သော အခြေခံသဘောထားက မွန်မြတ်ရပါသည်။ သက်သေခံ စေတမန်အသိစိတ်ကို မာရီယားတမန်တော်အသင်းကမိမိ၏ မီးပုံဝိုင်း၌ စတင်ထွန်းညှိပေးပါသည်။ ယင်းအသိစိတ်တောက်ပြောင်ရေးမှာ အသင်းဝင်တဦးချင်း၏ စိတ်ထားပေါ်မူတည်သည်။ အသင်းက ထွန်းညှိပေးသော မီးတောက်ဝင်းထိန်လျှင် အလွန်တန်ခိုးကြီးသော စွမ်းအားတရပ်ဖြစ်ထွန်းသည်။

သက်သေခံစေတမန် အသိစိတ်က လူ့နှလုံးသားသို့ ဆရာသခင်အဖြစ် ဝင်ရောက်လူပ်ရှားသည်။ အတွေးအမြင်၊ အပြောအဆို၊ အကျင့်အကြံအားလုံးကို ပဲ့ကိုင်ကြီးစိုးသည်။ အချိန်အခါနေရာဌာန စသည့်ကန့်သတ်ချက် တစုံတရာမရှိပါ။ စိတ်အလွန်သိမ်သော ပုဂ္ဂိုလ်သို့မဟုတ် အစွမ်းအစ မရှိသော ပုဂ္ဂိုလ်ပင်လျှင် စိတ်အားထက်သန်ပြီး သူတပါးတို့ကို စွဲအောင်နိုင်စွမ်းရှိလာတတ်သည်။ ဤ အချက်ကို အများတို့က အတွေ့ကြုံမှတ်သားမိသည်။ ထို့ကြောင့် စစ်ရေး၌ ဗိုလ်ချုပ်တို့က အချက်အခြာကျသော နေရာများကို ဦးစားပေးစီမံညွှန်ကြားသည့် နည်းတူ၊ မာရီယားတမန်တော်အသင်းက အိုးအိမ်၊ ဈေးဆိုင်၊ အလုပ်ရုံ၊ စက်ရုံ၊ စာသင်ကျောင်း၊ ရုံးဌာန စသည်တို့အပြင် အပန်းဖြေအနားယူရာ ဌာနပါမကျန်အသင်းဝင်များ အသက်ရှင်ကျက်စား ရာနေရာဌာနများအဖြစ် အလေးအမြတ်ကြည့်ရှုစောင့်ရှောက်ရန်ကြိုးစားသည်။

အသရေ ရှုတ်မှုနှင့် ဘာသာတရားကင်းကွာမှု ရှိသောနေရာဌာနများ၌ပင် မာရီယားတမန်တော်အသင်းဝင်များက ဒါဝိဒ်၏ ရဲတိုက်ပမာ အကောင်းဘက် ရပ်တည်ရှင်သန်နိုင်ပါသည်။ ဒါဝိဒ်၏ရဲတိုက်နှင့် ညီမျှသော စွမ်းအားကို အပြစ်ဒုစရိုက်နှင့် မကောင်းဆိုးရွားတို့က တာရှည်တင်းခံနိုင်စွမ်းမရှိပါ။ အသင်းဝင်များက အပြစ်ဒုစရိုက်နှင့် အခြားသောစရိုက်ဆိုးတို့ကို ခုခံတွန်းလှန်မည်ဖြစ်သည်။ ဝမ်းနည်းကျေကွဲပြီး ဆုတောင်းမေတ္တာ ပို့ကြလိမ့်မည်။ စိတ်အားထက်သန်စွာနည်းလမ်းရှာဖွေလျက် မနားမနေဆန့်ကျင်တိုက်ဖျက်ကြလိမ့်မည်။ ကောင်းမှုသုစရိုက်သာ အဆုံးမှာအောင်မြင်ကျော်လွှားပါလိမ့်မည်။

မာရီယားတမန်တော်အသင်းက မာရီယားအားဝန်းရန်လျက် ဝတ်ပြုဆုတောင်းရန် အသင်းဝင်များအားစုစည်းစေသည်။ ထို့နောက် မာရီယားနှင့်တသားတည်းခံယူပြီး ဒုစရိုက်နှင့်ဝမ်းနည်းကျေကွဲမှုကြီးစိုးသော လောကအလည်၌ကောင်းမှုကုသိုလ်ပြုရန်စေလွှတ်သည်။ သက်သေခံ လှုပ်ရှားစဉ် ကရုဏာမီးကျွမ်းလျက် ပိုမိုကြီးမြတ်သော လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ရန်အားပေးနှိုးဆော်သည်။ တဖန်လမ်းကျဉ်း၊ လမ်းကျယ်၊ လမ်းမကြီးများ၌တွေ့မြင်နေရသော အခက်အခဲပြဿနာကြီးငယ်တို့ကို အကြောင်းပြုပြီး ဘုန်းအသရေတိုးပွားမည့်လုပ်ငန်းဆောင်တာတို့ကို ဖေါ်ဆောင်ပေးသည်။

ကန့်သတ်အရေအတွက် အင်အားစွမ်းဖြင့် ကြီးမားသောအောင်မြင်မှုများကို စွတ်ခူးနိုင်ကြောင်း ကျွန်ုပ်တို့သိမှတ်ပါသည်။ အသင်းအင်အားမှာလည်း ကန့်သတ်မှုမရှိတိုးချဲ့နိုင်ကြောင်းကိုလည်း ယုံကြည်အားထားပါသည်။ ကက်သလစ်သာသနာအတွက် ကမ္ဘာ့အလည်၌ အလွန်အစွမ်းထက်သော အင်အားစုအဖြစ် ရပ်တည်လှုပ်ရှားနိုင်ရန်မိမိ၏ အမည် လေဂျင်နှင့် အညီအသင်းဝင်ဦးရေတိုးပွားလျက် ဧဝံဂေလိကျမ်း၌ ဖေါ်ပြပါရှိသော မကောင်းဆိုးရွားလေဂျင်အင်အားစုကို နှိမ်နင်းအောင်နိုင်ရန် မာရီယားတမန်တော်အသင်းက ရည်သန်လျက်ရှိသည်။

ဝတ်ပြုဆုတောင်းပြီး လက်တွေ့လုပ်ဆောင်နေသော အင်အားစု၊ အရံအသင်းဝင် အဖြစ်အကျိုးဆောင်နေသော အင်အားစုနှင့် အသင်း၏ အကျိုးဆောင်မှုကိုခံလျက် ရှိသော အင်အားစု တည်းဟူသောအင်အားစုသုံးရပ်တို့၏ နီးကြားတက်ကြွမှုစွမ်းအားကြောင့် ကက်သလစ်သာသနာအတွင်း စိုပြေလန်းဆန်းနိုင်ပါသည်။ ရဟန်းပိုင်စီရင်စုများ၌ လျစ်လျူရှုနေသူများ နှင့် ဝတ်ကျေတန်းကျေရှင်သန်နေသူများတို့သည် သာသနာတွင်း၌ နိုးကြားတက်ကြွစွာပါဝင်လာနိုင်ဖွယ်ရှိပါသည်။ ကျေးရွာ၊မြို့နယ်၊ ပြည်နယ်၊နိုင်ငံစသည် အထိစိုပြေလန်းဆန်းမှုကို ဖန်တီးနိုင်စွမ်းရှိပါသည်။ သာမန်ဘာသာဝင်များက အမည်ခံသာမဟုတ်ပဲ သာသနာအတွင်း၌ အစွမ်းထက်သောပုဂ္ဂိုလ်များအဖြစ်ရပ်တည်ရှင်သန်ကြလိမ့်မည်။ တိုက်ရိုက်လှုပ်ရှားသည်ဖြစ်စေ၊ ရဟန္တာသူမြတ်တို့၏ အစုမှတဆင့်ဖြစ်စေ၊ ကမ္ဘာမြေအဆုံးတိုင်အစွမ်းတန်ခိုးပေါက်မြောက်နိုင်သည်။ အမှောင်ဖေါက်ထွင်းပြီး အလင်းဆောင်နိုင်ပါသည်။ ဤသို့ အဘထာဝရဘုရားအတွက် အများလူသားတို့ အလည်၌ သက်သေခံရှင်သန်ခြင်းကို တင့်တယ်သောစိတ်ကူးယဉ်အဖြစ်သာမှတ်ယူပါမည်လား၊စိတ်ကူးယဉ်သက်သက်မဟုတ်ပါ။ ယနေ့ကမ္ဘာတွင် ဖြစ်နိုင်ချေရှိပါသည်။ ကျွန်ုပ်တို့မော်ကြည့်လျက် လက်အုပ်ချီရန်သာ လိုအပ်နေပါသည်။

"မှန်ပါသည်။ သာမန်ဘာသာဝင်များမှာ ရွေးကောက်ခေါ်တော်မူသော လူမျိုးစုနှင့် ဘိသိက်ခံထားသော ရဟန်းနွယ်စုဖြစ်ကြသည်။ လောကအလည်မှာ ဆားသဖွယ်အကျိုးဆောင်ကြရသည်။ လူသားအားလုံးရှေ့အလင်းကို လည်းဆောင်ကြသည်။ ဧဝံဂေလိတရားတော်ကို မိမိတို့ဘဝကိုယ်စီ၌ လက်တွေ့ကျင့် သုံးရန်လည်းကောင်း၊ လောကီအနိဋ္ဌာရုံထဲသို့ တဆေးပမာဝင်ရောက်ကါ သက်သေခံ လှုပ်ရှားရန်လည်းကောင်း အဖထာဝရဘုရားက ရွေးကောက်စေလွှတ်ထားပါသည်။ လုပ်ငန်းတာဝန်ကိုလည်း ပေးဆောင်ထားပါသည်။ ကမ္ဘာမြေမှာ ငြိမ်းချမ်းရေး၊ သိပ္ပံ၊ နည်းပညာ၊ရိုးရာယဉ်ကျေးမှုနှင့် အနုပညာ၊ ပညာရေးစက်မှုလက်မှုလုပ်ငန်း စသည့်အင်အားစုများက အခန်းကဏ္ဍအလျောက်ဖေါ်ဆောင်နေကြသည်။ အင်အားစု အသီးသီးတွင် ကက်သလစ်ဘာသာဝင်များက ဂုဏ်သိက္ခါရှိစွာပါဝင် လုပ်ဆောင်နေကြသည်။ သာမန်ကက်သလစ်ဘာသာဝင်များက ယေရှု၏ တပည့်စစ်အဖြစ်ခံယူကျင့် သုံးပြီး သက်ဆိုင်ရာ လုပ်ငန်း အသီးသီး၌ ကျွမ်းကျင်မှု ရှိထားလျှင် ကမ္ဘာ့ အင်အားစုများအတွင်းမှ ခရစ်တော်ယေရှု၏ အစွမ်းတန်ခိုးဖြင့် လူ့လောကကို အကျိုးဆောင်ကြပါလိမ့်မည်။ " ( အိုင်ယာလန်နိုင်ငံ လစ်မရစ်မြို့၌ ၁၉၇၉ အောက်တိုဘာလ ပုပ်ဂျွန်ပေါလ်–၂ မိန့်ခွန်းကောက်နုတ်ချက်)

## ၃။ သွေးစည်းညီညွတ်မှု ဖန်တီးသောအင်အားစု

"ဘုရား၏ နိုင်ငံတော်နှင့် ဖြောင့်မတ်သန့်ရှင်းရေး အတွက်ဦးစွာ ပထမ ရှာကြံအားထုတ်ပါ။" ဟူသောယေရှု၏ အမိန့်တော် နာခံရေးကို မာရီယားတမန်တော်အသင်းက မိမိ၏ လုပ်ငန်းတာဝန်အဖြစ်ခံယူကါ အချိန်ပြည့်ကြိုးစားစွမ်းဆောင်နေပါသည်။ တချိန်တည်းမှာပင်၊ " ကျန်ရှိသော အရာအားလုံးအောင်မြင်ပြည့်စုံလိမ့်မည်။ " ဟူသောအမိန့်တော်ဆက်ကိုလည်း အမှတ်သတိရှိပါသည်။ (မဿဲ ၆း၃၃ )

ဥပမာ– မာရီယားတမန်တော်အသင်းက လူမှုပိုင်းမှာလည်း အကျိုးဆောင်ပါသည်။ သို့ဖြစ်၍ မာရီယားတမန်တော်အသင်း သည်မိမိတည်ရှိရာ နိုင်ငံတိုင်း၌ အရေးပါသော အရင်းအမြစ်ဖြစ်သည်။ အသင်း၏ရပ်တည်ရှင်သန်ခြင်းက အများအကျိုးကိုသည် ပိုးဆောင်ရွက်နေပါသည်။

စက်ယန္တရားများချောမွေ့ပြေပြစ်စွာလည်ပတ်နိုင်ရန်၊ စက်ပစ္စည်း အစိတ်အပိုင်း အားလုံးက ညီညွတ်စွာလှုပ်ရှားကစားကြရသည်။ လူမှုအဖွဲ့အစည်းများမှာလည်း စက်ယန္တရားများနှင့် အသွင်တူကြသည်။ စက်ပစ္စည်းအစိတ်အပိုင်းများနည်းတူလူမှုအဖွဲ့အစည်း၌ ပြည်သူတဦးချင်းက မိမိ၏ လုပ်ငန်းတာဝန်ကိုယ်စီဖြင့် တင်းမာမှုရှောင်ကါ ရှင်သန်လှုပ်ရှားရပါသည်။ အစိတ်အပိုင်းတခုက စည်းလွတ်ဖေါက် ပြန်သောအခါ ယန္တရားတခုလုံးချို့ယွင်းသွားပါသည်။ အခြားသော အစိတ်အပိုင်းအားလုံး ထိခိုက်ပျက်စီးသောအခါ ယန္တရားတခုလုံးရပ်တန့်သွားတတ်သည်။ ချို့ယွင်းသောပီညံ့အစိတ်အပိုင်းကို ရှုတ်တရက်ရှာဖွေတွေ့ ရှိရန် ခက်ခဲတတ်သည်။ ပျက်စီးမှု အတိုင်းအတာကိုလည်း ခန့်မှန်း၍မရတတ်ပါ။

ယင်းအခြေအနေမျိုးတွင် လုပ်ရိုးထုံးစံရှိသည့်အတိုင်း သက်ဆိုင်ရာတို့က ညှိနှိုင်း အဖြေရှာကြရသည်။ လျှပ်တပျက် အဖြေက လိုအပ်သလို အင်အားသို့မဟုတ်ငွေကြေးကို သုံးရပါသည်။ စက်ယန္တရားချို့ယွင်းပျက်စီးသော အခါ ဆိုးကျိုးများဆက်တိုက်ဖြစ်ပေါ်တတ်သည်။ အနာအဆာ သို့မဟုတ် ဒဏ်ကျန်ရစ်သည်။ လူပုဂ္ဂိုလ် များကတာဝန် သိစွာနှင့် စေတနာပြည့်ဝစွာ တာဝန်ကျေပွန် ကြသော်လည်း မူလကအတိုင်း ချောမွေ့ပြေပြစ်စွာ လည်ပတ်နိုင်မည်မဟုတ်တော့ပါ။ သူတို့က အနစ်နာခံမှု၊ ဆင်းရဲချို့တဲ့မှု၊ အားမလိုအားမရဖြစ်မှုနှင့် သုခကင်းမှု ဒဏ်တို့ကို ခါးစည်းလျက်ခံ ကြရသည်။ အဆုံးရလဒ်မှာ အခက်အခဲပြဿနာ၊ ရှုပ်ထွေးမှုနှင့် အရေးပေါ်အခြေအနေ စသည့်တို့ဖြစ်ပါသည်။

ယနေ့ ကမ္ဘာတွင် စည်းစနစ် အကောင်းဆုံးနိုင်ငံများမှပင် လူသားအများက တကိုယ်ကောင်းဆန်ကြသည်။ အမုန်းပွားမှုကြောင့် လူပုဂ္ဂိုလ် အမြောက်အမြားက အဖျက်အင်အားစု အဖြစ်ရှင်သန်နေကြသည်။ ရှေးအဆိုအမိန့်တရပ် မှန်ကန်ကြောင့် ကိုနေ့စဉ်သတင်းဖြစ်ရပ်များ ကသက်သေခံလျက်ရှိသည်။ အဆိုအမိန့်ဟူမှု “ ဘုရားတရားကိုကျောခိုင်းသော အရာသတ္တဝါအားလုံး တို့ကို ပြစ်မှားစော်ကားရန် ဝန်မလေးပါ။ လူပုဂ္ဂိုလ်တို့ကို လည်းကောင်း ကောင်းကင်နှင့် မြေပြင်ပေါ်ရှိသမျှတို့ကို မထေမဲ့မြင်ပြုတတ်သည်။ ( Brian O' Higgins )

နိုင်ငံဆိုသည်မှာ ပြည်သူတို့၏ အစုအချုပ်ဖြစ်သည်။ ပြည်သူတို့ ကောင်းမြတ်လျှင် နိုင်ငံမြင့်မြတ်မည်။ ပြည်သူတို့က ချစ်ကြည်သင့်မြတ်ပြီး မေတ္တာပွားလျှင် နိုင်ငံသာယာမည်။ ပြည်သူတို့က သဘောထားအမြင်ကြည်လင်လျှင် နိုင်ငံတိုးတက်ဖွံ့ဖြိုးမည်။ ဤသို့မဟုတ်ပဲ ကိုယ်ကျိုးငဲ့သော အမုန်းပွားသော ကြည်လင်သင့်မြတ်မှုမရှိသောပြည်သူတို့ဖြစ်ကြလျှင် ထို နိုင်ငံအတွက် ရင်မောစရာမဟုတ်လား။

ဘုရားတရားမဲ့သော လိုအပ်လျှင် ကိုယ်ကျိုးစွန့်တတ်သော မေတ္တာပွားပြီး ကောင်းမြတ်ရာတို့ကိုသာကျင့်ကြံအားထုတ်သော ပြည်သူတို့က အမုန်းဒိဋ္ဌ ချေမ်းသာယာသော နိုင်ငံကိုတည်ငြိမ်စွာ ဖေါ်ဆောင်တည်ဆောက်နိုင်မည်မဟုတ်လား။ ဤသို့ဖြစ်မြောက်လျှင် ကြီးမားသော အနာအဆာများပြေပြောက်လိမ့်မည်။ ပြည်သူတို့၏ ဘဝသည်လည်းကောင်း မွန်မြတ်လိမ့်မည်။ တပါးသောနိုင်ငံတို့၏ စွက်ဖက်မှုလည်းကင်းရှင်းမည်။ ပညတ်ကျင့်ဝတ် မြဲမြံပြီး အများတကါတို့ အတွက် အလင်းဆောင်နိုင်သော ပြည်သူများမဖြစ်သင့် ပြီလား။

ဤ မည်သော ကျင့်စဉ်နှင့် သဘောထားတို့ကို ပိုက်ထွေးကါ မာရီယားတမန်တော်အသင်းသည် သာမန်ကက်သလစ် ဘာသာဝင်များအလည်၌ ထယ်ဝါစွာ ရပ်တည်ရှင် သန်နေပါသည်။ အသင်း၏မူ သဘောထား မှာဘုရားတရားနှင့် ပညတ်ကျင့် ဝတ်တို့ကို အခြေခံသောကြောင့် ဖေါက်ပြန်လိမ့်မည် မဟုတ်ပါ။ စိတ်ကူးယဉ်သက်သက်မဟုတ်ပဲ မုချဖြစ်ရှိနိုင်သော မူဝါဒဖြစ်ပါသည်။ အသင်းဝင်များအား ကိုယ်ကျိုးစွန့်တတ်သော အမူအကျင့် အမုန်းရှောင်ပြီးမေတ္တာပွားသောစိတ်ထား၊ လိုအပ်လျှင်စွန့်စား လိုသော သတ္တိ စသည့်ကောင်းမြတ်ရာတို့ကို လေ့ကျင့်စေပါသည်။ စစ်မှန်သော ကောင်းမြတ်ရာတို့သည် အငွေ့ပြန်ပျောက်ပျက်ရိုးထုံးစံမရှိပါ။

ါတို့ကသိဆိုလျှက်ရှိသည်။ ဘာသာတရားမြဲမြံပြီးမျိုးချစ်စိတ်ဓာတ်ပြည့်ဝကြောင်းကိုဘယ်သူမျှမငြင်းနိုင်ပါ။

ယနေ့ကမ္ဘာတွင်ဇူဇယ်တို့မိသားစုကိုတိုင်းနိုင်ငံအားလုံး၌လူမျိုးစုအားလုံးတို့ကစံနမူနာအဖြစ်ခံယူဆောက်တည်နေသည်။ ဆေးကြောခြင်းမင်္ဂလာခံယူထားသောပုဂ္ဂိုလ်တိုင်းကမိမိအမျိုးအဆွေတို့တက်သူတပါးတို့၏အကျိုးကိုဦးစားပေးခြင်တက်ပါသည်။ ဒုတိယဗာတီကန်ညီလာခံကာလမှစ၍ကက်သလစ်သာသနာကမိမိကိုယ်ကိုယေရှူး၏မြတ်သောခန္ဓာတော်ဟုစတင်ဖော်ပြခဲ့သည်။ သို့ဖြစ်၍ကက်သလစ်သာသနာတည်ရှိရာဌာနအားလုံးတွင်မာရီယား၊ဇူဇယ်တို့ကဝင်ထွက်လှုပ်ရှားနေပါသည်။

ကက်သလစ်ဘာသာဝင်များကမာရီယားနှင့်ယေရှူးနည်းတူမိမိတို့နေထိုင်ရာဝန်းကျင်တိုးတက်ဖွံ့ဖြိုးရေးအတွက်အတတ်နိုင်ဆုံးကြိုးစားလုပ်ဆောင်ကြသည်။ အမှုအရာအားလုံးတို့ကိုမိမိတို့၏အမှုအရေးအဖြစ်ခံယူလုပ်ဆောင်ကြသည်။

တာဝန်လစ်ဟင်းမှုမရှိစေရန်အမြဲကြိုးစားကြသည်ဇဝံဂေလိကျမ်းများ၌ယေရှူးနှင့်မာရီယားတို့က တာဝန်ပေါ့ဆကြောင့်အထောက် အထားလုံးဝမရှိပါ။ကျွန်ုပ်တို့အလယ်၌ယေရှူးနှင့်မာရီယား ရှိလျှင်စားဝတ်နေရေးများ စ၍အစစအရာရာပြေလည်နိုင်ပါသည်။တင်းမာမှုပြဿနာများလည်းလျော့နည်းနိုင်ပါသည်။သမိုင်းအစဉ်အဆက်တည် ရှိခဲ့သောမည်သည့်လူမှုဒဿနစနစ်မျှဇဝံဂေလိလမ်းတော်ကိုမှီနိုင်စွမ်းမရှိပါ။



[redacted]

ပြည်ချစ်၊မျိုးချစ်ဟူသောအကြောင်းအရာကိုလူအများတို့ကငြင်းခုန်နေဆဲရှိပါသည်ဘာသာထုံးဓလေ့နှင့်အညီလူ"ခုနှစ်"ဦးဆုံမိလျှင်အတွေး"ခုနှစ်"မျိုးထွက်တက်သည်။အတွေးအမြင်ကိုအစွဲထားလျှင်ငြင်းခုန်တတ်ကြသည်မျိုးချစ်ပြည်ချစ်တို့ကအတုယူနိုင်ရန်မြေပုံ(သို့မဟုတ်)စံမူနာတစုံတရာမရှိပါ။အနီးစပ်ဆုံးသဘောတရားတစ်ခုကိုစစ်ဖြစ်သောအခါတွေ့ရှိနိုင်ပါသည်စစ်ဆိုသည်မှာအပြန်အလှန်မုန်းတီးမှုနှင့်ဖျက်စီးမှုတို့ကိုဦးစားပေးပါသည်။

စစ်ဖြစ်ပွားသောအခါမေတ္တာဂရုဏာပွားမှုအတွက်လုံးဝနေရာမရှိပါအတက်နိုင်ဆုံးသတ်ဖြတ်ဖျက်ဆီးမှုကိုသာဦးစားပေးပါသည်။ထို့ကြောင့်ပြည်ချစ်မျိုးချစ်နှင့်စပ်လျဉ်း၍အပြုမြင်အကျိုးဆောင်နည်းကိုကျွန်ုပ်တို့ရှာဖွေသိမှတ်ရန်လိုအပ်သည်။

မယ်တော့်တမန်တော်အသင်းကပြည်ချစ်မျိုးချစ်တို့နှင့်စပ်လျဉ်း၍လက်စွဲပြုသောစာအုပ်ကောင်းတစ်အုပ်ရှိထားပါသည်။အလိုရှိလျှင်"ဒါဗလင်ဌာနချုပ" "Concilium"ထံသို့စာရေးမှာယူနိုင်ပါသည်။မယ်တော်တမန်တော်အသင်း၏အဓိကရည်မှန်းချက်မှာဝိညာဉ်ပိုင်းဆိုင်ရာဖွံ့ဖြိုးမှုဖြစ်သည်။သို့သော်လူဆိုသည်မှာကိုယ်စိတ်နှလုံးသုံးပါးပါရှိသောကြောင့်လူနှင့်သက်ဆိုင်သမျှတို့ကိုမယ်တော်တမန်တော်အသင်းကစုံလင်စွာထည့်သွင်းစဉ်းစားပါသည်။လုပ်ဆောင်သမျှတို့၌ဝိညာဉ်ပိုင်းဆိုင်ရာတို့ကိုအဓိကရည်ညွှန်းဆောင်ရွက်သော်လည်းရုပ်ပိုင်းဆိုင်ရာတို့ကိုလည်းထည့်သွင်းစဉ်းစားပါသည်။ရုပ်ပိုင်းဆိုင်ရာတို့ကိုဦးစားပေးဆောင်ရွက်လျှင်မှားယွင်းနိုင်ကြောင့်ကိုကာဒိနယ"နူးမန်း"ကရှင်းလင်းဖော်ပြခဲပါသည်ဝိညာဉ်ပိုင်းစိတ်ပိုင်းတို့ကိုကျောခိုင်းပြီးရုပ်ပိုင်းဖွံ့ဖြိုးတိုတက်မှုကိုသာဆောင်ရွက်လျှင်လူသားများတို့အတွက်အကျိုးဆုတ်ယုတ်ဖွယ်ရှိပါသည်။မဟာအမှားဖြစ်လိမ့်မည်။ဓမ္မစစ်မျိုးချစ်ပြည်ချစ်ဟူသောသဘောတရားကိုကျွန်ုပ်တို့လေ့လာဖော်ဆောင်ရလိမ့်မည်။ယခုဆက်လက်ပြီးအထက်တွင်ဖော်ပြခဲ့သော"ဓမ္မစစ်မျိုးချစ်ဟူသည"စာအုပ်မှအရေးဟုသောစာပိုဒ်အချို့တို့ကိုဖော်ပြလိုက်ပါသည်။

အင်္ဂလိပ်စာဆိုတော် Tenayson ရေးသားခဲ့သောKing Aruthur and his round table ကဗျာ၌အောက်ပါအတိုင်းဖော်ပြပါရှိပါသည် "Drew the knight erronthod of his realm:and all the realms:tagether in that Order of his Table Round: a glarious company, the flower of men:to some as madel for the mighty world:and be the jair beginning of a time."ဒဏ္ဍာရီ တွင် အာသာဘုရင်က မိမိနိုင်ငံတွင်ရှိသမျှ သူရဲကောင်းတို့ကိုစုစည်းပြီးစားပွဲဝိုင်းဟူ၍သီးသန့်အဖွဲ့အစည်းတစ်ရပ်ကိုဖွဲ့စည်းတည်ထောင်သည်သူခေတ်သူအခါဖူးပွင့်ကျော်ကြားလျက်ရှိသောသူတော်ကောင်းအဖူးအပွင့်တို့ကိုစုစည်းစေပြီးသူ့ခေတ်သူ့အခါလူ့ကမ္ဘာအတွက်အတုယူစံထားဖွယ်အပြုအင်အားစုဖြစ်ခဲ့သည်။

ယနေ့ကက်သလစ်သာသနာသည်လူသားများအလယ်၌ဝိညာဉ်ပိုင်းဆိုင်ရာ အင်အားစုအဖြစ်ရပ်တည်ရှင်သန်နေပါသည်။လူသားအားလုံးတို့၏မျှော်လင့်ခံစားချက်များကိုကက်သလစ်ဘာသာဝင်များက တစ်သားတည်းခံယူကြပါသည်။ကက်သလစ်ဘာသာဝင်များအလယ်၌တဆေးအဖြစ်လည်းကောင်း၊အလင်းရောင်ခြည်အဖြစ်လည်းကောင်း၊ဘက်သေခံ ရှင်သန်နေကြပါသည်။ခရစ်တော်ယေဇူး၏သတင်းကောင်းအားဖြင့် ကျွန်ုပ်တို့ကမ္ဘာမြေဖွံ့ဖြိုးတိုးတက်ရန်ရှေ့တန်းမှပါဝင်လုပ်ဆောင်နေကြသည်။

ဒုတိယဗာတီကန်ညီလာခံမှ ကက်သလစ်ဘာသာဝင်များအားတိုက်တွန်းနှိုးဆော်ခဲ့ပါသည်။လူလောကမှာ ကျွန်ုပ်တို့က လူလောကနှင့်ဘာသာတရားလောကဟူ၍သီးသန့်အကျိုးဆောင်လျက်ပါသည်ဘာသာတရားဆိုသည်မှာကိုးကွယ်သောဘာသာထုံးဓလေ့များကိုစောင့်ထိန်းရန်ဘာသာ သာသနာတိုင်းကတာဝန်ပေးပြဌာန်းမိန့်ကြားပါသည်။ကက်သလစ်ဘာသာ သာသနာကနိုင်ငံဥပဒေအားလုံးကိုလည်းကောင်း၊လူမျိုးထုံးဓလေ့အားလုံးကိုလည်းကောင်း လေးစားစောင့်ထိန်းရန်မှာကြားပါသည်။

ကျွန်ုပ်တို့ကက်သလစ်ဘာသာဝင်များက လောကီလောကုတ္တရာဟူ၍နှစ်နိုင်ငံ နှစ်ဌာနကိုအကျိုးဆောင်ရပါသည်။နှစ်ဌာနလုံး၌ကျွန်ုပ်တို့ကလုပ်ပိုင်ခွင့်နှင့်တာဝန်ဝတ္တရားရှိပါသည်။ကျွန်ုပ်တို့ကလုပ်ပိုင်ခွင့်နှင့်တာဝန်ဝတ္တရားများကိုကြည်လင်စွာသိမှတ်လျှင်ပြဿနာမရှိပါ၊ကျွန်ုပ်တို့၏ဘာသာတရားတောင့်တင်းကြံ့ခိုင်စွာတာဝန်ပေးသောကြောင့် ကျွန်ုပ်တို့ကလုံးဝရှောင်တိမ်းပိုင်ခွင့်မရှိပါ။သို့ဖြစ်၍ကျွန်ုပ်တို့ကိုယ်စီတာဝန်ကြောင့်နိုင်ငံလူမျိုးဖွံ့ဖြိုးရေးတာဝန်များကိုလက်တွဲညီညာဆောင်ရွက်ရန်အလေးအမြတ်ခံယူဆောင်ရွက်ပါသည်။

အိုင်ယာလန် နိုင်ငံမယ်တော့်တမန်တော်အသင်း၏လမ်းညွှန်ဦးဆောင်မှုဖြင့် ဓမ္မစစ်မျိုးချစ်လှုပ်ရှားမှုဟူ၍စတင်ပေါ်ပေါက်ခဲ့သည်။၁၉၆၀ ခုနှစ်မှစတင်လှုပ်ရှားခဲ့သော ဓမ္မစစ်မျိုးချစ်လှုပ်ရှားမှုကြောင့် မယ်တော့်တမန်တော်အသင်း၌အသိပညာနှင့်အတွေးအကြံရင့်ကျက်ဖွံ့ဖြိုးခဲ့ပါသည်။လူအင်အားကိုမဟုတ်ပဲဝိညာဉ်စွမ်းအားကိုအထူးဦးစားပေးသောကြောင့်အဆိုပါလှုပ်ရှားမှုသည်ကမ္ဘာနှင့်အဝှမ်းယနေ့တိုင်စွမ်းဆောင်လျှက်ရှိပါသည်လူဆိုသည်မှာလောကီသားဖြစ်သည့်အလျောက်ရုပ်လောကနှင့်လုံးဝလွတ်ကင်းနိုင်စွမ်းမရှိပါ။

ဤအချက်ကိုမယ်တော့်တမန်တော်အသင်းက အပြည့်အဝအားပေးထောက်ခံသည့်ဒုတိယဗာတီကန်ညီလာခံ၏အမိန့်စာ၌ဖော်ပြပါရှိသောအလေးအနက်လေ့လာမှတ်သားပြီးလက်တွေ့ဖော်ဆောင်ရန်ကြိုးစားနေပါသည်။(Father Thomas P.O' Flynn C.M.,a farmer Spiritual Diroctar of Concilium Legionis Maries)

## (၄)"ဘာသာတရားအတွက်စွန့်စားခြင်း"

ယနေ့ကမ္ဘာတွင် ဘာသာတရားနှင့်စပ်လျဉ်း၍အဖျက်အမှောင့်မြောက်များစွာတည်ရှိနေပါသည်။လောကီရေးကိုသာရှုမြင်ပြီးဘာသာတရားတို့ကိုနှောင့်ယှက်၊ဖျက်ဆီးသူအင်အားစုများကစနစ်တကျစီမံညွှန်ကြားလျက်ပါသည်။ဝါဒဖြန့်လှုပ်ရှားနေကြသည်။

သူတို့၏လှုပ်ရှားမှုတို့သည်တနေ့တခြားပိုမိုကြီးထွားလာပြီး ကမ္ဘာနှင့်အဝှမ်းပျံ့နှံ့နေပါသည်။အဖျက်အင်အားစုများက အလွန်ကြောက်မက်ဖွယ်ကောင်းပါသည်။လူအင်အားကို ရှုလျှင်မယ်တော့်တမန်တော်အသင်းကလက်တစုပ်စာမျှသာရှိသည်။သို့သော်မယ်တော့်တမန်တော်အသင်းသည် တန်ခိုးဩဇာကြီးမားသော ကညာတော်မာရီယားကိုစိတ်အားထက်သန်စွာ သဒ္ဓါကြည်ညိုသော ပုဂ္ဂိုလ်များဖြင့်ဖွဲ့စည်းတည်ဆောက်ထားပါသည်။ထို့အပြင် မယ်တော့်တမန်တော်အသင်းသည် အလွန်ထက်မြက်ပြီးစွမ်းအာနိသင်ပြည့်ဝသော ဝိနိသာယနှင့်လုပ်နည်းလုပ်ထုံးများကို ကိုင်ဆောင်ကျင့်သုံးနေပါသည်။မယ်တော်မာရီယားဆိုခဲ့သည့်အတိုင်းကြီးမြတ်သောအရှင်ဘုရားက ကျွန်ုပ်တို့ကိုလပ်စွဲပြုလျက်၊အလွန်ကြီးမြတ်သောအရာတို့ကိုဖြစ်မြောက်စေလိမ့်မည်ဟု ကျွန်ုပ်တို့ယုံကြည်အားထားပါသည်။

ကျွန်ုပ်တို့အရှင် ခရစ်တော်ယေဇူးအားဆန့်ကျင်သူအင်အားစုများနှင့် မယ်တော့်တမန်တော်အသင်းတို့အကြားရည်မှန်းချက်ပန်းတိုင်ထားရှိမှုတခြားစီဖြစ်သည်။မာရီယားတမန်တော်အသင်းကထာဝရဘုရားနှင့်ဘာသာတရားကောင်းချီးသုခ ကိုလူပုဂ္ဂိုလ်တိုင်းခံယူရရှိရန်မာရီယားတမန်တော်အင်အားစုက ကြိုးစားစွမ်းဆောင်နေပါသည်။အဖျက်အမှောင့်အင်အားစုများကဘုရားတရားကိုဖျောက်ဖျက်ရန်ကြိုးစားနေကြသည်။

အဖျက်အမှောင့် ရန်မျိုးစုံအလယ်၌စည်းစနစ်ကျစွာဖြင့်မယ်တော့်တမန်တော်အသင်းကိုတည်ထောင်လှုပ်ရှားခဲ့ခြင်းမဟုတ်ပါ၊လူပုဂ္ဂိုလ်အချို့တို့က စားပွဲဝိုင်းဖွဲ့ပြီးမယ်တော်ဆင်းတုတော်ကိုဝန်းရံလျက"ကျွန်ုပ်တို့အားညွှန်ကြားပါ"ဟုအလွန်ရိုးစင်းစွာပန်ကြားကြသည်။မယ်တော်မာရီယားနှင့်တစ်သားတည်းခံယူလျှက် ဒူဗလင်မြို့ရှိဆေးရုံကြီးတစ်ခုသို့သွားရောက်လည်ပတ်ကြသည်။

ကမ္ဘာ့သမိုင်းတလျှောက် နိုင်ငံရေးဒဿန စနစ်မျိုးပေါင်းများစွာထွန်းကါးခဲ့သည်။အချို့တို့ကဘာသာတရားကိုခုတုံးလုပ်ခဲ့ပါသည်။အချို့တို့ကဘာသာတရားကိုလျစ်လျူရှုကျောခိုင်းခဲ့သည်။အချို့တို့ကဘာသာတရားမှန်သမျှကိုဆန့်ကျင်တိုက်ဖျက်ခဲ့သည်။လောကီဆန်ပြီးအဆန်မပါဟောင်းလောင်းဆန်ခဲ့သည်။လောကဓါတ်တရား၏တန်ခိုးကြီးသောနိယာမတစ်ပါးကိုပြင်သစ်နိုင်ငံ (Cwe of Ars)ခေါ်တာဝန်ခံဘုန်းတော်ကြီးဇွင်မာရီဗီယန်နေက (Jean Marie Vianney) ဖေါ်ပြဟောကြားခဲ့ပါသည်။"ဤလူ့ကမ္ဘာကို အချစ်မြတ်နိုးဆုံးပုဂ္ဂိုလ်၊ထိုချစ်မြတ်နိုးမှုကိုအထောက်အထားခိုင်လုံစွာပြသသောပုဂ္ဂိုလ်သာလျှင်ကမ္ဘာမြေကိုစိုးပိုင်လိမ့်မည်။"

ခရစ်တော်ယေဇူးက ကျွန်ုပ်တို့လူသားများကိုလွန်စွာချစ်မြတ်နိုးသောကြောင့်၊ကျွန်ုပ်တို့လူသားများအတွက်မိမိ၏ရုပ်ခန္ဓာတော်ကိုစတေးခံပူဇော်ခဲ့သည်။"ခမည်းတော်ဘုရားက ငါ့အားချစ်သည့်နည်းတူသင်တို့ကိုငါချစ်မြတ်နိုးခဲ့ပြီ၊သင်တို့အချင်းချင်းချစ်ကြလော့၊ဤသည်ပင်ငါ၏ပညတ်သစ်ဖြစ်၏"ဟုမိန့်တော်မူ၏ကက်သလစ်သာသနာကယေဇူး၏ကယ်တင်ခြင်းသတင်းတော်မြတ်ကိုကမ္ဘာအလည်၌ယနေ့တိုင်သက်သေခံရှင်သန်နေပါသည်။အလွန်ထက်မြက်သောသက်သေခံမှုဖြစ်သောကြောင့်ခရစ်ယန်သမိုင်းဦးကါလမှစ၍ယနေ့တိုင် ခရစ်ယန်တို့၏နေထိုင်ကျင့်ဆောက်တည်မှုပုံစံကိုအများတို့ကအားပေးထောက်ခံကြပါသည်။မရေအတွက်နိုင်သောခရစ်ယန်ဘာသာဝင်များကသယ်ပိုးဆောင်ရွက်လျက်ရှိပါသည်။သာသနာ့အာဇာနည်တို့ကို (Martyrs) ဟုပလ္လင်တင်ကြည်ညိုထားပါသည်။